ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်၊ သောကြာနေ့ (28-3-2014) (၇၇၉၈)

ထူးခြားသည့် နေ့အမှုချိန်များ

ချောက်
၄၁ ဒီဂရီစင်တီဂရိတ်
မင်းဘူး
၄၁ ဒီဂရီစင်တီဂရိတ်
အောင်လံ
၄၁ ဒီဂရီစင်တီဂရိတ်

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

တပ်မတော်သည် မျိုးချစ်စိတ်အခြေခံပြီး ပြည်သူကြားမှပေါက်ဖွားလာသည့် ပြည်ထောင်စုတပ်မတော်ဖြစ် တပ်မတော်အနေဖြင့် ဒီမိုကရေစီစနစ်ဖော်ဆောင်ရေး ခိုင်ခိုင်မာမာ ဆက်လက်ဆောင်ရွက်သွားမည်

နေပြည်တော် မတ် ၂၇

၂၀၁၄ ခုနှစ် (၆၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ရေးပြကွင်းကြီး၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသရေစည်သူမင်းအောင်လှိုင် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါ စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးသရေစည်သူလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင်သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးဇေယျကျော်ထင်ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီရိပျံ့ချိရာပြည့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ မီးသတ်ဦးစီးဌာနမှ အရာရှိကြီးများ၊ ကြက်ခြေနီတပ်ဖွဲ့မှ အရာရှိကြီးများ၊

> ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက်၊ ပါတီတစ်ခုအတွက်၊ တပ်မတော်အတွက် ရေးဆွဲပြဋ္ဌာန်းပေးခဲ့ခြင်းမဟုတ်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

မိန့်ခွန်းပြောကြား

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် (၆၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

(မြဝတီ)

မြန်မာ့မြေမှ တောင်တန်းများ

ရေး » သီသီမင်း
ဓာတ်ပုံ » အောင်မြင့်မြတ်(သဘာဝခေါ်သံ)

မြန်မာနိုင်ငံသည် သဘာဝအတိုင်းဖြစ်ပေါ်နေသော ရေ၊ မြေ၊ တောတောင် သဘာဝအလှအပများ၊ သယံဇာတများနှင့် လူတို့ဖန်တီးထားခဲ့သည့် ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများ၊ အနုပညာအမွေအနှစ်များဖြင့် ကမ္ဘာ့အလယ်တွင် တင့်တယ်လျက်ရှိပြီး ကမ္ဘာလှည့်ခရီးသွားတို့အား ဆွဲဆောင်လျက်ရှိသည်။ နိုင်ငံတကာခရီးသွားလာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ အသွားသင့်ဆုံး ကမ္ဘာ့နေရာများစာရင်းတွင် မြန်မာနိုင်ငံသည် သုံးနှစ်ဆက်တိုက် ထိပ်ဆုံးမှပါဝင်ခဲ့သည်။ တောင်ကုန်း၊ တောင်တန်းများ ပေါကြွယ်ဝလှသည့် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ရေခဲတောင်အများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်နေခြင်းသည် နိုင်ငံ၏ ဂုဏ်ယူဖွယ်ရာ ပြယုဂ်တစ်ခုပင် ဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများတွင် အမြင့်ဆုံးတောင်ထွတ်ဖြစ်သော မြန်မာနိုင်ငံ ကချင်ပြည်နယ်ရှိ ခါကာဘိုရာဇီရေခဲတောင်သည် အမြင့်ပေပေါင်း ၁၉၂၉၆ ပေရှိပြီး ၁၉၉၆ခုနှစ်က ဂျပန်-မြန်မာချစ်ကြည်ရေးတောင်တက်အဖွဲ့မှ ဂျပန်လူမျိုး အိုဇာကီနှင့် တိဘက်လူမျိုး (မြန်မာနိုင်ငံသား) နမားဂျွန်ဆင်တို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည်။ ဒုတိယအမြင့်ဆုံးဖြစ်သော ဂန်လမ်ရာဇီတောင်နှင့် မြစ်ကြီးနားခရိုင်အတွင်းရှိ အီမောဘွန်းရေခဲတောင်တို့ကို တောင်တက်သမားတို့ တက်ရောက်နိုင်ခဲ့ကြပြီဖြစ်သည်။ လွန်ခဲ့သောနှစ်များက လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသော ဖုန်ကန်ရာဇီတောင်သို့ သွားရာလမ်းကြောင်းသည် သက်ဆိုင်ရာက လမ်းပန်းဆက်သွယ်ရေးနှင့် ချောင်းကူးတံတားများကို တိုးချဲ့ပြုပြင်ပေးခဲ့ရာ ယခုအခါ ကမ္ဘာလှည့်ခရီးသည်များ၊ ပြည်တွင်းပြည်ပခရီးသွားများ ရုပ်ရှင်ဗီဒီယိုအဖွဲ့များ အသွားအလာ များပြားလာပြီဖြစ်သည်။

နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ နယ်နိမိတ် သတ်မှတ်ရာတွင် မြစ်၊ ချောင်း၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ◯

ကြေးမုံစာတည်းရှုထောင့် ၂၈-၃-၂၀၁၄၊ သောကြာနေ့

လျှပ်စစ်စွမ်းအင်ပြည့်ဝစွာရရှိရေး

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၄၃၄၆ ရွာရှိသည့်အနက် လျှပ်စစ်ဓာတ်အားရရှိရန် ကျေးရွာပေါင်းလေးသောင်းကျော်ရှိနေသေးသည်။ နှစ်သောင်းကျော်ကို ၂၀၁၅ ခုနှစ် မကုန်မီ လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရန် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရန် ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိလိုအပ်နေဆဲ လျှပ်စစ်ဓာတ်အားအပြင် နှစ်စဉ်တိုးပွားလိုအပ်နှုန်းများသည် ၂၀၃၀ ပြည့်နှစ်အရောက်တွင် အားလုံးပြေလည်၍အပြည့်အဝဖြစ်စေရေးကမ္ဘာ့ဘဏ်က ကူညီဆောင်ရွက်ပေးလျက်ရှိနေသည်။ စနစ်တကျကွင်းဆင်းလေ့လာစီမံချက်ရေးဆွဲ လုပ်ကိုင်နေခြင်းဖြစ်ရာ သတ်မှတ်ကာလအတွင်းလျှပ်စစ်မီးအပြည့်အဝရရှိလာမည်မှာသေချာသည်။

လျှပ်စစ်စွမ်းအင်လိုအပ်ချက်သည် ကမ္ဘာနှင့်အဝှမ်းဂယက်ရိုက်နေဆဲပြဿနာတစ်ရပ်ဖြစ်သည်။ ကမ္ဘာတွင် လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်မရသေးသူ သန်းပေါင်း ၁၃၀၀ကျော်ရှိနေသည်။ လူခြောက်ဦးလျှင် တစ်ဦးနှုန်း အမှောင်ထဲမှာ ဖြစ်သလိုအလင်းရောင်နှင့်နေရဆဲ။ ကမ္ဘာ့ဖွံ့ဖြိုးဆဲဒေသများတွင် လူဦးရေတိုးပွားလာမှု၊ စီးပွားရေးလုပ်ငန်းများကျယ်ပြန့်လာမှုနှင့်အတူ စွမ်းအင်လိုအပ်ချက်များလည်း မြင့်တက်လာနေရာ လာမည့်ဆယ်စုနှစ်များအတွင်း ကမ္ဘာတစ်ဝန်းစွမ်းအင်လိုအပ်ချက် ပိုမိုမြင့်တက်လာပြီး အကျပ်အတည်းဖြစ်လာနိုင်ကြောင်း ကုလသမဂ္ဂအစီရင်ခံစာတွင် ဖော်ပြထားသည်။

လျှပ်စစ်စွမ်းအင်ရရှိရေးအတွက် ရေစွမ်းအင်၊ လေစွမ်းအင်၊ နေစွမ်းအင်တို့အပြင် ရုပ်ကြွင်းလောင်စာစွမ်းအင်များ၊ နည်းပညာ အဆင့်မြင့်စွမ်းအင်များမှ ထုတ်ယူသုံးစွဲလျက်ရှိနေကြသည်။ ရေမှလျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲမှုတွင် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်များ ပျက်ယွင်းမှုနှင့်ကြုံတွေ့နေရသည်။ လတ်တလော သတင်းတစ်ပုဒ်မှာ အကြီးဆုံးရေအားလျှပ်စစ်စီမံကိန်းကို ချီလီအစိုးရက ပြန်လည်သုံးသပ်လာနေရခြင်းဖြစ်သည်။ ချီလီနိုင်ငံတောင်ပိုင်း ပန်သာဂိုနီယာတောင်တန်းမှ စီးဆင်းလာသော မြစ်များကိုပိတ်ဆယ်ကာ ဆည်တည်ဆောက်လျှင် အလွန်သာယာလှသည့် ဒေသပျက်စီးစေမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒီများက ထောက်ပြရာ ချီလီပြည်သူများကလည်း ဆန့်ကျင်ကန့်ကွက်လာသည်။ ချီလီသမ္မတကလည်း ပြည်သူ့အသံကို နားထောင်ကာ အဆိုပါ စီမံကိန်းမှာရှေ့ဆက်ဖွယ်မရှိဟုဆိုလာသည်။ လွန်ခဲ့သောနှစ်က ဧရာဝတီဖြစ်စဉ်ကို သတိရစေပါသည်။ လျှပ်စစ်စွမ်းအင်ရရှိရေးထက် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို တန်ဖိုးထားကြသူများ ပေါ်လာသည်။

ကမ္ဘာနှင့်အဝှမ်းမလုံမလောက်သုံးစွဲနေရဆဲ။ လျှပ်စစ်ဓာတ်အားလည်းမရသေး၍ မသုံးစွဲနိုင်သေးဟုဖြေသာသေးလည်း သုံးစွဲနေပါလျက် လျှပ်စစ်ပြတ်တောက်သွားခြင်းများ၊ လျှပ်စစ်ပျောက်ဆုံးအလေအလွင့်ဖြစ်သွားမှုများသည် မဖြစ်သင့်သော ကိစ္စရပ်များဖြစ်သည်။ အထူးသဖြင့် စက်မှုဇုန်များနှင့် မဟာရန်ကုန်၊ တစ်နိုင်ငံလုံးလူဦးရေ၏ ၁၀ ရာခိုင်နှုန်းကျော် လူဦးရေခြောက်သန်းမက စုပြုံနေထိုင်ရာ မဟာရန်ကုန်တွင် ဤအဖြစ်မျိုးအမြဲလိုလိုကြုံတွေ့နေရသည်။ ထိုသို့ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုသည် တစ် နိုင်ငံလုံးတွင် ၂၀ ရာခိုင်နှုန်းရှိနေပြီး ရန်ကုန်မြို့တွင် ၁၇ ရာခိုင်နှုန်း အထိရှိ နေသည်။

ယခုအခါ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) နှင့်လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပူးပေါင်းကာ အမေရိကန်ဒေါ်လာ ၂၁၄ သန်းကျော်ကုန်ကျမည့် ရန်ကုန်မြို့လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျှော့ချရေး စီမံကိန်းရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသည်။

တစ်ဖက်တွင်လည်း မီးပျက်ချိန်များတွင် အရေးပေါ်သုံးနိုင်ဖို့ရည်ရွယ်လျက် ဂျပန်ယန်းငွေသန်း ၈၀၀ အကုန်အကျခံတည်ဆောက်ပေးထားသည့် ၁၃ မဂ္ဂါဝပ်ဒီဇယ်ဓာတ်အားပေးစက်ရုံကို သာကေတတွင်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ စီးပွားရေးမြို့တော်ရန်ကုန်အတွက် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုလျော့နည်းသွားအောင် ဆောင်ရွက်နေပြီဖြစ်သလို လျှပ်စစ်မီးပြတ်တောက်သွားလျှင်လည်း အရေးပေါ်ဖြည့်ဆည်းပေးနိုင်ဖို့ စီမံဆောင်ရွက်ထားရှိပြီးဖြစ်ရာ နိုင်ငံ၏ကုန်ထုတ်စွမ်းအားမြင့်မားရေးတွင် ကြီးစွာအထောက်အကူဖြစ်စေမည်မှန်ပါသည်။

စီးပွားရေးမြို့တော်ရန်ကုန်တိုင်းဒေသကြီးကို မြို့နယ်ပေါင်း ၄၄မြို့နယ်နှင့် ကျေးရွာပေါင်းလေးထောင်ကျော်ဖြင့် ဖွဲ့စည်းထားသည်။ သို့သော်ကျေးရွာတိုင်းလျှပ်စစ်မီးမရနိုင်သေး။ လက်ရှိတွင် လှော်ကားရှိ ၂၆ မဂ္ဂါဝပ်ဓာတ်အားခွဲရုံ၊ ရွာမ ၅၀ မဂ္ဂါဝပ်၊သာကေတ ၅၀ မဂ္ဂါဝပ်နှင့် အလုံ ၁၂၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ် အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်လည်ပတ်နေပြီဖြစ်ရာ ကျန်ရှိသော ရွာ၁၅၀၀သည်လည်း မကြာမီ အမှောင်ခွင်း၍ အလင်းဆောင်လာနိုင်တော့မည်။

တစ်နိုင်ငံလုံးလျှပ်စစ်မီးပြည့်ဝစွာ ရရှိရေးတွင် ဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်အပါအဝင် အလှူရှင်များက ၂၀၃၀ ပြည့်ကို မျှော်မှန်းချက်ထားရှိဆောင်ရွက်လျက်ရှိနေရာဒေသခံများဘက်ကလည်း လိုအပ်သလို ဝိုင်းဝန်းအကောင်အထည်ဖော်သွားကြရမည်ဖြစ်ပါကြောင်း။ ။

မြောင်းမြမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ သန်းခေါင်စာရင်းဆိုင်ရာများရှင်းလင်းပြောကြား

နေပြည်တော် မတ် ၂၇

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် မတ် ၂၄ ရက် မွန်းလွဲ၂ နာရီခွဲက မြောင်းမြမြို့နယ် တောင်ပေါ်စုကျေးရွာသို့ရောက်ရှိပြီး ကျေးရွာတွဲဖက်အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ သန်းခေါင်စာရင်းကော်မတီဝင်များ၊ အထောက်အကူပြု အဖွဲ့ဝင်များ၊ စာရင်းစစ်၊ စာရင်းကောက်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်း အကြောင်းနှင့် သန်းခေါင်စာရင်းမေးခွန်းများ အပေါ် ပြည်သူများသိရှိနားလည်မှု အခြေအနေများကို မေးမြန်းဆွေးနွေးပြီး ပြန်လည်ဖြေကြားနိုင်သူများအား သန်းခေါင်စာရင်း အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထိုမှတစ်ဆင့် မြောင်းမြမြို့နယ် ကုန်းသာကျေးရွာအခြေခံပညာမူလတန်းကျောင်းသို့ရောက်ရှိပြီး ဒေသခံပြည်သူများအားရင်းရင်းနှီးနှီး တွေ့ဆုံကာ သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြား၍ စာရင်းစစ်၊ စာရင်းကောက် ဆရာမများက သန်းခေါင်စာရင်းမေးခွန်းများနှင့် ပတ်သက်၍ ပြည်သူများအား နမူနာမေးမြန်းဖြေကြားမှုကို ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ညနေပိုင်းတွင် မြောင်းမြမြို့ ခရိုင်ဧည့်ရိပ်သာ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြောင်းမြနှင့်လပွတ္တာခရိုင်ဦးစီးဌာနမှူးရုံးတို့နှင့် ခရိုင်အတွင်းရှိမြို့နယ်ဦးစီးဌာနမှူးရုံးများမှ ဝန်ထမ်းများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတင်းရယူမည့် မီဒီယာများအတွက် အသိပေးခြင်း

နေပြည်တော် မတ် ၂၇

(၁၁)ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို နေပြည်တော်၌ ဧပြီ ၂ ရက်မှ ၄ ရက်အထိကျင်းပပြုလုပ်မည်ဖြစ်သဖြင့် မတ် ၁၅ ရက်မှ ၂၇ ရက်အတွင်း မီဒီယာမှတ်ပုံတင်ဆောင်ရွက်နိုင်ရေးအတွက် အသိပေးဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ယခုအခါ (၁၁)ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီအစည်းအဝေးနှင့် သတင်းစာရှင်းလင်းပွဲကို ဧပြီ ၄ ရက်တွင်သာ ကျင်းပပြုလုပ်မည်ဖြစ်ရာ မှတ်ပုံတင်စာရင်းပေးသွင်းပြီးသော မီဒီယာများအနေဖြင့် သတင်းရယူနိုင်ရေးအတွက် ယင်းနေ့ နံနက်ပိုင်း အစီအစဉ်များမစတင်မီ နိုင်ငံတော်ဧည့်ဂေဟာနယ်မြေရှိ Grand Amara Hotel ၌ ဝင်၊ထွက်ခွင့်ကတ်များ ထုတ်ပေးသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်ပွဲကျင်းပမည်

နေပြည်တော် မတ် ၂၇

၂၀၁၃ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် ဝတ္ထုတို၊ ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲများ ကျင်းပခဲ့ရာ ဝတ္ထုတို ၄၁ ပုဒ်၊ ဆောင်းပါး ၇၅ ပုဒ်နှင့် ဓာတ်ပုံ ၁၆၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကာ ဝတ္ထုတိုပြိုင်ပွဲတွင် မြနှင်းဝေအောင်က ပွင့်သောပန်းတိုင်းလန်းပါစေဖြင့် ပထမ၊ မောင်မောင်လွင်(ရွှေဘိုသား)က မြုနှင်းတို့နှင့် အပြိုင်ဖြင့် ဒုတိယ၊ တိမ်ပျံ့ဝင်းလက်က ပန်းခင်းသောအနာဂတ်ဖြင့် တတိယ၊ ခင်လပြည့်ဝန်းနှင့် ကျော်ဖြိုးလွင်တို့က နှစ်သိမ့်ဆု၊ ဆောင်းပါးပြိုင်ပွဲတွင် ခင်တင့်ဝေ(မြို့တော်စည်ပင်)က လူထုအားကစားအလေးထား စွမ်းအင်မြင့်မားနိုင်ငံ့အားဖြင့် ပထမ၊ မောင်မောင်မိုးအောင်က ကျန်းမာကြံ့ခိုင်သောပြည်သူလူထုနှင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ဖြင့် ဒုတိယ၊ ဒေါက်တာဆန်းဝင်းက ကျန်းမာကြံ့ခိုင်ပြည့်မဏ္ဍိုင်၊ နိုင်ငံသားတိုင်းပါဝင်ကြ လူထုအားကစားလဖြင့် တတိယ၊ မောင်နွယ်သန်းနှင့် မိခင်သန်းကြည်တို့က နှစ်သိမ့်ဆု၊ဓာတ်ပုံပြိုင်ပွဲတွင် ဦးကျော်ခိုင်က ပထမ၊ အောင်ကျော်ထွန်း(ပုသိမ်ကြီး)က ဒုတိယ၊ ထက်သူ(ရွှေကျောင်းကြီး)က တတိယ၊ မျိုးမင်းကြွယ်နှင့်ယမင်းဝင်းလှိုင်တို့က နှစ်သိမ့်ဆုရရှိခဲ့ကြသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၄ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများ မပျက်မကွက်တက်ရောက်ကြရန် အားကစားဝန်ကြီးဌာနက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးလက်လမ်းကျောက်ချောခင်း

ဘားအံ မတ် ၂၇

ကရင်ပြည်နယ် ဘားအံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဌေးမိသားစုကုမ္ပဏီက ဘားအံမြို့နယ်အတွင်း လှာကပြင်-နောင်ကမြိုင်လမ်းအရှည်(၂/၄)မိုင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ကျေးလက်ဦးစီး)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီးတို့က (၆၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မတ် ၂၇

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၁၄ ခုနှစ် (၆၉)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဥပစာရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ ဂုဏ်ပြုညစာစားပွဲ စတင်ကျင်းပချိန်တွင် (၆၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် ၂၀၁၄ ခုနှစ် တပ်မတော်နေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပသည့် ဇေယျာသီရိဗိမာန် ဥပစာရင်ပြင်သို့ ည ၇ နာရီတွင် ရောက်ရှိလာပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး သရေစည်သူ လှဋ္ဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သူရသက်ဆွေနှင့် ဇနီး ဒေါ်ဝေမာမာထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ခင်အောင်မြင့်နှင့် ဇနီး ဒေါ်အေးအေးသန်းတို့နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ မီးသတ်ဦးစီးဌာနမှ အရာရှိကြီးများ၊ ကြက်ခြေနီတပ်ဖွဲ့မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်ကျောင်းဆရာများနှင့် ကျောင်းသားများ၊ နယ်ခြားစောင့်တပ်များ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့များ၊ အနုပညာရှင်များ ဖိတ်ကြားထားသူများနှင့် တပ်မတော်အငြိမ်းစား အရာရှိကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**

(၆၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ မြဝတီတေးဂီတအဖွဲ့က တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဇေယျာသီရိဗိမာန် သဘင်ဆောင်ခန်းမ၌ မြဝတီအငြိမ့်အဖွဲ့နှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများမှ စစ်သည်၊ စစ်သမီးများက ယဉ်ကျေးမှုအကပဒေသာများဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

သံယောဇဉ်အနားနှလုံးသားဗဟိုဇာတ်ကားနှင့် ကြယ်စင်မော်ကွန်းရုပ်ရှင်ဇာတ်ကားတို့တွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များနှင့် စစ်ချီတေး၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

နေပြည်တော် မတ် ၂၇

တပ်မတော်ဂုဏ်ပြုဇာတ်လမ်းများဖြစ်သည့် သံယောဇဉ်အနား နှလုံးသားဗဟိုဇာတ်လမ်းနှင့် ကြယ်စင်မော်ကွန်း ရုပ်ရှင်ဇာတ်လမ်းတို့တွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် စစ်ချီတေး၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပွဲကို ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သရေစည်သူလှဋ္ဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ သံယောဇဉ်အနားနှလုံးသားဗဟို ဇာတ်ကားနှင့် ကြယ်စင်မော်ကွန်းရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီတေး၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထု စာမူဆုရရှိသူ စာပေပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး သရေစည်သူ လှဋ္ဌေးဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တပ်မတော်ဂုဏ်ပြု သံယောဇဉ်အနားနှလုံးသားဗဟို ဇာတ်ကားတွင် ပါဝင်ခဲ့သည့် အုပ်ချုပ်သူ ဗိုလ်မှူးကြီးဇင်မင်းထက်၊ ရိုက်ကူးရေးတာဝန်ခံအရာရှိ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦး၊ ဝတ္ထုဇာတ်ညွှန်းဗိုလ်ကြီး တင်အောင်စိုး၊ ဒါရိုက်တာဦးမီးပွား၊ သရုပ်ဆောင် နိုင်းနိုင်း၊ စူးရှ၊ အေးမြတ်သူ၊ အိချောပို၊ အကယ်ဒမီ အောင်ခိုင်၊ ဦးအောင်ဇော်၊ အကယ်ဒမီ ယွန်းယွန်းနှင့် ပိစိကွေး၊ ကြယ်စင်မော်ကွန်းရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ခဲ့သည့် ဒါရိုက်တာ ပန်းချီစိုးမိုး၊ ဝတ္ထုဇာတ်ညွှန်းဗိုလ်ကြီး တင်အောင်စိုး၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ လူမင်း၊ အကယ်ဒမီ ဝေဠုကျော်၊ အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ အောင်ခိုင်၊ စိုးရန်အောင်၊ ရိုက်ကူးရေးတာဝန်ခံ ဗိုလ်မှူးကြီး ခင်မောင်ချို၊ ဗိုလ်မှူးကြီး အောင်သီဟ၊ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦးတို့အား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ ခင်ဇော်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်သည်။**(ဝဲပုံ)**

ဇင်းနောက် (၆၉)နှစ်မြောက် တပ်မတော်နေ့ စစ်ချီတေး၊ စစ်သည်တေးသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော တေးရေး တပ်ကြပ်ကြီး ဖုန်းမြင့်၊ ဒုတိယဆုရရှိသော မိုးသစ်ဦး၊ တတိယဆုရရှိသော အောင်ဆန်းဝင်း၊ နှစ်သိမ့်ဆု ရရှိသော ဝေလင်း-သုခုမနှင့် ထင်ကျော်တို့အား လည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် ပထမဆုရရှိသောကလောင်ရှင် ဝင်းနွယ်(သစ်တော)၊ ဒုတိယဆုရရှိသော ချမ်းမြဆောင်း (ကလော)၊ တတိယဆုရရှိသော မြင့်(ရွှေဘို)၊ နှစ်သိမ့်ဆုရရှိသော ပုလောစိုးနှံ့သာနှင့် သန်းသန်းဦး (အောင်လံ)တို့အား လည်းကောင်း၊ ဝတ္ထုစာမူပြိုင်ပွဲတွင် ပထမဆုရရှိသော ကလောင်ရှင် ခြေလျင်စစ်သည် တစ်ဦး၊ ဒုတိယဆုရရှိသော ထက်ဝေအောင်(စစ်ကိုင်း)၊ တတိယဆုရရှိသော မောင်မောင်လွင်(ရွှေဘိုသား)၊ နှစ်သိမ့်ဆုရရှိသော သုန္ဒရ(မနောမြေ) နှင့် ဟန်စိုး(မြစ်ကျိုး)တို့အားလည်းကောင်း၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ ရာပြည့်က ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှတ်တရပစ္စည်းများ အသီးသီးပေးအပ်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲအပြီးတွင် အခမ်းအနားတက်ရောက်လာကြသူများအား လက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

စာအုပ်စာပေ လူ့မိတ်ဆွေ



စင်ကာပူနှင့် အိုကီနာဝါ တိုက်ရိုက်လေကြောင်းပျံသန်းမည်

စင်ကာပူ မတ် ၂၇

မတ် ၂၅ရက်တွင် စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်အုပ်စု နှင့် ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါပြည်နယ် အစိုးရတို့၏ သဘောတူညီမှုအရ ၎င်းဒေသနှစ်ခုအကြား တိုက်ရိုက်လေကြောင်းပျံသန်းမှုပြုလုပ်မည်ဖြစ်ကြောင်း၊ ဒေသဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် တိုက်ရိုက် လေကြောင်းဆက်သွယ်ရေးက အထောက်အကူပြုမည်ဖြစ်ကြောင်း မတ် ၂၇ ရက် ကျိုဒိုသတင်းတွင် ဖော်ပြသည်။

စင်ကာပူနှင့် အိုကီနာဝါပြည်နယ်အကြား လေယာဉ် ပျံသန်းချိန် ၁၀နာရီရှိပြီး တိုက်ရိုက်ပျံသန်းမှု ပြုလုပ်နိုင်မည်ဆိုပါက လေယာဉ်ပျံသန်းချိန်ကို ငါးနာရီအထိ လျှော့ချနိုင်မည်ဖြစ်ကြောင်း ချန်ဂီလေဆိပ်လုပ်ငန်း ဝန်ဆောင်မှု ကုမ္ပဏီက ပြောကြားသည်။

စင်ကာပူနှင့် အိုကီနာဝါပြည်နယ်အကြား လေကြောင်းတိုက်ရိုက်ပျံသန်းမှု တည်ထောင်နိုင်ခြင်းဖြင့် ဒေသတွင်းပြည်သူများ ကူးလူးဆက်ဆံမှုကို မြှင့်တင်ပေးနိုင်မည်ဟု မိမိတို့ မျှော်လင့်ကြောင်း အိုကီနာဝါပြည်နယ် အုပ်ချုပ်ရေးမှူး ဟီရိုကာဂူနာကီမာက ယင်းသဘောတူလက်မှတ်ရေးထိုးပွဲတွင် ပြောကြားသည်။ **ဘီဘီစီ။**

ပျောက်ဆုံးလေယာဉ်မှ ကျန်ရစ်သူမိသားစုများ မလေးရှားလေကြောင်းနှင့် ဘိုးအင်းကုမ္ပဏီတို့ကို တရားစွဲဆို

ကွာလာလမ်ပူ မတ် ၂၇

မလေးရှားလေကြောင်းဌာနမှ ခရီးစဉ်အမှတ် အမ်အိပ်ချ်-၃၇၀ ခရီးသည်တင်လေယာဉ် တစ်စင်းသည် ၁၉ ရက်ကြာ ပျောက်ဆုံးနေခဲ့ပြီးနောက် ယင်းလေယာဉ်ဖြင့် လိုက်ပါခဲ့သူများ၏ မိသားစုများက အဆိုပါ လေကြောင်းဌာနနှင့် ဘိုးအင်းလေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီတို့ကို တရားစွဲဆိုလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

တရားစွဲဆိုမှုစတင်

ပျောက်ဆုံးနေသော ဂျက်လေယာဉ်နှင့်အတူ လိုက်ပါခဲ့သော ခရီးသည်များ၏ မိသားစုများက မလေးရှားလေကြောင်းဌာနနှင့် ဘိုးအင်းကုမ္ပဏီတို့ကို အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့ရှိ ဥပဒေအကျိုးဆောင်ကုမ္ပဏီတစ်ခုမှတစ်ဆင့် တရားစွဲဆိုမှုစတင်ပြုလုပ်ခဲ့သည်။

အိန္ဒိယသမုဒ္ဒရာတောင်ပိုင်းသို့ ပျက်ကျခဲ့ဖွယ်ရှိသည့် လေယာဉ်နှင့်ပတ်သက်၍ ဒီဇိုင်းပုံစံထုတ်လုပ်ရာတွင်လည်းကောင်း၊ ထုတ်လုပ်ရာတွင် အပြစ်အနာအဆာများ ရှိသည်ဆိုသော အထောက်အထားများကို လွှဲပြောင်းပေးအပ်ရန် ရေဘက်ဥပဒေအကျိုးဆောင် ကုမ္ပဏီမှ ဥပဒေအကျိုးဆောင်များက ချီကာဂိုမြို့ရှိ ကွတ်စီရင်စု တရားရုံးထံ ဦးတိုက်လျှောက်ထားခဲ့သည်။

အဆိုပါ တရားစွဲဆိုမှုနှင့်ပတ်သက်၍ မလေးရှားလေကြောင်းဌာနကရော ဘိုးအင်းကုမ္ပဏီကပါ ချက်ချင်းဝေဖန်ပြောကြားခြင်း မရှိပေ။

ထိုစဉ်အတွင်း လေယာဉ်အပျက်အစီး အပိုင်းအစများကို ပြင်သစ်ဂြိုဟ်တုဓာတ်ပုံများတွင် ရှာဖွေတွေ့ရှိခဲ့ရပြီးနောက် အိန္ဒိယ သမုဒ္ဒရာအတွင်း လေယာဉ်ပျက်ရှာဖွေမှုကို မတ် ၂၆ ရက်တွင် ပြန်လည်ပြုလုပ်သည်။

တစ်ရက်ကြာမျှ လှိုင်းလေပြင်းထန်နေခဲ့ပြီးနောက် ရာသီဥတုအခြေအနေ ပြန်လည်ကောင်းမွန်လာရာ အမေရိကန်၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့မှ လေယာဉ် ၁၂ စင်းနှင့် ရေယာဉ်နှစ်စင်းတို့ဖြင့် ပင်လယ်ပြင်အတွင်း သဲလွန်စရှာဖွေမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဩစတြေးလျရေတပ်က ပြောကြားသည်။

ရိုက်တာ။

အာဏာသိမ်းရန် ကြံစည်မှုနှင့် ဆက်နွှယ်သည့် လေတပ်ဗိုလ်ချုပ်သုံးဦးအား ဗင်နီဇွဲလားတွင် ဖမ်းဆီး

ကာရာကတ်စ် မတ် ၂၇

လက်ယာအစွန်းရောက်ဂိုဏ်းများနှင့် ဆက်နွှယ်မှုရှိပြီး အာဏာသိမ်းရန် ကြံရွယ်လျက်ရှိသော လေတပ်ဗိုလ်ချုပ်သုံးဦးအား ထိန်းသိမ်းလိုက်ကြောင်း ဗင်နီဇွဲလားသမ္မတ မာဒူရိုက မတ် ၂၆ရက်တွင်ပြောကြားသည်ဟုဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယမန်နှစ် ဖေဖော်ဝါရီလအတွင်းကပင် ဖြစ်ပေါ်ခဲ့သော ဗင်နီဇွဲလားအစိုးရအား ဆန့်ကျင်ဆန္ဒပြသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုများ အဆုံးသတ်နိုင်ရေးအတွက် အကူအညီပေးရန် သမ္မတ မာဒူရိုက တောင်အမေရိကနိုင်ငံများ သမဂ္ဂ၏ အစည်းအဝေးတွင် တိုက်တွန်းခဲ့ပြီးနောက် လေတပ်ဗိုလ်ချုပ်များကို ထိန်းသိမ်းလိုက်ခြင်းဖြစ်သည်။

ဗင်နီဇွဲလား လေတပ်ဗိုလ်ချုပ်များကို မတ် ၂၄ ရက်ကတည်းကပင် ဖမ်းဆီးကာ စစ်ခုံရုံးတင်စစ်ဆေးမည်ဖြစ်ကြောင်း မာဒူရိုကပြောကြားသော်လည်း အသေးစိတ်အချက် အလက်များမပါရှိပေ။ **ဘီဘီစီ။**

အိုဘားမား လုံခြုံရေးအဖွဲ့ဝင်များ စည်းကမ်းဖောက်၍ အမေရိကန်ပြန်ပို့

အမ်စတာဒမ် မတ် ၂၇

နယ်သာလန်နိုင်ငံ၌ သမ္မတ ဘာရက်အိုဘားမားအား လုံခြုံရေးတာဝန်ယူသည့် အမေရိကန် လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့မှအေးဂျင့်သုံးဦးကို စည်းကမ်းဖောက်ဖျက်မှုကြောင့်အမေရိကန်ပြည်ထောင်စုသို့ ပြန်ပို့ခဲ့ကြောင်း ဗုဒ္ဓဟူးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အေးဂျင့်တစ်ဦးသည်အမ်စတာဒမ် ဟိုတယ်တစ်ခု၏စင်္ကြံလမ်းပေါ်တွင် အရက်မူးပြီးမေ့လဲနေသည်ကို တွေ့ခဲ့ရသည်ဟု ဝါရှင်တန်ပို့(စ်)သတင်းစာက ဖော်ပြသည်။

လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက အသေးစိတ်ပြောကြားရန် ငြင်းဆိုသော်လည်း အဆိုပါ သုံးဦးကို စုံစမ်းစစ်ဆေးမှု မတိုင်မီအတောအတွင်း လစာပြည့်ခွင့်ပေးထားသည်ဟုဆိုသည်။ **ဘီဘီစီ။**

အိုင်အမ်အက်(ဖ်)က ယူကရိန်းကို ဒေါ်လာ ၁၈ဘီလီယံချေးမည်

လန်ဒန် မတ် ၂၇

ယူကရိန်းနိုင်ငံ ကီယဗ်မြို့တော်၌ သီတင်းသုံးပတ်ကြာမျှ အဆောတလျင် ဆွေးနွေးပြီးနောက် ယူကရိန်းနိုင်ငံကို ချေးငွေ ဒေါ်လာ ၁၈ဘီလီယံအထိ ထောက်ပံ့ရန် သဘောတူခဲ့ကြောင်း နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)က ကြာသပတေးနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ယူကရိန်းသည် ယင်းချေးငွေများကို နှစ်နှစ်အတွင်း ရရှိမှာဖြစ်ပြီး နိုင်ငံ၏ကြွေးမြီများပေးဆပ်ရာ၌ အသုံးပြုမည် ဖြစ်သည်။

အဆိုပါသဘော တူညီချက်သည် နိုင်ငံသုံးငွေ တန်ဖိုး ကျစေရန် အရေးယူဆောင်ရွက်ခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ခြင်း၊ ကြိုးနီစနစ် ပယ်ဖျက်ခြင်းနှင့် ပြည်တွင်း သဘာဝ ဓာတ်ငွေ့သုံးစွဲခြင်းအပေါ် နိုင်ငံတော်က အထောက်အပံ့ ပေးခြင်းအား လျှော့ချခြင်းတို့အပေါ်တွင် တည်လျက်ရှိသည်။

စွမ်းအင် ထောက်ပံ့ရန်အတွက် ယူကရိန်းနိုင်ငံ ဂျီဒီပီ၏ ရှစ်ရာခိုင်နှုန်းကို သုံးစွဲခဲ့သည်။ ရုရှားနိုင်ငံကလည်း ယူကရိန်းနိုင်ငံသို့ တင်ပို့ပေးနေသောသဘာဝဓာတ်ငွေ့ဈေးနှုန်းကို ဧပြီ ၁ရက်မှစ၍ ဈေးနှုန်းမြှင့်တင်ရန် ရည်ရွယ်ကြောင်း ပြောကြားထားပြီး ဖြစ်သည်။

ယူကရိန်းနိုင်ငံသည်ရုရှားနိုင်ငံက ထောက်ပံ့သော သဘာဝဓာတ်ငွေ့ အပေါ် မှီခိုနေရပြီး ဂက်(စ်)ပရွန်ရေနံကုမ္ပဏီသို့ ဒေါ်လာ တစ်ဘီလီယံ ပေးဆပ်ရန် ရှိနေသည်။

လာမည့်လ၌ အိုင်အမ်အက်(ဖ်) ဘုတ်အဖွဲ့က အတည်ပြုပေးမည့် ၎င်းသဘောတူညီချက်သည် ယူကရိန်း အစိုးရသစ် ကြွေးမြီစည်းမျဉ်းများကို လိုက်နာရန် အခက်အခဲဖြစ်နေခြင်းအား ကျော်လွှားနိုင်ရန် ရည်ရွယ်သည်။

သမ္မတဟောင်း ဗစ်တာအက်ဖ်ယာနူ ကိုဗစ်ချ်အား ပြုတ်ကျ သွားစေသော လနှင့်ချီ၍ကြာမြင့်ခဲ့သည့် လူထုအုံကြွမှုကြောင့် နိုင်ငံတော်၏ ငွေမာစာရင်းမှာ သိသာစွာ လျော့နည်းလာခဲ့သည်။

အိုင်အမ်အက်(ဖ်)က ထုတ်ပြန်သော ကြေညာချက်တွင် အဆိုပါ နှစ်နှစ်ကြာချေးငွေ သဘောတူညီချက်သည် အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂတို့ထံမှ အပါအဝင် ချေးငွေများ ပိုမိုရရှိရန် လမ်းဖွင့်ပေးနိုင်မည်မျှော်လင့်ကြောင်း ဖော်ပြထားသည်။ နှစ်နှစ်တာကာလအတွင်း ချေးငွေစုစုပေါင်း ဒေါ်လာ ၂၇ဘီလီယံအထိ ရောက်ရှိနိုင်သည်ဟု ဆိုသည်။

ရိုက်တာ။

ယူဂန္ဒာ၌တောပုန်းကြီးတစ်ဦးအား ဖမ်းဆီးရမိရေး အမေရိကန်အထူးတပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်

ကမ်ပါလာ မတ် ၂၇

ယူဂန္ဒာနိုင်ငံ၌ တောပုန်းကြီးဂျိုးဆက်ကိုနီအား ဖမ်းဆီးရမိရေးအတွက် အမေရိကန်သမ္မတ ဘာရက်အိုဘားမား အစိုးရအဖွဲ့က နောက်ထပ်အထူးတပ်ဖွဲ့ဝင် ၁၅၀ခန့်နှင့် လေယာဉ်လေးစင်းတို့ကို သုံးစွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ရေးသားဖော်ပြသည်။

ဘုရားသခင်၏ခုခံရေးတပ်မတော်အမည်ရှိ သူပုန်အဖွဲ့၏ခေါင်းဆောင် ဂျိုးဆက်ကိုနီကိုဖမ်းဆီးရမိနိုင်ရန် နှစ်ပေါင်းကြာရှည်စွာ ကြိုးပမ်းအားထုတ်ခဲ့ကြသော်လည်း အချည်းနှီးသာဖြစ်ခဲ့သည်။ ကိုနီသည် အရှေ့အတိမ်းကောင်းမွန်သူဖြစ်ပြီး နာမည်ကျော်တောပုန်းကြီးအဖြစ် ဘုရားသခင်၏ ခုခံရေးတပ်မတော်အမည်ရှိ သူပုန်အဖွဲ့ကို ဦးဆောင်နေဆဲဖြစ်သည်။ ဘုရားသခင်၏ ခုခံရေးတပ်မတော်သူပုန်အဖွဲ့သည် ယူဂန္ဒာနိုင်ငံတွင်သာမက ဗဟိုအာဖရိကသမ္မတနိုင်ငံ၊ တောင်ဆူဒန်နှင့် ကွန်ဂိုနိုင်ငံတို့၏ နယ်စပ်ဒေသများတွင် လှည့်လည်သောင်းကျန်းနေသော သူပုန်အဖွဲ့ဖြစ်သည်။

နိုင်ငံတကာရာဇဝတ်ပြစ်မှုဆိုင်ရာခုံရုံးသည် အဆိုပါ သူပုန်ခေါင်းဆောင်ကို မျက်ကွယ်၌ စွဲချက်တင်ထားပြီ ဖြစ်သည်။ ရက်စက်မှုအပေါင်းသရဖူဆောင်းသော သူပုန်ခေါင်းဆောင် ကိုနီ၏တပ်ဖွဲ့ဝင်များသည် ကျေးရွာများ၌ ဓားပြတိုက်ခြင်း၊ ရွာသူရွာသားများကို ခြေပြတ်လက်ပြတ်ဖြစ်အောင် တိုက်ခိုက်ခြင်း၊ကလေးများကို ပြန်ပေးဆွဲခြင်းစသည့် ဒုစရိုက်မှုများကို ကျူးလွန်လျက်ရှိကြသည်။ **ပီတီအိုင်။**

ပြည်တွင်းရေးရာ

(၆၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသော စစ်ရေးပြတပ်ခွဲများအား ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် မတ် ၂၇

၂၀၁၄ ခုနှစ် (၆၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီ ၃၅ မိနစ်တွင် နေပြည်တော်ရှိ စုရပ်သစ်တပ်စစ်ရေးပြကွင်း၌ကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး သရေစည်သူလှဌေးဝင်း တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြီး သရေစည်သူလှဌေးဝင်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် မျိုးဇော်သိမ်းနှင့်စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့်မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များက အလေးပြုကြသည်။

ထို့နောက် (၆၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံ့ချီရာပြည့်က စစ်ရေးပြဂုဏ်ပြုဆုရရှိကြသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြုတပ်ဖွဲ့၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံးကိုယ်စားပြုတပ်ဖွဲ့၊ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြုတပ်ဖွဲ့၊ သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုတပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အားလည်းကောင်း၊ အလံကိုင်အဖွဲ့အကောင်းဆုံးဆုရရှိသော ကျန်စစ်သားစစ်ကြောင်းကိုယ်စားပြု အလံကိုင်အဖွဲ့အားလည်းကောင်း၊ စစ်တီးဝိုင်းအဖွဲ့အကောင်းဆုံးဆုရရှိသော အောင်ဇေယျစစ်ကြောင်းကိုယ်စားပြု စစ်တီးဝိုင်းအဖွဲ့တို့အားလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံ့ချီခင်ဇော်ဦးက အကောင်းဆုံးစခန်းတတိယဆုရရှိသော အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား လည်းကောင်း၊ စစ်ချီသီချင်းအကောင်းဆုံး တတိယဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်စည်းကမ်းအကောင်းဆုံးတတိယဆုရရှိသော အနောက်တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်ရေးပြအကောင်းဆုံး တတိယဆုရရှိသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ အကောင်းဆုံးစခန်း ဒုတိယဆုရရှိသော စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်ချီသီချင်းအကောင်းဆုံး ဒုတိယဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်စည်းကမ်းအကောင်းဆုံး ဒုတိယဆုရရှိသော ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးအရာရှိချုပ်ရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်ရေးပြအကောင်းဆုံး ဒုတိယဆုရရှိသော ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးသရေစည်သူလှဌေးဝင်းက အကောင်းဆုံးစခန်း ပထမဆုရရှိသော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်ချီသီချင်းအကောင်းဆုံး ပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)အားလည်းကောင်း၊ စစ်စည်းကမ်းအကောင်းဆုံး ပထမဆုရရှိသော စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်ရေးပြအကောင်းဆုံး ပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)အားလည်းကောင်း၊ စံပြတပ်ခွဲ တတိယဆုရရှိသော ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စံပြတပ်ခွဲ ဒုတိယဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲအားလည်းကောင်း၊ စံပြတပ်ခွဲ ပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲအားလည်းကောင်း**(အပေါ်ဝဲပုံ)** ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသရေစည်သူလှဌေးဝင်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မျိုးဇော်သိမ်းနှင့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များက အလေးပြုကြပြီး ဆုချီးမြှင့်ပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

◆မြန်မာ့ယဉ်ကျေးမှုမှ

ကျောက္ကာတောင်တန်းတို့၏ လွမ်းမောဖွယ်သော ရှုခင်းများနှင့် စိမ်းစိုသာယာနေသော ဗောဓိတထောင်၊ ဆည်တမံရှုခင်း၊ မုံရွာမြို့၏ ပြယုဂ်ဖြစ်သော များပြားလှသည့် ရှုခင်းများကိုလည်း တွေ့မြင်နိုင်ပေသည်။ ထို့ပြင် ကျောက္ကာရွှေဂူနီ ဘုရားကိုလည်း ဖူးမြော်ခဲ့ကြသည်။

မတ် ၂၆ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိပြီး ကမ္ဘာကျော် ဦးပိန်တံတားနှင့်တောင်သမန်အင်းတို့၏ သဘာဝအလှများကြည့်ရှုခံစားပြီး မဟာမုနိရုပ်ရှင်တော်မြတ်ကြီးနှင့် ရွှေကျီးမြင်ဘုရားတို့ကို ဖူးမြော်ခဲ့ကြသည်။ ထို့နောက် မန္တလေးတောင်ပေါ်ရှိ မွေ့ကြီးနှစ်ကောင်၊ ရန်ကင်းတောင်ပေါ်ရှိသဘာဝငါးရုံ့မင်း လိုဏ်ဂူနှင့် စေတီတော်များဖူးမြော်ပြီး မန္တလေးနန်းတွင်းမြို့ဟောင်းသို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

ဤသို့ သာယာရှုမောဖွယ်ရာ၊ ကြည်ညိုဖွယ်ရာ ဘုရားစေတီပုထိုးများ၊ တောတောင်တို့၏ သဘာဝအလှရှုခင်းများအပြင် အေးမြလှသောလေတို့သည် ဘုရားဖူးလာသူတို့၏ ရင်ကိုအေးမြစေသည်။ မည်သို့ပင်ဖြစ်စေ ဘုရားလည်းဖူး အပန်းလည်းဖြေနိုင်သည့်အတွက် ခရီးသွားများ အနေဖြင့် ဖိစီးနေသော စိတ်အလျဉ်ကို တဒင်္ဂအပန်းပြေစေတော့မည်ဖြစ်ပေသည်။ ။

သက်ကြီးဝါကြီးဆရာတော်ကြီးများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

နေပြည်တော် မတ် ၂၇

နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံ၌ သက်ကြီးဝါကြီးဆရာတော်ကြီးများအား မတ် ၃ ရက်မှစ၍ ဓာတ်မှန် (X-ray)စက်၊ 4D-Ultra-sound စက်၊ CT -Scan စက်များဖြင့် ကျန်းမာရေး စောင့်ရှောက်ပေးလျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းက ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စုမှ သက်တော် (၈၀) ရှိမိုးကောင်းကျောင်းဆရာတော် ဦးပဏ္ဍဝနှင့် စက်မြိုင်ကျောင်းဆရာတော် ဦးဝဏ္ဏိတတို့အား မျက်စိခွဲစိတ် ကုသပေးနေမှုများကို နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော်စည်းဝေး

နေပြည်တော် မတ် ၂၇

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော်နဝမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို မတ် ၂၆ ရက် နံနက် ၁၀ နာရီခွဲတွင် ပြည်နယ်လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ၂၀၁၄ ခုနှစ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း) တင်သွင်းဆွေးနွေးအတည်ပြုခြင်း၊ လွှတ်တော်၏ တိုင်းရင်းသားလူမျိုးများအရေးလေ့လာရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် လွှတ်တော်လုပ်ငန်းရေးရာအဖွဲ့(၂)ဖွဲ့အား ပြင်ဆင်ဖွဲ့စည်းခြင်းကို အတည်ပြုခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

NRC ရုပ်သံလိုင်းထုတ်လွှင့်မှု အချိန်ပြောင်းလဲထုတ်လွှင့်မည်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား NRC ရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၃၁ ရက်အထိ နံနက် ၆ နာရီမှစတင်၍ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇို)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်ဘာသာများကို မွန်းလွဲ ၂ နာရီခွဲအထိ ပထမအကြိမ်အဖြစ်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲမှ ည ၁၁ နာရီအထိ ဒုတိယအကြိမ်အဖြစ်လည်းကောင်း ထုတ်လွှင့်ခဲ့သည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန်ကို ထပ်မံတိုးချဲ့ထုတ်လွှင့်ရန်အတွက် ထုတ်လွှင့်မှုကို ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှစ၍ မေ ၃၁ ရက်ထိ နံနက် ၆ နာရီမှ ၈ နာရီအထိ ကယားဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၉ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ နံနက် ၉ နာရီမှ ၁၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၁၁ နာရီမှ ၁၂ နာရီအထိ ချင်း(လိုင်ဇို)ဘာသာအစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီအထိ ချင်း(ချိုး) ဘာသာအစီအစဉ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ မွန်ဘာသာအစီအစဉ်၊ ညနေ ၃ နာရီမှ ၅ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ညနေ ၅ နာရီမှ ည ၇ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ ည ၇ နာရီမှ ၉ နာရီအထိ 'ဝ' ဘာသာအစီအစဉ်၊ ည ၉ နာရီမှ ၁၁ နာရီအထိ ကချင်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်တိုးချဲ့ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သန်းခေါင်ကို နေ့မှတ်ပါလို့

ခင်ဆွေမြင့် (မြန်မာစာ)

သန်းခေါင်စာရင်း ဟူသောအသံသည် ကျွန်မတို့တစ်နိုင်ငံလုံး၏ ကောင်းကင်ယံတွင် လွှမ်းမိုး၍နေပါသည်။

၂၀၁၃ ခုနှစ် တစ်နှစ်လုံးတွင်မူ ဆီးဂိမ်းပွဲအသံ မိုးသို့လျှံခဲ့ပါသည်။ ဆီးဂိမ်းဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများ၊ အားကစားပွဲများကို ကျွန်မတို့ ပြည်သူတစ်ရပ်လုံး စိတ်ပါဝင်စားခဲ့ကြသည်။ အားပေးခဲ့ကြသည်။ ပါဝင်ဆင်နွှဲခဲ့ကြသည်။ အောင်မြင်မှုများအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ကြသည်။ “တို့မြန်မာ” ဟူသော ကြွေးကြော်သံများဖြင့် နိုင်ငံတကာတွင် ရောက်ရှိနေကြသော မြန်မာများအားလုံး အပျော်ကြီးပျော်ခဲ့ကြပါသည်။

၂၀၁၄ နှစ်ဦးတွင်မူ **“သန်းခေါင်စာရင်း”**သည် **“နိုင်ငံတော်၏အသံ” “နိုင်ငံတော်၏ တံခွန်အလံ”** ဖြစ်နေပါသည်။ ကျွန်မတို့မြန်မာပြည်သူများ မြန်မာတိုင်းရင်းသားများ မြန်မာနိုင်ငံသားများအားလုံးသည် သန်းခေါင်စာရင်းကို စိတ်ဝင်စားကြရပါမည်။

အဘယ်ကြောင့်ပါနည်း။

ကျွန်မတို့နိုင်ငံ၏ သန်းခေါင်စာရင်းသည် ကျွန်မတို့နိုင်ငံ၏ ပစ္စုပ္ပန်အခြေအနေကို ဖော်ထုတ်နိုင်မည်ဖြစ်သည့်အပြင် အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးအတွက် အကျိုးအကြောင်း ဆီလျော်ပြီး လက်တွေ့ကျသော (reasonable & practical) ဖြစ်သော လုပ်ငန်းရပ်များကို ချမှတ်နိုင်မည်ဖြစ်သောကြောင့် ဖြစ်ပါသည်။

သန်းခေါင်စာရင်းဟူသော စကားလုံးကို ကျွန်မစိတ်ဝင်စားခဲ့ပါသည်။

ဤစကားလုံးနှင့် တစ်ဆက်တည်းမှာပင် **“သန်းခေါင်ကို . . . သန်းခေါင်ကို . . . သန်းခေါင်ကို နေ့မှတ်ပါလို့ . . . ”**ဟူသော ကိုကြီးကျော်သီချင်းကိုလည်း ဆိုမိညည်းမိပါသည်။

သန်းခေါင်ကို နေ့မှတ်ပြီး အပျော်ကြီးပျော် အမော်ကြီးမော် အသောက်ကြီးသောက်သော လူပျော်ကြီး ကိုကြီးကျော်အကြောင်း ဖွဲ့ဆိုထားသော ကျွန်မတို့ မြန်မာ့အနုသဘင်၏ ထင်ရှားကျော်ကြားသော တေးစာသားတစ်စ ဖြစ်ပါသည်။

ကျွန်မတို့ မြန်မာများက **census** ကို **သန်းခေါင်စာရင်း**ဟု မြန်မာဆန်ဆန် အမည်ပေးခဲ့ပါသည်။ ရှေးအခါက တစ်နိုင်ငံလုံးတွင် တစ်ပြိုင်တည်း ကောက်ယူသော လူဦးရေစာရင်းကို သန်းခေါင်ချိန်တွင် ကောက်ယူလေ့ရှိသောကြောင့် သန်းခေါင်စာရင်းဟု ခေါ်တွင်ခဲ့ခြင်းဖြစ်သည်ဟု မှတ်သားရပါသည်။ သန်းခေါင်အချိန်ကို သတ်မှတ်ရခြင်းမှာလည်း မွေး - သေ လူဦးရေစာရင်းများ အတိအကျရရှိစေရန် ရည်ရွယ်ခြင်း ဖြစ်ဟန်ရှိပါသည်။

ရှေးမြန်မာမင်းများ၏ သမိုင်းတွင် သန်းခေါင်စာရင်းဟု ခေါ်ရမည့် တစ်နိုင်ငံလုံးစာရင်းကောက်ခံသည့်အလုပ်ကို သာလွန်မင်းတရား (နန်းသက် ၁၆၂၉ - ၁၆၄၈) နှင့် ဘိုးတော်ဘုရား (နန်းသက် ၁၇၈၂ - ၁၈၁၉) လက်ထက်တော်များတွင် လုပ်ဆောင်ခဲ့ပါသည်။

သာလွန်မင်းတရားသည် ၁၆၃၇ တွင် နိုင်ငံတော်လူဦးရေနှင့် စီးပွားရေး အခြေအနေစစ်တမ်းကို ကောက်ယူခဲ့သည်။ နိုင်ငံတွင်းရှိ လူဦးရေ၊ အိမ်ခြေ၊ မြေအကျယ်အဝန်း၊ ထွက်ရှိသည့် အသီးအနှံနှင့် ပေးဆောင်ရသည့် အခွန်အတုတ်တို့ကို ရေးမှတ်စေခဲ့သည်။ ဤစစ်တမ်းကြောင့် ၁၆၃၇ မြန်မာနိုင်ငံ၏ လူဦးရေ၊ စီးပွားရေးအခြေအနေနှင့် ရရှိသောအခွန်အတုတ်များကို သိရှိခဲ့ရသည်။ သာလွန်မင်းကြီးသည် စစ်တမ်းမှရရှိသော အချက်အလက်များကို အခြေခံ၍ ၁၆၃၈ ခုနှစ်တွင် အမိန့်တော်များ ထုတ်ပြန်ခဲ့သည်။ လူဦးရေ အင်အား နည်းပါးနေသေးသော ထိုခေတ်မြန်မာနိုင်ငံ၏ လူဦးရေ တိုးပွားရေးအတွက် အိမ်ထောင်မရှိသူများ အိမ်ထောင်ပြုသင့်သည်၊ မိဘအုပ်ထိန်းသူများက သားသမီးများအား သင့်လျော်ရာ ထိမ်းမြားပေးကြရမည် စသော အမိန့်များကို တွေ့ရှိရပါသည်။

စီးပွားရေးတိုးတက်မှုအတွက် ၁၆၄၅ ခုနှစ်တွင် လယ်ယာမဲ့များ လယ်ယာရရှိရေး၊ အသီးအနှံ ပိုမိုထွက်ရှိရေးနှင့် မြိုးခြံချွေတာရေးဆိုင်ရာ အမိန့်များကို ထုတ်ပြန်ပေးခဲ့သည်။ သာလွန်မင်းသည် ထမင်းရည် သွန်ပစ်ခြင်းကိုပင် လက်သင့်မခံသော စည်းစနစ်ကြီးသည် မင်းတစ်ပါးအဖြစ် မြန်မာ့သမိုင်းတွင် ထင်ရှားကျော်ကြားခဲ့သူဖြစ်သည်။ သာလွန်မင်းလက်ထက်တွင် စစ်တမ်းကောက်ယူခြင်း၊ စစ်တမ်းအခြေခံဖြင့် ပြုပြင်မှုများ၊ ပြန်လည်ထူထောင်မှုများ ဆောင်ရွက်ခဲ့ခြင်းများကြောင့် ပြည်သူများ၏ နေထိုင် ဝတ်ဆင်စားသောက်မှုများ ဖူလုံခဲ့ကြသည်၊ မြို့ပြပြည်သူများ စည်ပင်သာယာခဲ့သည်၊ စီးပွားရေးပြုပြင်နိုင်မှုများဖြင့် လက်လုပ်လက်စား လူတန်းစားများ အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်ဟု မှတ်သားသိရှိရပါသည်။ စစ်တမ်းကောက်ယူခဲ့ခြင်း၏ အသီးအပွင့်များဖြစ်ပါသည်။

သာလွန်မင်းတရားသည်လည်း စစ်တမ်းကြောင့်ပင် ခေတ်မီသောမင်း၊ အမြော်အမြင်ကြီးသော မင်း၊ အရည်အသွေးရှိသော မင်းအဖြစ် မြန်မာ့သမိုင်းတွင် မော်ကွန်းတိုင် စိုက်ထူနိုင်ခဲ့ခြင်းဖြစ်သည်။

ကုန်းဘောင်ခေတ်၏ ထင်ရှားသော မင်းတစ်ပါးဖြစ်သည့် ဘိုးတော်ဘုရားလက်ထက် ၁၇၈၃ ခုနှစ်တွင်လည်း စစ်တမ်းကောက်ယူခဲ့ပါသည်။ ဘိုးတော်ဘုရား၏ စစ်တမ်းသည် ကောက်ယူချိန် (၂)နှစ်ကြာမြင့်ခဲ့ပြီး သာလွန်မင်း၏ စစ်တမ်း၊ ဗြိတိသျှလက်ထက် ကောက်ယူခဲ့သော စစ်တမ်းများထက် ပိုမိုပြည့်စုံသည်။ ပညာရှင်များက နိုင်ငံရေးပထဝီကျမ်းကြီး တစ်စောင်ဖြစ်သည်ဟု မှတ်ချက်ပြုခဲ့ကြသည်။

ဘိုးတော်ဘုရား၏ စစ်တမ်းအရ ထိုခေတ် မြန်မာနိုင်ငံတွင် မြို့ကြီး (၁၈၈) မြို့၊ ရွာပေါင်း (၅၈၈၅) ရွာ၊ ဗမာလူမျိုး (၂၂၇၉၀၀၀)၊ ရှမ်းလူမျိုး (၁၀၆၉၀၀၀)၊ အခြားလူမျိုးများ (၈၀၀၀၀၀) ရှိကြောင်း သိရှိရသည်။ ထို့ပြင် မြို့ရွာနယ်ပယ် အကျယ်အဝန်း၊ စိုက်ပျိုးလယ်မြေယာမြေ အကျယ်အဝန်း၊ ထွက်ကုန်အသီးအနှံ၊ ကုန်အရောင်းအဝယ်အခြေအနေ၊ အခွန်အကောက် အခြေအနေများကိုလည်း မှတ်တမ်းတင်ခဲ့သည်။ ဤစစ်တမ်းကို မူတည်၍ ကူးသန်းရောင်းဝယ်မှုကို စီမံနိုင်ခဲ့သည်။ အခွန်အတုတ်ကို စနစ်တကျ ကောက်ခံနိုင်ခဲ့သည်။ နိုင်ငံတော်ဘဏ္ဍာ တိုးတက်လာခဲ့သည်။ တိုင်းပြည်အကျိုးပြုလုပ်ငန်းများ ပိုမိုဆောင်ရွက်လာနိုင်ခဲ့သည်။ အမှုထမ်း၊ အရာထမ်းများကို စနစ်တကျ စုဖွဲ့နိုင်ခဲ့သည်။ ထိထိရောက်ရောက် အုပ်ချုပ်နိုင်မှုကြောင့် ခိုးဆိုးသော့သွမ်းသူများ မရှိသလောက်ဖြစ်သွားသည်ဟူ၍ မှတ်သားသိရှိရပါသည်။

> **ကျွန်မတို့ပြည်သူတစ်ရပ်လုံးသည်လည်း ဦးနှောက်ရှင်းရှင်း အမြင်ကျယ်ကျယ် စိတ်နှလုံးကြည်ကြည်လင်လင်ဖြင့် ကျွန်မတို့နိုင်ငံ၏ ပစ္စုပ္ပန်နှင့် အနာဂတ်အကျိုးစီးပွားအတွက် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် ဝိုင်းဝန်းပူးပေါင်း ပါဝင်ကြပါစို့။**

ဘိုးတော်ဘုရားလက်ထက် စစ်တမ်းသည် တိုင်းပြည်ငြိမ်ဝပ်ပိပြားရေး၊ ငြိမ်းချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံကျကျ အထောက်အကူပြုခဲ့ပါသည်။ စစ်တမ်း၏ ကျေးဇူးကြောင့် ဘိုးတော်ဘုရားလက်ထက် မြန်မာနိုင်ငံသည် အခြားနိုင်ငံများ၏ မထီမဲ့မြင်ပြုခြင်းများ ကင်းခဲ့သည်၊ မြန်မာပြည်သူတို့သည်လည်း နှလုံးစိတ်ဝမ်းအေးချမ်းပျော်ရွှင်ခဲ့ကြသည်ဟု ဆိုကြပါသည်။

သန်းခေါင်စာရင်းကောက်ယူခြင်းသည် ငွေကြေးအကုန်အကျ အလွန်များသော်လည်း နိုင်ငံတကာ စံနှုန်းနှင့်အညီ ၁၀ နှစ်လျှင်တစ်ကြိမ် သန်းခေါင်စာရင်း ကောက်ယူကြပါရန် ကုလသမဂ္ဂက အကြံပြုထားပါသည်။

ကျွန်မတို့နိုင်ငံတွင် သန်းခေါင်စာရင်းကောက်ယူခြင်းများ အကြိမ်ကြိမ်ရှိခဲ့ပါသည်။ ၁၉၈၃ ခုနှစ်တွင် နောက်ဆုံးကောက်ယူခဲ့သောကြောင့် မကောက်ဖြစ်ခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ် ရှိခဲ့ပြီဖြစ်ပါသည်။

မြန်မာ့သန်းခေါင်စာရင်းသည် ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၁၀ ရက်အထိ ကောက်ယူမည်ဖြစ်ပါသည်။ သန်းခေါင်စာရင်း ရည်ညွှန်းချိန် မတ် ၂၉ ရက်နေ့ ညဉ့်သန်းခေါင်ယံအချိန်တွင် မြန်မာနိုင်ငံအတွင်းရှိ လူဦးရေနှင့် အိမ်အကြောင်းအရာကို မှတ်တမ်းတင်မည်ဖြစ်ပါသည်။

ပြည်သူတို့သည် သန်းခေါင်စာရင်းကောက်ယူသူများ မေးမြန်းသည့် မေးခွန်း (၄၁)ချက်ကို အမှန်အတိုင်း ဖြေဆိုပေးကြရန်ဖြစ်ပါသည်။

အလုပ်ကိုမေးမည်ဖြစ်သော်လည်း ဝင်ငွေကို မေးမည်မဟုတ်။ နေအိမ်အမျိုးအစား၊ လောင်စာသုံးစွဲမှု၊ အီလက်ထရွန်နစ်ပစ္စည်း၊ ယာဉ်ပိုင်ဆိုင်မှုများကို ဖြေဆိုရမည်ဖြစ်သော်လည်း အခွန်အခကောက်ခံမှုနှင့် မသက်ဆိုင်။ နိုင်ငံခြား ရောက်ရှိနေသော အိမ်သားများအကြောင်း ဖြေဆိုရမည်ဖြစ်သော်လည်း မည်သည့်သက်ရောက်မှုမျှမရှိ။ သန်းခေါင်စာရင်း ဥပဒေအရ အချက်အလက်အားလုံးကို လျှို့ဝှက်ထားမည်ဖြစ်သည်ဟု သိရှိရပါသည်။

လူတိုင်း လူတိုင်း မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် (၁) ဒေသအလိုက်လူဦးရေ၊ (၂) အသက်အုပ်စုလိုက် လူဦးရေ၊ (၃) စာတတ်မြောက်မှုနှုန်း၊ (၄) အလုပ်လုပ်ခြင်းဆိုင်ရာ လူဦးရေ၊ (၅) မသန်စွမ်းလူဦးရေ၊ (၆) လူမျိုးအလိုက်လူဦးရေ၊ (၇) ဘာသာအလိုက် လူဦးရေ၊ (၈) နေအိမ်အမျိုးအစားနှင့် နေအိမ်အခြေအနေ၊ (၉) ရေ /လျှပ်စစ်မီးနှင့် အသုံးအဆောင်ပစ္စည်းအခြေအနေ၊ (၁၀) ကလေးမွေးဖွားနှုန်းနှင့် သေဆုံးနှုန်း၊ (၁၁) ပြည်တွင်း/ပြည်ပ ပြောင်းရွှေ့သွားလာသည့် ပမာဏ စသည်တို့ကို သိရှိလာမည်ဖြစ်ပါသည်။

ယင်းကိန်းဂဏန်း အချက်အလက်များကို အခြေခံ၍ ကျောင်း၊ ဆေးရုံ၊ ဆရာဝန်၊ ဆရာမစသော ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်ဆိုင်ရာ အမှန်တကယ် လိုအပ်ချက်များ၊ သက်ကြီးရွယ်အို၊ ကလေးနှင့် အမျိုးသမီးများအတွက် အစီအစဉ်များစသည်တို့ကို ရေးဆွဲနိုင်မည်ဖြစ်သည်။ နိုင်ငံ၏ လူနေမှုအဆင့်အတန်းဖြစ်သော နေအိမ်နှင့် စွမ်းအင်လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်အတွက် မူဝါဒများ ချမှတ်နိုင်မည်ဖြစ်သည်။ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်လုပ်မှု၊ ဈေးကွက်၊ ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်ဖြစ်သည်။

ခေတ်မီနည်းပညာဖြင့် စာရင်းဇယားများကို ပြုစုတွက်ချက် အဖြေထုတ်မည်ဖြစ်ခြင်း၊ စာရင်းစစ်များ၊ စာရင်းကောက် ဆရာ ဆရာမများ၊ နည်းပြများ စုစုပေါင်း သန်းခေါင်စာရင်းဝန်ထမ်း တစ်သိန်းလေးသောင်းခန့် ပါဝင်ခြင်း၊ စာရင်းကောက်ကွက် တစ်သိန်းခန့်ရှိခြင်း၊ သန်းခေါင်စာရင်းလုပ်ငန်းစဉ်တွင် နိုင်ငံပေါင်း ၁၅ နိုင်ငံခန့်မှ ပညာရှင်များ ပါဝင်ခြင်း၊ သန်းခေါင်စာရင်း ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၆ သန်းခန့်ဖြစ်ခြင်း၊ မိမိနိုင်ငံက ထည့်ဝင်ရသည့် ကုန်ကျစရိတ်များအပြင် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့အပါအဝင် အလှူရှင်နိုင်ငံများက နည်းပညာအကူအညီ၊ အုပ်ချုပ်မှုအကူအညီ၊ ငွေကြေးအကူအညီများ ထည့်ဝင်ကြခြင်း စသော အကြောင်းအချက်များသည် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ ကြီးမားလှသော ပမာဏနှင့် အရေးပါသော အကျိုးအမြတ်ရှိခြင်းကို ရည်ညွှန်းပါသည်။

မိမိကျောင်း၊ မိမိပြည်နယ်၊ မိမိတိုင်းဒေသကြီး၊ မိမိနိုင်ငံတော်အတွက် ပွဲလမ်းအခမ်းအနားများမှအစ လုပ်ငန်းတာဝန်များရှိလာတိုင်း စိတ်ပါလက်ပါ တက်တက်ကြွကြွပါဝင်ပြီး တာဝန်ကျေပွန်ကြသော အခြေခံကျောင်းများမှ ဆရာ ဆရာမများကမူ စနစ်တကျ တလေးတစား စာရင်းကောက်ယူကြမည် ဖြစ်ပါသည်။

ကျွန်မတို့ ပြည်သူတစ်ရပ်လုံးသည်လည်း ဦးနှောက်ရှင်းရှင်း အမြင်ကျယ်ကျယ် စိတ်နှလုံးကြည်ကြည်လင်လင်ဖြင့် ကျွန်မတို့ နိုင်ငံ၏ ပစ္စုပ္ပန်နှင့် အနာဂတ် အကျိုးစီးပွားအတွက် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် ဝိုင်းဝန်းပူးပေါင်းပါဝင်ကြပါစို့။

စာရင်းကောက်ရည်ညွှန်းချိန် သန်းခေါင်အခါကို . . . နေ့မှတ်ပါလို့ အနာဂတ်မြန်မာနိုင်ငံတော်ကြီးကို လင်းလင်းကျင်းကျင်းတွင် ပျော်ပျော်ရွှင်ရွှင် တည်ဆောက်နိုင်ရေးအတွက် အချက်အလက်များကို မှန်ကန်စွာ ဖြေဆိုကြပါစို့။

မြန်ပြည်ထွန်းတောက်၊ ခရီးရောက်၊ သန်းခေါင်စာရင်း ကောက်ပါစို့ဟု လေးစားစွာ ဆန္ဒပြုအပ်ပါသည်။ ။

● ကျောဖုံးမှ

များက ဝိုင်းဝန်းထိန်းသိမ်းခဲ့ကြသဖြင့် ည ၁၁ နာရီခွဲတွင် လူစုကွဲသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက် မင်းဘာကြီးလမ်း အိမ်အမှတ် မဘ/၁၉၉ အား အိမ်ပိုင်ရှင်ဖြစ်သူ ဦးထွန်းထွန်းဝင်းက Malteser International အဖွဲ့အား ငှားရမ်းထားခဲ့ပြီး ယင်းအဖွဲ့၏ စီမံကိန်းညှိနှိုင်းရေးမှူး အမေရိကန်နိုင်ငံသူ Mrs. Yvonne Dunton က ဂိုဒေါင်အဖြစ် အသုံးပြုလျက်ရှိစဉ် အိမ်ရှင်ဦးထွန်းထွန်းဝင်းက အိမ်အပေါ်ထပ်ဝရန်တာတွင် သာသနာ့အလံလွှင့်ထူခဲ့ကြောင်း၊ မတ် ၂၆ ရက် ညနေ ၆ နာရီခန့်တွင် Mrs. Yvonne Dunton က အဆိုပါ ဂိုဒေါင်သို့လာရောက်ပြီး သာသနာ့အလံအားဖြုတ်သိမ်းသွားသည်ကို လမ်းသွားလမ်းလာများက တွေ့မြင်သွား၍ ည ၈ နာရီခွဲခန့်တွင် ယင်းဂိုဒေါင်သို့ ဒေသခံပြည်သူများ ရောက်ရှိလာခဲ့ပြီး Mrs. Yvonne အား ထုတ်ပေးရန် ဝိုင်းဝန်းပြောဆိုကြသဖြင့် ၎င်းသည် ဂိုဒေါင်မှ ၎င်းနေထိုင်သည့် ဂေါက်ကွင်းလမ်း အိမ်အမှတ် ဂရ/၁၄၅ ဦးအေးထွန်းစိန်၏နေအိမ်သို့ တိမ်းရှောင်သွားခဲ့ရာ လူ ၅၀ ခန့်နောက်မှလိုက်ပါသွားခဲ့ကြောင်း၊ အဆိုပါဒေသခံများက ၎င်း၏ အိမ်သို့ရောက်ရှိလာကာ ၎င်းနှင့် ၎င်း၏ ခင်ပွန်းတို့အား ထုတ်ပေးရန်ပြောဆိုရာ နေအိမ်ခြံစည်းရိုးသော့ခတ်ထားသဖြင့် ခဲများဖြင့် ဝိုင်းဝန်းပစ်ပေါက်ခဲ့ကြောင်း သိရှိရသည်။

ထို့နောက် ရဲတပ်ဖွဲ့ဝင်များနှင့် စည်းကမ်းထိန်းသိမ်းရေး သံဃာတော်များ ရောက်ရှိလာပြီး လူအုပ်စုများအား လူစုခွဲကာ အမေရိကန်နိုင်ငံသူနှင့် ခင်ပွန်းတို့အား မော်တော်ယာဉ်ဖြင့် ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲဝင်းရဲရိပ်သာသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဒေသခံများသည် ည ၁၀နာရီခန့်တွင် လူ ၃၀၀ ခန့်အထိ စုစည်းမိပြီး အခြားနိုင်ငံခြားသားများ တည်းခိုနေထိုင်လျက်ရှိသည့် ကျောင်းတက်လမ်းရပ်ကွက် ဦးဥတ္တမလမ်းရှိ ဦးပန်းသာနေအိမ်၊ ဂေါက်ကွင်းလမ်းရှိ ဦးကျော်သန်းနေအိမ် Malteser ရုံး၊ ဦးဥတ္တမလမ်းရှိ ဦးသန်းအောင်နေအိမ် MSF အဖွဲ့နေရာ၊ ဂေါက်ကွင်းလမ်းရှိ ဦးတင်လှိုင်နေအိမ် MSF ရုံး၊ ဦးဥတ္တမလမ်းရှိ ဒေါ်သန်းသန်းမြင့် နေအိမ် Malteser အဖွဲ့တို့အား လိုက်လံဖျက်ဆီးခဲ့ကြောင်း၊ ည ၁၁ နာရီခွဲခန့်တွင် ဒေသခံ ၁၀၀ ခန့်သည် စစ်ကဲလမ်းရှိ နိုင်ငံခြားသားများ နေထိုင်သည့် မောင်သိန်းထွန်းနေအိမ် Solidarities အဖွဲ့ နေအိမ်နှင့် OXFAM အဖွဲ့နေအိမ်တို့အား ခဲများဖြင့် ပစ်ပေါက်ဖျက်ဆီးနေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ငယ်များဖြင့် အချက် ၁၀၀ ခန့် သတိပေးပစ်ခတ်ခဲ့ရာ ည ၁၂ နာရီခန့်တွင် လူစုကွဲသွားခဲ့သည်။

အလားတူ မတ် ၂၇ ရက် နံနက် ၁၀ နာရီ၄၅ မိနစ်ခန့်တွင် ဒေသခံပြည်သူ ၂၀၀ ခန့်သည် တုတ်များ၊ ခဲများ ကိုင်ဆောင်၍ ကျောင်းတက်လမ်းရပ်ကွက် ဦးဥတ္တမလမ်းရှိ ICRC အဖွဲ့ ငှားရမ်းနေထိုင်သော နေအိမ်အား ဝိုင်းဝန်းပစ်ခတ်ဖျက်ဆီးမှုကြောင့် နေအိမ်တံခါးများပျက်စီး၍ တိုယိုတာ ယာဉ်တစ်စီး မှန်ကွဲခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သေနတ်ဖြင့်ငါးချက်ခန့် သတိပေးပစ်ခတ်ခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် လူစုကွဲသွားခဲ့ကြောင်း၊ မွန်းတည့် ၁၂နာရီခန့်တွင် ဒေသခံ ၂၀ ခန့်က ပြည်တော်သာရပ်ကွက်၌ ဖွင့်လှစ်ထားသော UNHCR ရုံးအား တုတ်များ၊ ခဲများဖြင့် ပစ်ပေါက်ခဲ့သဖြင့် ကွန်ပျူတာပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ဒေသခံ ၂၀ ဦးခန့်က ပြည်တော်သာရပ်ကွက်၌ဖွင့်လှစ်ထားသော OCHA ရုံးအားလည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲခန့်တွင် ဒေသခံ ၁၀၀ ခန့်က ပြည်တော်သာရပ်ကွက် ခိုင်သဇင် ပန်းခြံအတွင်းရှိ WFP ဂိုဒေါင်အား လည်းကောင်း တုတ်များ၊ ခဲများကိုင်ဆောင် ပစ်ပေါက်ဖျက်ဆီးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ၁၅ ချက် ခန့်သတိပေးပစ်ခတ်လူစုခွဲခဲ့ရသည်။

ထိုသို့ဖြစ်ပွားခဲ့မှုများကြောင့် စစ်တွေမြို့ရှိ ရဲရိပ်သာတွင် နိုင်ငံခြားသား ၃၂ ဦး၊ မြန်မာနိုင်ငံသားဝန်ထမ်း ၃၉ ဦး စုစုပေါင်း ၇၁ ဦးတို့အား ရွှေ့ပြောင်းနေရာချထားပြီး လုံခြုံရေးဆောင်ရွက်ပေးထားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်များတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံခြားသားများ၏ လုံခြုံရေးအား ရဲတပ်ဖွဲ့ဝင်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်နယ်၊ ခရိုင်ရဲတပ်ဖွဲ့မှတာဝန်ရှိသူများ၊ စစ်တွေခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ စစ်တွေမြို့စည်းကမ်းထိန်းသိမ်းရေး နာယက ဆရာတော်နှင့်သံဃာတော်များက လူအုပ်စုများအား အကြမ်းမဖက်ရန် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတော်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးဖော်ထုတ်၍ လိုအပ်သော အရေးယူမှုများဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

အာဆီယံထိပ်သီးအစည်းအဝေးအတွက် ဒက္ခိဏသီရိမြို့နယ်မှ ဟိုတယ်များပြင်ဆင်

နေပြည်တော် မတ် ၂၇

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် မတ် ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် Royal ACE, Thingaha Garden၊ Royal President၊ Grand Amara၊ The Lake Garden၊ Horizon Lake View၊ Park Royal၊ Nwe Thar Ki နှင့် Shwe San Eain ဟိုတယ်များ၏ ပြင်ဆင်မှုများကို ကြည့်ရှုစစ်ဆေးပြီး ဟိုတယ်တာဝန်ခံများနှင့် Shwe San Eain ဟိုတယ် အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ အာဆီယံထိပ်သီးအစည်းအဝေးအတွက် ဟိုတယ်များ၏ ပြင်ဆင်ဆောင်ရွက်မှုများသည် ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ ကျန်ရှိသည့်လုပ်ငန်းများ အချောသတ်ရေးအတွက် ဆက်လက်ကြိုးပမ်းစေလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒေသအတွင်း ထိပ်သီးအစည်းအဝေးကျင်းပနိုင်ခြင်းအတွက် နိုင်ငံသားအားလုံးက ဂုဏ်ယူဝမ်းမြောက်ကြရမှာဖြစ်ကြောင်း၊ အစစပြည့်စုံအောင် စိတ်စေတနာကောင်းဖြင့် ဧည့်ဝတ်ကျေပွန်စွာ ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံ ရွေးကောက်ပွဲ လေ့လာရန်ထွက်ခွာ

ရန်ကုန် မတ် ၂၇

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်နှင့်ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲဥက္ကဋ္ဌဦးဝင်းမောင်တို့ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ၌ကျင်းပမည့် ဆီးနိတ်လွှတ်တော်ရွေးကောက်ပွဲကို လေ့လာရန် မတ် ၂၇ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ မြန်မာ့မြေမှ

အင်းအိုင်၊ တောင်တန်းကြီးများဖြင့် ပိုင်းခြားကာ သတ်မှတ်ရလေသည်။ တောင်တို့၏သဘာဝ စိတ်ဝင်စားဖွယ်ကောင်းသော ဗဟုသုတများကို ရှာဖွေရန် အသင်းအဖွဲ့များဖွဲ့၍ တောင်တက်ခြင်း စွန့်စားမှုတစ်ရပ်ကို အားကစားနည်းတစ်ရပ်အဖြစ် ပြုလုပ်လာကြသည်။

တောင်တက်ခြင်းအားကစားသည် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု၊ ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုများကို ရရှိစေပြီး တောင်တက်ခြင်းကြောင့် အသင်းအဖွဲ့များနှင့် စုပေါင်းလုပ်ကိုင်တတ်သော အလေ့အကျင့်ကောင်းကို ရရှိစေသည်။ လူငယ်လူရွယ်များ၏ စွန့်စားလုပ်ကိုင်လိုသော စိတ်ဓာတ်ကို အားပေးရာရောက်သည့်အပြင် နိုင်ငံနှင့်လူမျိုးကို ချစ်သောစိတ်၊ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသောစိတ်များ ထွန်းကားလာစေသည်။

တောင်တက်ရာတွင် အခက်အခဲများ တွေ့ကြုံရခြင်းမှာ ဓမ္မတာပင်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၊ အငြိမ်းစား တွဲဖက်ပါမောက္ခ၊ တက္ကသိုလ် ခြေလျင်တောင်တက်အသင်း၊ သဘာဝခေါ်သံ ဖောင်ဒေးရှင်းမှ ဆရာဦးမျိုးသန့်က “ကျွန်တော် မမေ့နိုင်တဲ့ တောင်၊ မှတ်မှတ်ရရရှိနေတဲ့ တောင်ကတော့ ၂၀၀၂ ခုနှစ်က တက်ခဲ့တဲ့ လွန်ခရုမာဒင်တောင်ပဲ၊ ၁၉၇၁နောက်ပိုင်းကတည်းက မတက်ကြတော့ဘူး၊ လမ်းက အမြဲပိတ်နေတော့ တောထွင်ပြီး သွားရတယ်၊ ကချင်ပြည်နယ် ပူတာအိုခရိုင်မှာရှိတယ်၊ သွားရတဲ့လမ်းက အလွန်ကြမ်းတယ်၊ ဒီတောင်က တခြားတောင်တွေထက် နိမ့်တယ်၊ အခက်အခဲတွေကတော့ တစ်နေ့တစ်မျိုးမရိုးရဘူး၊ တချို့ရက်တွေ ရေမရှိဘူး၊ သောက်ရေလုံးဝရှာမရဘူး၊ ချောင်းဖြတ်မရလို့ ငုတ်တုတ်ထိုင်နေခဲ့ရတာရှိတယ်၊ ရိက္ခာပြတ်လို့ ဒုက္ခရောက်ခဲ့ရတာတွေရှိတယ်၊ နောက်ပြီး ကျွတ်တွေ၊ မျှော့တွေဆိုတာ ပေါမှပေါ” ဟုပြောသည်။

တောင်တို့၏သဘာဝ မည်မျှပင် ခက်ခဲကြမ်းတမ်းစေကာမူ တောင်တက်သမားတို့၏ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ကြောင့် နောက်ဆုံး လူသားတို့၏ ခြေဖဝါးအောက်ရောက်ရမည်သာ ဖြစ်သည်။

တက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်း တောင်တက်အဖွဲ့သည် မတ်လ ၂၂ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရှန်ဂရီလာခရိုင်အရှေ့တောင်အရပ်ရှိ ဟာဘားနှင်းတောင်တက်ရန် ခရီးထွက်ခွာသွားကြပြီဖြစ်သည်။ ဟာဘား နှင်းတောင်သည် ကမ္ဘာ့လှည့်ခရီးသည်များ၊ တောင်တက်သမားများအတွက် လွတ်လပ်စွာ တောင်တက်နိုင်ရန် ဖွင့်ပေးထားသော တောင်ဖြစ်သည်။ ဟာဘားနှင်းတောင်သို့ တက်ရောက်ရသည့် ရည်ရွယ်ချက်နှင့် ပတ်သက်၍ ကိုအောင်မြင့်မြတ်က “ကျွန်တော်တို့ ဟာဘားတောင်တက်ရတာက ၂၀၁၄ စက်တင်ဘာမှာတက်မယ့် ခါကာဘိုရာဇီတောင်တက်ဖို့ ရွေးပြေးခရီးစဉ်ပါ။ ဟာဘားတောင်နဲ့ ခါကာဘိုရာဇီတောင်က သဘာဝချင်းတူတယ်၊ ခါကာဘိုရာဇီတောင်ထိပ်မှာ မြန်မာနိုင်ငံအလံကို မြန်မာနိုင်ငံသားတွေ ကိုယ်တိုင်ဂုဏ်ယူစွာနဲ့ စိုက်ထူချင်လို့ပါ” ဟု ပြောသည်။ အဆိုပါ ခါကာဘိုရာဇီတောင်သည် ဂျပန်-မြန်မာ ချစ်ကြည်ရေးတောင်တက်ခရီးစဉ် အပြီးတွင် မည်သူမှ မတက်ရောက်နိုင်တော့ကြောင်း သိရသည်။ တောင်တက်သမားတို့သည် မြင့်မားလှသော တောင်ထွတ်များဆီသို့ ခက်ခဲပင်ပန်းစွာတက်ရောက်ကြပြီး မိမိတို့၏ နိုင်ငံတော်အလံကို စိုက်ထူကာ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ရန် ဇွဲ၊ လုံ့လတို့ဖြင့် ကြိုးပမ်းကြသူများ ဖြစ်သည်။ တောင်များရှိနေသရွေ့ တောင်တက်သမားများလည်း ရှိနေမှာပင်ဖြစ်သည်။

မြန်မာနိုင်ငံမြောက်ဘက်ဖျားဆီမှ ရေခဲများ ဖုံးလွှမ်းနေသော တောင်များသည် နိုင်ငံ၏ အလှကျက်သရေကို ပိုမိုတင့်တယ်စေရန် ထောက်ပင့်ထားပေသည်။ မြင့်မားလှသော တောင်ကုန်းတောင်တန်းများနှင့် မြေပြန့်လွင်ပြင်များသည် တစ်ခုနှင့်တစ်ခု သဘာဝအတိုင်း ချိတ်ဆက်ထားပြီး တောင်တန်းများက တံတိုင်းသဖွယ် ကာရံထားသလို မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် နိုင်ငံချစ်စိတ်၊ လူမျိုး ချစ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့မွေးမြူပြီး တစ်ဦးနှင့်တစ်ဦးချစ်ကြည်ရင်းနှီးစွာဖြင့်လက်ချင်းချိတ်ဆက်၍ အတူတကွ ပူးပေါင်းနေထိုင်ပြီး အခက်အခဲများ ကြုံတွေ့လာသည့်အခါများတွင်လည်း “တောင်ကြီးဖဝါးအောက်” ထုံး နှလုံးသွင်း၍ အခက်အခဲများကို ညှိနှိုင်းဖြေရှင်းပြီး ကျော်ဖြတ်သွားလျှင်ဖြင့် အေးချမ်းသောနိုင်ငံ၊ ကမ္ဘာ့အလယ် တင့်တယ်သောနိုင်ငံအဖြစ် ရပ်တည်နိုင်မည်မှာ မလွဲဧကန်ပင် ဖြစ်သည်။

❑ လက်ရှိချန်ပီယံမှ

ပထမဆုံးနိုင်ပွဲလည်း ဖြစ်ခဲ့ရသည်။

ဂျိုကိုဗစ်သည် အန်ဒီမာရေးအား ဆိုနီအိုးပင်းကွာတားဖိုင်နယ်တွင် ၇-၅၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး အဆင့်(၂၀)နေရာရှိ တင်းနစ်ကစားသမား နီရှိကိုရီနှင့် ဆီမီးဖိုင်နယ်အဆင့်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ နီရှိကိုရီသည် ကွာတားဖိုင်နယ်အဆင့်တွင် ရော်ဂျာဖက်ဒဲရားအား ၃-၆၊ ၇-၅၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့သူဖြစ်သည်။

ဗြိတိန်တင်းနစ်ပရော်ဖက်ရှင်နယ် အန်ဒီမာရေးသည် ဆိုနီအိုးပင်းတင်းနစ်ပြိုင်ပွဲမှ ထွက်ခဲ့ရခြင်းကြောင့် လာမည့်လတွင် အီတလီမြေ၌ကျင်းပမည့် ဒေးဗစ်ဖလားရရှိရေးကိုသာ ပြင်ဆင်ရတော့မည်ဖြစ်သည်။ ဆိုနီအိုးပင်းတင်းနစ်ဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်တွင် တင်းနစ်မယ် ဆီဘူကိုဗာသည် ရက်ဝန်စကာအား ၃-၆၊ ၇-၆(၇-၅)၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်တွင် တရုတ်တင်းနစ်မယ်လီနာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(နိုင်လင်းကြည်)

☆ ရှေ့ဖုံးမှ

တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင် ကျောင်းဆရာများနှင့် ကျောင်းသားများ၊ နယ်ခြားစောင့်တပ်များ၊ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့များ၊ ပြည်တွင်း ပြည်ပ သတင်းဌာနများမှ သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းများမှ သတင်းထောက်များ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နံနက် ၅ နာရီတွင် စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ကြမည့် ယန္တရားတပ်ဖွဲ့များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် စစ်ရေးပြအခမ်းအနားသို့ စစ်ကြောင်းကြီးများအလိုက် သစ်တပ်စစ်ရေးပြကွင်း၌ စတင်စုရုံး ရောက်ရှိနေရာယူကြပြီး စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် မျိုးဇော်သိမ်း ဦးဆောင်သည့် စစ်ရေးပြစစ်ကြောင်းကြီးများ စုရပ်စစ်ရေးပြကွင်းမှ တပ်မတော်နေ့ အခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းကြီးဆီသို့ စတင်ချီတက်လာချိန်မှစ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၏ ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ဇနီး ဒေါ်ဝေမာမာထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ ဇနီး ဒေါ်အေးအေးသန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ဇနီးတို့က ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည်မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးတို့မှ အရာရှိ၊ စစ်သည်မိသားစုများ၊ ဒေသခံမိဘပြည်သူများကလည်း စစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက် သောင်းသောင်းဖြဖြ ကြိုဆိုကာ ဂုဏ်ပြုပန်းကုံးများ စွပ်ကြသည်။

စစ်ရေးပြစစ်ကြောင်းကြီးများ နေပြည်တော်စစ်ရေးပြကွင်းကြီးဆီသို့ မရောက်ရှိမီ ဗဟိုစစ်တီးဝိုင်းအဖွဲ့သည် စစ်ရေးပြကွင်းကြီးအတွင်းရှိ သတ်မှတ်နေရာ၌ နေရာယူသည်။

(၆၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ချီတက်ရောက်ရှိလာသော စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမျိုးသန့် ဦးဆောင်သော ကွပ်ကဲမှုယာဉ်တစ်စီး၊ သံချပ်ကာ ယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု ကွပ်ကဲမှုယာဉ် တစ်စီး၊ အလတ်စားတင့်ငါးစီး၊ သံချပ်ကာ ကင်းထောက်ယာဉ် ၁၂စီး၊ သံချပ်ကာတိုက်ယာဉ် ၁၂စီး၊ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု ကွပ်ကဲမှုယာဉ်တစ်စီး၊ ယာဉ်တင်အမြောက်ကြီးခြောက်စီး၊ အတွဲလိုက်ပစ်ဒုံးယာဉ်သုံးစီး၊ ယာဉ်တွဲအမြောက်ကိုးစီး၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံး ကိုယ်စားပြု ကွပ်ကဲမှုယာဉ်တစ်စီး၊ တာလတ်ပစ်ဒုံးယာဉ်ခြောက်စီး၊ လေယာဉ်ပစ်အမြောက်ယာဉ်ခြောက်စီး၊ ရေဒါယာဉ်သုံးစီးနှင့် တာတိုပစ်ဒုံးယာဉ် ၁၂ စီးတို့က ယန္တရားတပ်ဖွဲ့များ ကိုယ်စားပြု အောင်ဆန်းစစ်ကြောင်း အမည်ဖြင့် ချီတက်ကြသည်။

ယင်းနောက် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် မျိုးဇော်သိမ်း ဦးဆောင်သော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်းတို့ ချီတက်ကြသည်။

(၆၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ရဲမာန်အုပ်ဖွဲ့တိုက်ခိုက်ရေးလေယာဉ် ငါးစင်းက Smoke Trail များ ပစ်လွှတ်၍ ယပ်တောင်ပုံစံခွဲထွက်ပျံသန်းကာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုပျံသန်းစဉ်။ (မြဝတီ)

ထိုကဲ့သို့ စစ်ကြောင်းကြီးငါးကြောင်းမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၉၀၀၃ ဦးတို့သည် စုရပ်သစ်တပ်စစ်ရေးပြကွင်းမှ စတင်၍ သတ်မှတ်အစီအစဉ်အတိုင်း စစ်ရေးပြကွင်းကြီးဆီသို့ စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆိုကြပြီး ရောက်ရှိနေရာယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်သည် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပရာ စစ်ရေးပြကွင်းကြီးသို့ ရောက်ရှိလာပြီး စစ်ရေးပြကွင်းကြီးအတွင်းရှိ အလေးပြုခံစင်မြင့်၌ နေရာယူသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စစ်ကြောင်းကြီးများက အလေးပြုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်သည် မော်တော်ယာဉ်ဖြင့် စစ်ရေးပြ စစ်ကြောင်းကြီးများအား စစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး သစ္စာလေးချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် ၁၈၂၆ ခုနှစ် ရခိုင်နှင့် တနင်္သာရီဒေသတို့ နယ်ချဲ့လက်အောက် သို့ကျွန်ဘဝ စတင်ရောက်ရှိခဲ့ရပြီး ၁၈၈၆ ခုနှစ်တွင် တစ်နိုင်ငံလုံး ကိုလိုနီဖြစ်ခဲ့ရသည့် မိမိတို့နိုင်ငံကို လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံ ပြန်ဖြစ်ရန် နှစ်ပေါင်းများစွာ ပြန်လည်ကြိုးပမ်းခဲ့ရကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် မြန်မာမျိုးချစ်ခေါင်းဆောင်များသည် နယ်ချဲ့ကို တိုက်ထုတ်ရန် အမျိုးသားတပ်မတော် တစ်ရပ် ထူထောင်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ခက်ခက်ခဲခဲကြိုးစားခဲ့ကြရကြောင်း၊ တပ်မတော်ကို စတင် သန္ဓေတည်ပေးခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ရဲဘော်သုံးကျိပ်သည် တပ်မတော်ဖွဲ့ပြီး ဂျပန်များနှင့်အတူ နယ်ချဲ့ကို တိုက်ထုတ်နိုင်ခဲ့သော်လည်း ဖက်ဆစ်လက်အောက်တွင် ညှဉ်းပန်းနှိပ်စက်ခံနေရသည့် ပြည်သူလူထုကို ကယ်တင်ရန်အတွက် တပ်မတော်က ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် သမိုင်းဝင်ဖက်ဆစ်တော်လှန်ရေးကြီးကို တိုင်းရင်းသားပြည်သူလူထုနှင့် အတူလက်တွဲဆင်နွှဲခဲ့ခြင်းဖြစ်ကြောင်း၊ ထိုအချိန်က မိမိတို့တပ်မတော်ထဲတွင် တိုင်းပြည်ချစ်စိတ်ရှိသော တိုင်းရင်းသားလူငယ်ပေါင်းစုံ ပါဝင်တိုက်ခိုက်ခဲ့ကြကြောင်း၊ ထို့ကြောင့် မိမိတို့တပ်မတော်သည် မျိုးချစ်စိတ်အပေါ် အခြေခံပြီး လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ပြည်သူကြားမှ ပေါက်ဖွားလာသည့် ပြည်ထောင်စုတပ်မတော်ဖြစ်သည်ဟု အခိုင်အမာ ပြောကြားလိုကြောင်း။

နယ်ချဲ့တို့ မြန်မာနိုင်ငံကို ကျွန်ပြုအုပ်ချုပ်ခဲ့ချိန်တွင် ၎င်းတို့ခေါ်လာသော လူမျိုးခြားများပြဿနာနှင့် သွေးနှောပြဿနာများကို ယနေ့တိုင်ရင်ဆိုင်ဖြေရှင်းနေရဆဲဖြစ်ကြောင်း၊ ထို့အပြင် တောင်တန်းဒေသနှင့် ပြည်မ ခွဲခြားအုပ်ချုပ်ခဲ့သည့်အတွက် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်မှုများ၊ စည်းလုံးမှုများ၊ သဘောထားအမြင်များ ကွဲပြားခဲ့ကြပြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော လွတ်လပ်ရေးကြိုးပမ်းမှုတွင် အဟန့်အတား ဖြစ်ခဲ့ရသကဲ့သို့ ယနေ့ထက်တိုင်လည်း တိုင်းရင်းသားများအကြား ချစ်ကြည်စည်းလုံးမှုခိုင်မာရေးကို အလေးထားဆောင်ရွက်နေရဆဲဖြစ်ကြောင်း။

နယ်ချဲ့၏သွေးခွဲခဲ့မှု၊ အယူဝါဒ သဘောတရားရေးရာ ကွဲပြားမှုများကြောင့် လွတ်လပ်ရေးရပြီးစတွင် စတင်ပေါ်ပေါက်ခဲ့သော လက်နက်ကိုင်ပဋိပက္ခများကို တပ်မတော်က အသက်ခန္ဓာ အမြောက်အမြား ပေးဆပ်ပြီး ကယ်တင်ခဲ့ရသကဲ့သို့ ပြည်ပ တရုတ်ဖြူတပ်များ၏ ကျူးကျော်မှုများကိုလည်း တပ်မတော်ကပင် ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် စစ်ဆင်ရေးကြီးများ ဆင်နွှဲပြီး တိုက်ထုတ်ခဲ့ရကြောင်း၊ ထိုကျူးကျော်မှု၏ဒဏ်ကြောင့် နိုင်ငံအရှေ့ပိုင်းတွင် ယနေ့အချိန်ထိ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် နောက်ဆက်တွဲ မူးယစ်ဆေးဝါးပြဿနာသည် အမွေဆိုးအဖြစ် ကျန်ရှိနေသေးသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ တရုတ်ဖြူကျူးကျော်မှုကို တိုက်ဖျက်ပြီးနောက် ပြည်တွင်းသောင်းကျန်းမှု ချုပ်ငြိမ်းရေးအတွက် နေရာဒေသတစ်ခုပြီးတစ်ခု မြန်မာ့တပ်မတော်က ဆောင်ရွက်ခဲ့သည့် စစ်ဆင်ရေးကြီးများ မော်ကွန်းတင်တိုက်ပွဲကြီးများသည် သမိုင်းကြောင်းတွင် မှတ်တိုင်များ၊ မှတ်ကျောက်များအဖြစ် အထင်အရှားရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သကဲ့သို့ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ဆုံးရှုံးမခံရရေးအတွက် အရေးကြီးသော အလှည့်အပြောင်းတိုင်းတွင် တပ်မတော်သည် နိုင်ငံတော်အတွက် မားမားမတ်မတ်ရပ်ပြီး ပါဝင်ဆောင်ရွက်ပေးခဲ့ရကြောင်း၊ ၁၉၄၉ ခုနှစ်၊ ၁၉၅၈ ခုနှစ်၊ ၁၉၆၂ ခုနှစ်၊ ၁၉၈၈ ခုနှစ်တို့တွင် ဖြစ်ပေါ်ခဲ့သော အန္တရာယ်ကြီးမားလှသည့် အရေးကိစ္စများတွင် တပ်မတော်သည် နိုင်ငံတော်ကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်ပေးခဲ့ရကြောင်း၊ ယနေ့ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ လျှောက်လှမ်းချီတက်နိုင်ရေးအတွက်လည်း အခြေခံအဆောက်အအုံများကို သေချာတည်ဆောက်ပြီး တည်ငြိမ်သော အသွင်ကူးပြောင်းမှုဖြစ်အောင် စနစ်တကျစီမံဆောင်ရွက်ပေးခဲ့သဖြင့် မြန်မာနိုင်ငံ၏ပြောင်းလဲမှုပုံစံသည် ထူးခြားသော Model ပုံစံတစ်ခုအဖြစ် နိုင်ငံတကာက အသိအမှတ်ပြုခံရသည်အထိ ရောက်ရှိခဲ့ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် စည်းကမ်းတကျရှိသော ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးအတွက် ခိုင်ခိုင်မာမာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

"အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်" အဖြစ်ဖော်ဆောင်ရာမှာ"ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး" ဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် ခိုင်ခိုင်မာမာ တည်ရှိနေရန်လိုအပ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း "နိုင်ငံသားတိုင်းသည် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသည်"ဟု သတ်မှတ်ပြဋ္ဌာန်းထားကြောင်း၊ တိုင်းရင်းသားများ စုပေါင်းနေထိုင်သည့် နိုင်ငံတော်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲလျှင် ပြည်ထောင်စုကြီးပြိုကွဲသွားမည်၊ တိုင်းပြည် အစိတ်စိတ်အမွှာမွှာဖြစ်ပြီး သူတစ်ပါးတိုင်းပြည်၏ ဩဇာခံဘဝ ပြန်ရောက်သွားမည်ဖြစ်ကြောင်း၊ ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံရှင်သန်ရပ်တည်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို တိုင်းရင်းသားပြည်သူများအားလုံးက အလေးထားရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်ကို ကာကွယ်နေသည့် တို့တပ်မတော်ကလည်း နိုင်ငံတော်၏အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ပိုင်နက်နယ်မြေတစ်လက်မပင် မဆုံးရှုံးရအောင် ခိုင်ခိုင်မာမာထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါး တည်တံ့ခိုင်မြဲရေးအတွက် အသက်ခန္ဓာ၊ သွေး၊ ချွေးများကို ခိုင်ကျည်မြင့်မြတ်သည့် စိတ်ဖြင့် ရဲရဲဝံ့ဝံ့၊ စွန့်စွန့်စားစားပေးလှူထမ်းဆောင်ခဲ့ကြသော တပ်မတော်သားအပေါင်းကိုလည်း ချီးကျူးဂုဏ်ပြုကြောင်း ဤနေရာမှပြောကြားလိုကြောင်း။

နိုင်ငံတော်ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အမျိုးသား အကျိုးစီးပွားများကို အလေးထားဖော်ဆောင်နေကြရမည်ဖြစ်သကဲ့သို့ ကာကွယ်စောင့်ရှောက်ကြရမှာလည်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ အရေးကိစ္စများနှင့် အမျိုးသားအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးသည် အမျိုးသားလုံခြုံရေးကိစ္စပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးသည် များစွာကျယ်ပြန့်ပြီး နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့် နည်းပညာ၊ သဘာဝပတ်ဝန်းကျင်ရေးရာ၊ နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာစသည့် ကဏ္ဍစုံလုံခြုံမှုရှိအောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အမျိုးသားလုံခြုံရေးနှင့် ဆိုင်သည့် ကဏ္ဍများသည် လူသားတို့နေ့စဉ်ဘဝရှင်သန်မှုဆိုင်ရာ လူသားလုံခြုံရေး (Human Security)တွင်ပါရှိသည့် လူတစ်ဦးချင်းစီလုံခြုံမှု၊ လူမှုအဖွဲ့အစည်းလုံခြုံမှု၊ နိုင်ငံရေးလုံခြုံမှု၊ စီးပွားရေးလုံခြုံမှု၊ သဘာဝပတ်ဝန်းကျင်လုံခြုံမှု၊ စားနပ်ရိက္ခာလုံခြုံမှု၊ ကျန်းမာရေးဆိုင်ရာလုံခြုံမှု စသည်တို့နှင့်လည်း ဆက်နွှယ်နေခြင်းဖြစ်၍ လူသားလုံခြုံရေးကိုလည်း အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတွင် တပ်မတော်ကိုမဏ္ဍိုင်ပြုပြီး ပြည်သူအားလုံးပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဆောင်ရွက်မှုများကို မိမိတို့တပ်မတော်ကလိုအပ်သည့်နေရာတွင် ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တရားဥပဒေနှင့်အညီ နေထိုင်နိုင်ရေး၊ လူမှုစီးပွားဘဝများ လုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများတွင် မိမိတို့တပ်မတော်နှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့များက နိုင်ငံတော်အစိုးရနှင့် လက်တွဲဆောင်ရွက်ခြင်းဖြင့် အမျိုးသားလုံခြုံရေးနှင့် လူသားလုံခြုံရေးကဏ္ဍများကို ပိုပြီးထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

> **တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေသည့် အထင်အမြင်လွဲမှားအောင် ရေးသားမှု၊ ပြောဆိုမှုများသည် ထာဝရငြိမ်းချမ်းရေးကို အဟန့်အတားဖြစ်စေသည်ကို သတိထားရန် လိုအပ်သကဲ့သို့ မိမိကိုယ်ကျိုးစီးပွားအတွက် နိုင်ငံတော်၏ ရှေ့ရေးကို လျစ်လျူရှုသည့် လုပ်ရပ်များကို အမြင်ကျယ်ကျယ် ရှုမြင်သုံးသပ်ရှောင်ရှားကြရန် တိုက်တွန်းလို။**

၂၁ ရာစု နိုင်ငံတကာရေးရာ ပြောင်းလဲမှုများနှင့်အညီ နိုင်ငံများ၏ ကာကွယ်ရေးကဏ္ဍများသည်လည်း များစွာ တိုးတက်ပြောင်းလဲလျက်ရှိကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးကဏ္ဍတွင် နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမှုနည်းလမ်းကိုလည်း ကျင့်သုံးဆောင်ရွက်ကြရကြောင်း၊ ယနေ့ မိမိတို့တပ်မတော်သည် နိုင်ငံတကာနှင့် ဆက်သွယ်ဆက်ဆံရာတွင် များစွာ တိုးတက်လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ အာဆီယံတပ်မတော်များနှင့် ပူးပေါင်းဆောင်ရွက်ရမည့် ကဏ္ဍများတွင် အရည်အချင်းရှိရှိ ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့တပ်မတော်တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း ထူးခြားအောင်မြင်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်အတွင်း တပ်မတော်က တာဝန်ယူဆောင်ရွက်ခဲ့သော အာဆီယံတပ်မတော်များဆိုင်ရာ အခမ်းအနားများကို အဆင့်အတန်းရှိရှိ ခမ်းနားစွာကျင်းပပေးခဲ့ပြီး အာဆီယံနှင့် နိုင်ငံတကာအလယ်တွင် တပ်မတော်၏ ဆောင်ရွက်နိုင်မှုများကို ထင်ရှားစွာပြသခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်ရှိသည့် တပ်မတော်အဖြစ် ယခုကဲ့သို့ဆောင်ရွက်နိုင်ခြင်းသည် ရှေ့တပ်မတော်ခေါင်းဆောင် အသီးသီးတို့၏ မှန်ကန်သော ဦးဆောင်မှုများကြောင့်ဖြစ်ကြောင်း၊ မိမိတို့သည် တပ်မတော်အစဉ်အလာကောင်းများကို ဆက်ခံဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သမိုင်းအစဉ်အလာကောင်းများ၊ စွမ်းရည်များနှင့်ပြည့်စုံသော မိမိတို့တပ်မတော်သည် တိုင်းရင်းသားပြည်သူများ၏ သားသမီးများနှင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုတပ်မတော်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်စတင်ဖွဲ့စည်းချိန်မှ ယနေ့အချိန်အထိ တိုင်းရင်းသားလူမျိုးပေါင်းစုံ မိမိတို့၏ အသိစိတ်ဓာတ်နှင့်ပါဝင်အမှုထမ်းနေကြသော တပ်မတော်ဖြစ်ကြောင်း၊ တိုင်းရင်းသားများထဲမှ တပ်မတော်တွင် ဦးစီးချုပ်တာဝန်ထမ်းဆောင်ခဲ့သောသူများရှိသကဲ့သို့ တိုင်းမှူးနှင့် အထက်တာဝန်ထမ်းဆောင်နေသူများထဲတွင်လည်း တိုင်းရင်းသားများ ပါရှိသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးစုံ အဆင့်တိုင်းတွင် တာဝန်ထမ်းဆောင်နေကြသကဲ့သို့ ဘယ်တိုင်းရင်းသားဖြစ်မှ၊ ဘယ်ဒေသသားဖြစ်မှ ရာထူးပေးမည်ဆိုခြင်းမျိုး ခွဲခြားထားခြင်းမရှိဘဲ တပ်မတော်နှင့်နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စစ်ရေး၊ နိုင်ငံရေးအသိအမြင် ပြည့်ဝမှု၊ ထက်မြက်သော ခေါင်းဆောင်မှု အရည်အချင်းများနှင့် ပြည့်စုံမှုရှိလျှင် တပ်မတော်တွင် အဆင့်မြင့်ရာထူးများအထိ တာဝန်ထမ်းဆောင်ခွင့်ရကြမည်ပင်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ဘယ်နိုင်ငံ၊ ဘယ်တပ်မတော်မှ မျိုးနွယ်စုလူဦးရေအချိုးအရ စစ်မှုထမ်းဆောင်စေရမည်၊ ရာထူးနေရာပေးရမည်ဆိုပြီးမရှိကြောင်း၊ ယနေ့ခေတ်ကဲ့သို့ နည်းပညာမြင့်မားသော ခေတ်ကြီးတွင် ပညာရည်မြင့်မားသော စွမ်းဆောင်ရည်မြင့်မားသည့် အရာရှိ၊ စစ်သည်များ ပိုပြီးလိုအပ်ခြင်းကြောင့် နိုင်ငံတော်အပေါ် သစ္စာရှိသော ကိုယ်ပိုင်အရည်အချင်း မြင့်မားသည့် လူများသည် ခေတ်သစ်တပ်မတော်တွင် ပိုပြီးပါဝင်ခွင့်ရလာမည်ပင်ဖြစ်ကြောင်း။

မိမိတို့တပ်မတော်၏ တပ်အသီးသီးစုဖွဲ့ထားမှုသည် မြန်မာ့နိုင်ငံရေး ပထဝီအနေအထားနှင့် အခြေအနေအရပ်ရပ်တို့အပေါ် မူတည်ပြီး အကောင်းဆုံးစုဖွဲ့ထားခြင်းဖြစ်ကြောင်း၊ တပ်ရင်း၊ တပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်နေကြသည့် စစ်သည်များသည် နိုင်ငံ၏ ဒေသအသီးသီးမှ တိုင်းရင်းသားညီအစ်ကိုများဖြစ်သကဲ့သို့ ဇနီးရဲမေများသည်လည်း တိုင်းရင်းသူများပင်ဖြစ်ကြောင်း၊ စစ်သည်များက ညီရင်းအစ်ကိုစိတ်ဓာတ်နှင့်ဇနီးရဲမေများက ညီအစ်မစိတ်ဓာတ်၊ အားလုံးမိသားစုစိတ်ဓာတ်များဖြင့် စည်းစည်းလုံးလုံး နေထိုင်ကြခြင်းဖြစ်ကြောင်း၊ တပ်၏ လုပ်ငန်းများတွင် မိသားစုများကလည်း ပါဝင်ဆောင်ရွက်ပြီး အရာရှိ၊ စစ်သည်များအားလုံးနှင့် ဇနီးရဲမေများက နိုင်ငံတော်ကာကွယ်ရေးအရန်အင်အားစုများအဖြစ်ဖြင့် စစ်ပညာများကိုပါ သင်ကြားလေ့ကျင့်ထားကြကြောင်း၊ ထိုသို့စည်းလုံးခိုင်မာစွာ စုဖွဲ့ထားသော တပ်မတော်၏ စုဖွဲ့ပုံ၊ လုပ်ဆောင်ပုံများသည် နိုင်ငံတော်ကာကွယ်ရေးအတွက် ခိုင်မာသော အင်အားများကို ဖြစ်ပေါ်စေကြောင်း၊ တပ်မှူးတာဝန်အရ ခေါင်းဆောင်မှုအပြင် တပ်၏ အမိအဖအနေဖြင့်ပါ ဦးစီးဦးဆောင်မှုသည် တပ်မတော်၏ ထူးခြားသော ပုံစံဖြစ်၍ ထိုကွပ်ကဲမှုပုံစံကို အကောင်းဆုံးဆက်လက်ကျင့်သုံး ဖော်ဆောင်သွားကြရန် မှာကြားလိုကြောင်း။

"နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်"ဟု နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားကြောင်း၊ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အမျိုးသားညီလာခံက အခြေခံမူ ၁၀၄ ချက်ချမှတ်ပြီး ၎င်းအပေါ် အခြေခံရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် လူဦးရေ ၅၇ ဒသမ ၃ သန်းတွင် ဆန္ဒမဲပေးခွင့်ရှိသူ ၂၇ ဒသမ ၂၈ သန်းအနက် မဲပေးသူ ၂၆ ဒသမ ၇ သန်းထဲမှ ၂၄ ဒသမ ၇၆ သန်းက ထောက်ခံဆန္ဒမဲပေးခဲ့သည့်အတွက် ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက ထောက်ခံအတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက် ပါတီတစ်ခုအတွက် အဖွဲ့အစည်းတစ်ခုအတွက်၊ တိုင်းရင်းသားလူမျိုးစု တစ်ခုအတွက်၊ တပ်မတော်အတွက် ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းမဟုတ်ကြောင်း၊ ထို့ကြောင့် ထောက်ခံဆန္ဒမဲပေးသူ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း၏ဆန္ဒကို လေးစားရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်ပြီး အခြေခံဥပဒေအခန်း(၁)နိုင်ငံတော်အခြေခံမူများနှင့် အခန်း(၈)နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များတွင် လက်ရှိ ဒီမိုကရေစီလိုအပ်ချက်များနှင့် သဟဇာတဖြစ်အောင် ပြဋ္ဌာန်းထားပြီးဖြစ်သည့်အပြင် အခြေခံဥပဒေပုဒ်မ ၁၁(က)တွင်လည်း နိုင်ငံတော်၏အချုပ်အခြာအာဏာခက်မသုံးဖြာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း ပြန်လှန်ထိန်းကျောင်းခြင်းတို့ပြဋ္ဌာန်းထားသည်ကို တွေ့ရကြောင်း၊ အချုပ်အခြာအာဏာ ခက်မသုံးဖြာကို နည်းလမ်းတကျ ပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းကို အဟန့်အတားဖြစ်မည့် ကိစ္စများ၊ အခြေအနေအချိန်အခါအရ အခြေခံလိုအပ်ချက်များနှင့် သဟဇာတမဖြစ်ခြင်းများရှိလာခဲ့၍ ပြင်ဆင်ရန်လိုအပ်လာလျှင်လည်း အခန်း(၁၂) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းတွင် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဓိကလိုအပ်ချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉(က)နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ခွဲဝေပေးထားသည့် ဥပဒေပြုစာရင်းနှင့် အခွင့်အရေးများကို ညီညွတ်မျှတအောင် ဆောင်ရွက်ပေးနိုင်ရေးပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ရသည့် အဓိကအချက်သည် နိုင်ငံတော်အတွင်း အေးချမ်းတည်ငြိမ်မှု နည်းပါးပြီး လက်နက်ကိုင်ပဋိပက္ခများကြောင့်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ လူမျိုးရေး၊ ဘာသာရေး၊ အယူဝါဒရေးများအရ စတင်ပေါ်ပေါက်ခဲ့သည့် နှစ်ပေါင်း ၆၀ ကျော်ကြာ လက်နက်ကိုင်ပဋိပက္ခများကြောင့် အဘက်ဘက်မှ ဖွံ့ဖြိုးမှု နောက်ကျခဲ့ရကြောင်း၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✳

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

(၆၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပရာ နေပြည်တော် စစ်ရေးပြကွင်းကြီးမှ ယန္တရားတပ်ဖွဲ့များ ပြန်လည်ထွက်ခွာစဉ်။ (မြဝတီ)

(၆၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပရာ နေပြည်တော် စစ်ရေးပြကွင်းကြီးသို့ စစ်ချီတေးများ သံပြိုင်ဟစ်ကြွေးပြီး စစ်ကြောင်းကြီးများ ချီတက်နေရာယူကြစဉ်။ (မြဝတီ)

(၆၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပရာ နေပြည်တော် စစ်ရေးပြကွင်းကြီးသို့ အောင်ဆန်းစစ်ကြောင်းအမည်ဖြင့် ယန္တရားတပ်ဖွဲ့များ ချီတက်လာကြစဉ်။ (မြဝတီ)

ပြည်တွင်းရေးရာ

✱ စာမျက်နှာ ၉ မှ

လက်နက်ကိုင်ပဋိပက္ခများကြောင့်ပင် နိုင်ငံနှင့် အနှံ့အပြား အခြေခံအဆောက်အအုံပျက်စီးဆုံးရှုံးမှုများ ကြီးမားခဲ့ရသကဲ့သို့ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း တည်ငြိမ်အေးချမ်းမှုမရှိသည့်အတွက် အချိန်ကြန့်ကြာမှုများနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုဘဝတိုးတက်မြင့်မားရေးအတွက် စီးပွားရေး ပတ်ဝန်းကျင် အခြေခံကောင်းများ ဖန်တီးပေးရန် လိုအပ်သကဲ့သို့ စီးပွားရေးပတ်ဝန်းကျင် အခြေခံကောင်းများကိုလည်း တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ မည်သည့်ဒီမိုကရေစီစနစ် ကျင့်သုံးသည့်နိုင်ငံမဆို အကြမ်းဖက်မှုနှင့် လက်နက်ကိုင်ပဋိပက္ခများကို လုံးဝလက်မခံသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးသည် လက်ရှိဒီမိုကရေစီစနစ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော မိမိတို့နိုင်ငံအတွက် အလွန်အရေးကြီးသော လိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတိုင်း အဆင့်ဆင့်လိုက်နာဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ အရေးကြီးဆုံးအချက်မှာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပင်ဖြစ်ကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဦးစွာ မဆောင်ရွက်ဘဲ နိုင်ငံရေးဆွေးနွေးပွဲများ ဆောင်ရွက်နေလျှင် သဘောထားမတိုက်ဆိုင်မှုများကြောင့် မလိုအပ်ဘဲ အချိန်ကြန့်ကြာနိုင်သကဲ့သို့ နဂိုရရှိပြီးသား ညှိနှိုင်းသဘောတူညီမှုများပါ ပျက်ပြယ်သွားနိုင်ပြီး လက်နက်ကိုင်ပဋိပက္ခများဆီကိုပင် ပြန်လည်ဦးတည်နိုင်သည်ကို သတိထားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းများ ဥပဒေနှင့်အညီ ဖြစ်စေရေးသည် အရေးကြီးသည့်အတွက် မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်ထောင်စုသားအားလုံးနှင့် တက်ညီလက်ညီ လက်တွဲပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးသည် နိုင်ငံအတွက် အလွန်အရေးကြီးသော ကိစ္စရပ်များဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေသည့် အထင်အမြင်လွဲမှားအောင် ရေးသားမှု၊ ပြောဆိုမှုများသည် ထာဝရငြိမ်းချမ်းရေးကို အဟန့်အတားဖြစ်သည်ကို သတိထားရန်လိုအပ်သကဲ့သို့ မိမိကိုယ်ကျိုးစီးပွားအတွက် နိုင်ငံတော်၏ရေ့ရေးကို လျစ်လျူရှုသည့် လုပ်ရပ်များကို အမြင်ကျယ်ကျယ် ရှုမြင်သုံးသပ်ရှောင်ရှားကြရန် တိုက်တွန်းလိုကြောင်း။

မိမိတို့၏ နိုင်ငံ့အကြီးအကဲ၊ တပ်မတော်အကြီးအကဲများသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အလေးထားကြသကဲ့သို့ ပြည်သူလူထုအပေါ်တွင်လည်း အမိအဖသဖွယ် အလေးထားခဲ့ကြသည်ကို ၎င်းတို့၏ မိန့်ခွန်းများတွင် တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် ဧပြီလ ၁၇ ရက်နေ့ နှစ်သစ်ကူးမိန့်ခွန်းတွင် **“တိုင်းပြည်လူထုဟာ တိုင်းရင်းသား အချင်းချင်းနဲ့ အမြဲညီညွတ်အောင် ကြိုးစားဖို့လိုတယ်။ တိုင်းရင်းသားလူထုဟာ ဒီလိုလူထုညီညွတ်မှုနဲ့ တိုင်းရင်းသားအချင်းချင်း ညီညွတ်ဖို့ လိုတယ်”** လို့ မိန့်ကြားခဲ့သကဲ့သို့ ဗိုလ်ချုပ်ကြီးနေဝင်းကလည်း ၁၉၆၄ ခုနှစ်(၁၇)နှစ်မြောက် ပြည်ထောင်စုနေ့ မိန့်ခွန်းတွင် **“တိုင်းရင်းသား လူမျိုးအသီးသီးတို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် ပြည်ထောင်စု မြန်မာနိုင်ငံအား စီးပွားရေး၊ လူမှုရေးတို့ သာယာဝပြော၍ တည်တံ့စည်းလုံး ခိုင်မြဲသော နိုင်ငံတစ်ခုတည်ထောင်ရာတွင် တိုင်းရင်းသား လူမျိုးအားလုံးတို့၏ ချစ်ကြည်ရေး၊ သွေးစည်း ညီညွတ်ရေးသည် အခြေခံလိုအပ်ချက်ကြီးဖြစ်ကြောင်း တိုင်းရင်းသား လူမျိုးတိုင်းက လက်ခံယုံကြည်ထားရန် လိုအပ်ပါသည်”**ဟု မိန့်ကြားခဲ့ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၁၉၉၆ ခုနှစ် မတ် ၂၅ ရက်က ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တောင်ညိုရေလှောင်တမံဖွင့်ပွဲအခမ်းအနားတွင် **“တိုင်းပြည်ကိုထူထောင်ရာတွင် နိုင်ငံတော်အစိုးရကလည်း ပြည်သူလူထု၏ အကျိုးစီးပွားအတွက် နေ့ညမဟူ အားကြိုးမာန်တက် အလုပ်လုပ်ပြီး တပ်မတော်ကလည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်သာမက ပြည်သူလူထု၏ အကျိုးစီးပွားကို ဝိုင်းဝန်းကူညီဆောင်ရွက်ကာ ပြည်သူလူထုကလည်း တတ်နိုင် သလောက် ပူးပေါင်းဆောင်ရွက်ကြပါက တိုင်းပြည်တိုးတက်လာမည်ဖြစ်ကြောင်း”** မိန့်ကြားခဲ့သည်ကိုကြည့်လျှင် မိမိတို့၏ ခေါင်းဆောင်များသည် ပြည်သူလူထုကိုအလေးထားသကဲ့သို့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုလည်း အထူးအလေးထားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်သူကြားမှ ပေါက်ဖွားလာသည့် တပ်မတော်သားများအနေဖြင့်လည်း ပြည်သူလူထုကို အမိအဖသဖွယ် သဘောထားပြီး နိုင်ငံတော်ထာဝရငြိမ်းချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးတွင် ပြည်သူလူထုနှင့်အတူ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ တပ်မတော်၏ သမိုင်းအစဉ်အလာများ ပိုမိုထွန်းတောက်စေရန် (၆၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးအခန်းကဏ္ဍတွင် နိုင်ငံတော် အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှု၌ တစ်တပ်တစ်အားဝိုင်းဝန်း ကူညီဆောင်ရွက်ရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် စုစည်းညီညွတ်သော ပြည်ထောင်စုကို အခြေခံ၍ တည်ငြိမ်အေးချမ်းမှုမှသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာ၌ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရေး ဆိုသည့် ဦးတည်ချက်များနှင့်အညီ ဆက်လက်ထမ်းဆောင်သွားကြပါဟု တိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မျိုးဇော်သိမ်း ဦးဆောင်သော စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဗိုလ်မှူးကြီးမျိုးသန့် ဦးဆောင်သော ယန္တရားတပ်ဖွဲ့များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြသည်။

ထိုသို့ ချီတက်အလေးပြုချိန်တွင် စွန်ရဲအုပ်ဖွဲ့ တိုက်ခိုက်ရေးရဟတ်ယာဉ်တစ်စင်းမှ နိုင်ငံတော်အလံ ချိတ်ဆွဲပျံသန်းပြီး တိုက်ခိုက်ရေး ရဟတ်ယာဉ်နှစ်စင်းက ဘေးမှလိုက်ပါခြံရံပျံသန်း၍လည်းကောင်း၊ ကြိုးကြာအုပ်ဖွဲ့ သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်သုံးစင်းက တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများ အသီးသီးချိတ်ဆွဲပြီး ပျံသန်း၍လည်းကောင်း၊ အာကာအုပ်ဖွဲ့ လေယာဉ်သုံးစင်းက အုပ်ဖွဲ့ပျံသန်း၍လည်းကောင်း၊ ရဲမာန်အုပ်ဖွဲ့ တိုက်ခိုက်ရေးလေယာဉ်ငါးစင်းက မြားဦးသဏ္ဌာန်မောင်းနှင်ကာ Smoke Trail များ ပစ်လွှတ်ပြီး ပျံသန်း၍လည်းကောင်း၊ သူရိန်အုပ်ဖွဲ့ကြားဖြတ် တိုက်ခိုက်ရေးလေယာဉ်ငါးစင်းက မြားဦးသဏ္ဌာန်ဖြင့် အုပ်ဖွဲ့ပျံသန်း၍ လည်းကောင်း၊ သီဟအုပ်ဖွဲ့ဗုံးကြဲလေယာဉ်သုံးစင်းက အုပ်ဖွဲ့ပျံသန်း၍လည်းကောင်း၊ ရာဇာအုပ်ဖွဲ့ ဘက်စုံသုံးတိုက်ခိုက်ရေးလေယာဉ် ငါးစင်းက မြားဦးသဏ္ဌာန်ဖြင့် အုပ်ဖွဲ့ပျံသန်း၍လည်းကောင်း၊ ရဲမာန်အုပ်ဖွဲ့ တိုက်ခိုက်ရေးလေယာဉ်ငါးစင်းက Smoke Trail များ ပစ်လွှတ် ၍ Fun Break ခေါ် ယပ်တောင်ပုံစံ ခွဲထွက်ပျံသန်း၍ လည်းကောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုပျံသန်းကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်သည် စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာသွားသည်။

(၆၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စုရပ်သစ်တပ် စစ်ရေးပြကွင်းအနီးရှိ ရန်ကုန်-မန္တလေးကားလမ်းမနှင့် ပင်လောင်းလမ်းဆုံတွင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကြူးထားသော ပိုစတာကြီးများကိုလည်းကောင်း၊ စစ်ကြောင်းကြီးများ ချီတက်ရာ လမ်းတစ်လျှောက်တွင် “လူထုအားကို အများကြီးလိုသည်”၊ “တပ်မတော်ကြီးကိုအင်အားရှိအောင် အရာရာမှာကူညီ”၊ “တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အားရှိ မည်” စသည့် တပ်မတော်၏ ဆောင်ပုဒ်စာတန်းပါ ဆိုင်းဘုတ်များကို လည်းကောင်း၊ “တပ်နှင့်ပြည်သူ မြဲကြည်ဖြူ သွေးခွဲလာသူ ဒို့ရန်သူ”၊ “သစ္စာလေးလီ ဦးထိပ်တည် စွမ်းရည်သုံးရပ် ကျေပွန်အပ်” စသည့် သရုပ်ဖော် ပိုစတာစာတန်းများကိုလည်းကောင်း ချိတ်ဆွဲထားကြောင်း သတင်းရရှိသည်။

(မြဝတီ)

စစ်တွေမြို့ ရှာကြီးတောင်ရပ်ကွက် ပညာလင်္ကာရကျောင်းတိုက် သုဒ္ဓိဇေယျ ဘုရားများ သိမ်တော်ဝင်းအတွင်းရှိ စေတီ နှစ်ဆူအား ရွှေထီးတော် အသစ်တင်လှူစဉ်။

စစ်တွေမြို့ ဘုရားများသိမ်တော်ဝင်းအတွင်း စေတီတော်နှစ်ဆူအား ရွှေထီးတော်တင်လှူ

စစ်တွေ မတ် ၂၇

ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး နေမျိုး၊ ဇနီး ဒေါ်စိုးဒေဝီမိသားစုနှင့် ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့ဝင်မိသားစုများ၊ အလှူရှင်များစုပေါင်းပြီး စစ်တွေမြို့ ရှာကြီးတောင်ရပ်ကွက် ပညာလင်္ကာရကျောင်းတိုက် သုဒ္ဓိဇေယျ ဘုရားများ သိမ်တော်ဝင်းအတွင်းရှိ စေတီနှစ်ဆူအား ရွှေထီးတော်အသစ်တင်လှူပြီး ယင်းအလှူနှင့်အတူ ငှက်ပျောဖူးတော်နှင့် ကြာမှောက်ကြာလန်များ၊ စေတီမဏ္ဍိုင်စတီးတိုင် အသစ်လဲလှယ်၊ ပြုပြင်ခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်း၊ ဘုရားဆင်းတုတော်လှူခြင်း၊ လေးပေပတ်လည်ဘုရားရင်ပြင် အသစ်ခင်းခြင်းနှင့် သံပန်းတံခါးလှူခြင်း၊ ဘုရားဓာတ်တော်မွေတော်နှင့် ဆင်းတုတော်များအား ဌာပနာသွင်း ပူဇော်ခြင်းများ ဆောင်ရွက်ခြင်း၊ လှူဒါန်းမှုများအတွက် ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို မတ် ၂၆ ရက် နံနက် ၇ နာရီတွင် အဆိုပါ ပညာလင်္ကာရကျောင်းတိုက် သုဒ္ဓိဇေယျဘုရားများ သိမ်တော်ဝင်း အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်တွေမြို့ ဒက္ခိဏာရာမကျောင်းတိုက်ဆရာတော် ပြည်နယ်ဩဝါဒါစရိယ ဘဒ္ဒန္တ စန္ဒအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ၊ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး နေမျိုး၊ ဇနီး ဒေါ်စိုးဒေဝီမိသားစု၊ ပြည်နယ်ရဲတပ်ဖွဲ့ဝင်မိသားစုများနှင့် အလှူရှင်မိသားစုများ၊ ဖိတ်ထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ ရှေးဦးစွာ အခမ်းအနားကို သံဃာတော် အရှင်သူမြတ်များနှင့် ဧည့်ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ဒက္ခိဏာရာမကျောင်းတိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပြည်နယ် ဩဝါဒါစရိယ ဘဒ္ဒန္တစန္ဒ မထေရ်မြတ်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ယင်းနောက် ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓဆင်းတုတော်များအား ဘုရားအနေကဇာတင် ပူဇော်ကြပြီး အလှူရှင်ဧည့်ပရိသတ်များက သံဃာတော် ၅၄ ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကာ ဘုရားသိမ်တော်ဝင်းအတွင်းရှိ စေတီတော်နှစ်ဆူအား ရွှေထီးတော် တင်ပူဇော်ကြသည်။ ထို့နောက် အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

■

မင်းလမ်း(၅-ဆိုင်)မြောက်ဖွင့်လှစ်ခြင်း

မင်းလမ်း ရခိုင်လက်ညှစ်မုန့်တီနှင့် လတ်ဆတ်သောပင်လယ်စာ၏ ပဉ္စမမြောက်ဆိုင်ခွဲကို အမှတ်(၆၉)၊ ဝေဇယန္တာလမ်းမကြီး၊ အောင်ရတနာ မီးပွိုင့်အနီး၊ ၁၆-ကွေ့၊ ၈ ရပ်ကွက်၊ (၁)လမ်း၊ စက်မှုဇုန်၊ တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်မြို့၌ (၂၇-၃-၂၀၁၄)(တပ်မတော်နေ့)တွင် ဆိုင်ခွဲသစ် ဖွင့်လှစ်ပြီးဖြစ်ပါ၍ ကျေးဇူးရှင်စားသုံးသူ မိတ်ဟောင်း/ မိတ်သစ်များကို ခင်မင်ရင်းနှီးစွာ အသိပေးအပ်ပါသည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မန္တလေးနို့ချက်စက်ရုံလုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုအားပေး

နေပြည်တော် မတ် ၂၇

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် မတ် ၂၃ ရက် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ သမဝါယမအသင်းစုချုပ်နှင့် Myanmar Dairy Industries Ltd.(MDIL) တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော နို့ချက်စက်ရုံသို့ ရောက်ရှိပြီး ပိုးသတ်ပြီးနွားနို့ (UHT Milk) ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

အဆိုပါစက်ရုံသည် ၂၀၁၃ ခုနှစ် မေလမှ စတင်၍ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Myanmar Dairy Industries Ltd. (MDIL) တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်သမ္မတကြီးနှင့် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့၏ လမ်းညွှန်ချက်များအရ နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်သည့် ပိုးသတ်ထားသော နွားနို့ (UHT Milk) ကို ထုတ်လုပ်လျက်ရှိသည်။ ပိုးသတ်ထားသောနွားနို့ (UHT Milk) သည် နွားနို့၏ မူလအရောင်၊ အနံ့၊ အရသာနှင့် အာဟာရဓာတ်ပြောင်းလဲမှုမရှိဘဲ ခုနစ်လမှ တစ်နှစ်အထိ တာရှည်ထားရှိသုံးစွဲနိုင်သည်။ ပိုးသတ်ထားသောနွားနို့ (UHT Milk)ကို ထုတ်လုပ်ရာတွင် ခေတ်မီစက်ကိရိယာများနှင့် ခေတ်မီနည်းစနစ်များ အသုံးပြုပြီး အဆင့်ငါးဆင့်ဖြင့် ထုတ်လုပ်ခြင်းဖြစ်သည်။ ထုတ်လုပ်မှုလုပ်ငန်းစဉ် (Production Process)မှာ လေဟာနယ်မွှေစက် (Vaccum mixer)၊ သိုလှောင်စက် (Holding Tank)တို့ဖြင့် နွားနို့နှင့် ဆက်စပ်ပစ္စည်းများကို ရောနှောအရည်ကျိုခြင်း၊ (Ultra- high heat) ပိုးသတ်စက်ဖြင့် နွားနို့ပိုးသတ်ခြင်း၊ (High Density Poly-ethylene)အမျိုးအစား နို့ဘူးများထုတ်လုပ်ခြင်း၊ ပိုးသတ်ပြီးနွားနို့များကို (Milk Filling)စက်ဖြင့် နို့ဘူးများတွင်ထည့်သွင်းခြင်း၊ ထို့နောက် အရည်အသွေးစစ်ဆေးခြင်းတို့ဖြစ်သည်။ ထို့ကြောင့် (UHT Milk)များသည် မူလနွားနို့အရည်အသွေး ထိခိုက်မှုမရှိခြင်း၊ ရေခဲသေတ္တာမလိုဘဲ ကြာရှည်စွာအထားခံနိုင်ခြင်း၊ ပိုးမွှားကင်းစင်ခြင်း၊ ကျန်းမာရေးအတွက်လိုအပ်သော ဗီတာမင်ဓာတ်များ ပျက်စီးမှုမရှိခြင်း၊ အသက်အရွယ်မရွေး သောက်သုံးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

လုပ်ငန်းအခြေအနေများကို လှည့်လည်ကြည့်ရှုပြီးနောက် ပြည်ထောင်စုဝန်ကြီးက (UHT Milk)ထုတ်လုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် နွားနို့ကုန်ကြမ်းထုတ်လုပ်ခြင်း၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်ကို အစဉ်အရည်အသွေးမြှင့်တင်ခြင်း၊ ဈေးကွက်တည်ဆောက်ခြင်းနှင့် တိုးချဲ့ခြင်းတို့ကို တစ်ပြိုင်တည်းဆောင်ရွက်သွားကြရန်၊ နွားနို့ကုန်ကြမ်း ထုတ်လုပ်မှုခိုင်မာစေရေးအတွက် နွားမွေးမြူရေးသမဝါယမများ၊ မွေးမြူသူများနှင့် ဆွေးနွေးပွဲများပြုလုပ်ပြီး အရင်းအနှီး၊ နည်းပညာပံ့ပိုးလုပ်ဆောင်ရန် ထုတ်လုပ်မှုလုပ်ငန်းစဉ် အရည်အသွေးမြှင့်တင်ရေးအတွက် နိုင်ငံတကာ ထုတ်လုပ်မှုစနစ်များကို အစဉ်လေ့လာပြုပြင်ဆောင်ရွက်ရန်နှင့် ဈေးကွက်တည်ဆောက်ရေးအတွက် ပုဂ္ဂလိက၊ သမဝါယမအသင်းများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနယ်စပ်များသို့ပါ တင်ပို့နိုင်ရေး ကြိုးစားဆောင်ရွက်ရန် မှာကြားခဲ့သည်။

တာဝန်ရှိသူနှင့် လုပ်ငန်းရှင်များကလည်း မကြာမီ သက်ဆိုင်ရာနွားမွေးသူများ၊ ဖောက်သည်ယူရောင်းချသည့် သမဝါယမအသင်း၊ ပုဂ္ဂလိက ရောင်းဝယ်ရေးလုပ်ငန်းရှင်များနှင့် ဆွေးနွေးညှိနှိုင်းပွဲများ ဆက်လက်လုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော်၌ တောင်သူပညာပေးစိုက်ခင်းများ အောင်မြင်

နေပြည်တော် မတ် ၂၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မတ် ၂၆ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်-ပျဉ်းမနား ကားလမ်းဟောင်းအနီးရှိ နေပြည်တော် ငလိုက်ဆည်ရေသောက် ပိန်းဉမျိုးပွားစိုက်ခင်း၊ ကန်စွန်းမျိုးပွားစိုက်ခင်း၊ မြေပဲမျိုးပွားစိုက်ခင်း၊ ကညွတ်မျိုးပွားစိုက်ခင်းများနှင့် စပါးမျိုးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအနီး၌ စပါးပင်များ ဖြစ်ထွန်းအောင်မြင်နေမှုကို စစ်ဆေးပြီး စိုက်ပျိုးရေးပညာရှင်များအနေဖြင့် ဂျပန်မူရင်းစပါးမျိုးများ၏ သက်တမ်းနှင့် တစ်ဧကစပါးအထွက်နှုန်း၊ ဈေးကွက်ရရှိနိုင်မည့် အလားအလာအပေါ် လေ့လာသွားရန်နှင့် ဈေးကွက်တွင် တွက်ခြေကိုက်ပါက တောင်သူများထံသို့ မျိုးများကို ဖြန့်ဖြူးနိုင်ရန် စနစ်တကျ မျိုးပွားထိန်းသိမ်းကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်တန်းမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားခနှုန်းထား ပြောင်းလဲကောက်ခံရန် ရှင်းလင်း

ကျောက်တန်း မတ် ၂၇

လျှပ်စစ်ဓာတ်အားခနှုန်းထား ပြောင်းလဲကောက်ခံခြင်းနှင့် ပတ်သက်၍ ဒေသခံပြည်သူသို့ ရှင်းလင်းပွဲကို မတ် ၂၄ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မင်္ဂလွန်းစံပြကျေးရွာ မဟာအတုလဦးသျှောင် ကိုးထပ်ကြီးဘုရား အာရုံခံတန်ဆောင်း၌ ကျင်းပရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ကျောက်တန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဦးက ဓာတ်အားခနှုန်းထား တိုးမြှင့်ကောက်ခံခြင်းမှ ရရှိလာမည့်ငွေဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်သည့် ဒေသများသို့ ဓာတ်အားခွဲရုံများဖြင့် ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါရှင်းလင်းပွဲများကို မတ် ၂၀ ရက်က ကျောက်တန်းမြို့ အလယ်ပိုင်း၊ ရွှေကုန်း၊ အရှေ့ပိုင်းရပ်ကွက်တို့မှ လျှပ်စစ်ဓာတ်အားသုံးစွဲသူများအား အရှေ့ပိုင်းမူလတန်းကျောင်းတွင် လည်းကောင်း၊ မတ် ၂၁ ရက်က အနောက်ပိုင်းဆင်ကန် စံချိန်မီရပ်ကွက်များနှင့် အဒွတ္တော ရွှေပျောက်-ပါဒကြီးစံပြကျေးရွာတွင် လည်းကောင်း၊ မတ် ၂၂ ရက်က ညောင်ဝိုင်းကျေးရွာ မြိုင်သာယာ အမှတ်(၁)၊ (၂)၊ (၃)၊ (၄) ရပ်ကွက်များမှ ဒေသခံပြည်သူများအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၇၄)**

အရန်မျိုးများကြိုတင်စုဆောင်းထားရေးနှိုးဆော်ချက်

၁။ အချို့သောဒေသများတွင် မိုးဦးလေဦးနှင့် မိုးတွင်းကာလများတွင် သဘာဝဘေးအန္တရာယ်များမှာ **ရာသီစာကဲ့သို့** ပုံမှန်ဖြစ်ပွားတတ်ရာ သီးနှံများအချိန်မီစိုက်ပျိုးနိုင်ရန်နှင့် ပျက်စီးသွားသောနေရာများတွင် အချိန်မီ ပြန်လည်အစားထိုးဖာထေးစိုက်ပျိုးရန်အတွက် ဒေသအတွင်း မြို့နယ်အလိုက် လိုအပ်သော အရန်မျိုးစေ့များကို စနစ်တကျ ကြိုတင်စုဆောင်းထားရှိကြရန် လိုအပ်ပါသည်။

၂။ သို့မှသာလျှင် သဘာဝဘေးအန္တရာယ်ဖျက်ဆီးမှုများ ဖြစ်ပေါ်လာပါက တောင်သူလယ်သမားများသို့ အချိန်မီ မျိုးစေ့များ လွယ်လင့်တကူ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ **ရာသီစာကဲ့သို့** မိုးကြိုးရေနစ် ပုံမှန်ဖြစ်လေ့ဖြစ်ထရှိသော မြို့နယ်များတွင် အရန်မျိုးစေ့များ ကြိုတင်တွက်ဆ၍ ကြိုတင်ပြင်ဆင်စုဆောင်းထားရှိနိုင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စာရင်းစစ်၊ စာရင်းကောက်များတာဝန်ပေးအပ်

ဒေါပုံ မတ် ၂၇

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဆင်းပွဲနှင့် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၅ ရက် ညနေ ၄ နာရီက အမက(၇)ကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအရှေ့ပိုင်းခရိုင် သန်းခေါင်စာရင်းကော်မတီ အဖွဲ့ဝင် ဦးဝင်းမြင့် (အရှေ့ပိုင်းခရိုင် မထသဥက္ကဋ္ဌ)က သင်တန်းဆင်း အမှာစကားပြောကြားပြီး စာရင်းစစ်၊ စာရင်းကောက်များထံ တာဝန်ပေးအပ်လွှာများ ပေးအပ်ကြောင်း သိရသည်။ **အေးသန်း(ဒေါပုံ)**

အများသိသာစေရန်နှင့် ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃-ဘီ)၊ မြေကွက်အမှတ်(၄၃၈ အမ်/အေ)၊ မြေအမျိုးအစား (ဂရန်ရှိ မြေပိုင်မြေ)၊ မြေအကျယ်အဝန်း (၀. ၁၂၂) ဧကရှိ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ ဖိုးစိန်လမ်း၊ အမှတ်(၅၀) ဟု ခေါ်တွင်သောမြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ဖြင့် စီမံခန့်ခွဲရောင်းချနိုင်သည်ဟု အဆိုပြုသူ ဒေါ်ယမင်းစိုး [၇/ပခန(နိုင်)၁၈၄၄၇၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးအပ်ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ သဘောတူညီမှုမရှိဘဲ အထက်အဆိုပါမြေနှင့်အိမ်ကို ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ အာမခံတင်သွင်းခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန် သတိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးထွန်းနိုင်အောင်(**LL.B, C.B.L**)၊ အထက်တန်းရှေ့နေ(စဉ်-၃၀၂၈၂)
အိမ်၊ ခြံ၊ မြေအကျိုးဆောင်နှင့် ဥပဒေအကြံပေးအတိုင်ပင်ခံ
အခန်း(၅၀၂)၊ တိုက်(၃)၊ ရွှေထီးအိမ်ရာ၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်
ဖုန်း-၀၉-၅၁၂၅၆၀၂၊ ၀၉-၇၃၀၈၈၀၈၄၊ ၀၉-၇၃၀၈၈၅၉၆

အနုပညာရှင်များပါဝင်သော သန်းခေါင်စာရင်းကောက်ယူရေး ပျော်ပြေရေးယာဉ် ဒဂုံမြို့သစ်(တောင်ပိုင်း)သို့ လာရောက်

ရန်ကုန် မတ် ၂၇

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအသိပညာပေး အကြိုလှုံ့ဆော်ဖျော်ဖြေပွဲများကို အနုပညာရှင်များက မြို့နယ်များသို့လှည့်လည်ဖျော်ဖြေလျက်ရှိရာ မတ် ၂၅ ရက် ညနေ ၅ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၂၆)ရပ်ကွက် ပြည်ထောင်စုလမ်းမတွင် အနုပညာရှင်များဖြစ်ကြသော အကယ်ဒမီ ဆွေဇင်ထိုက်၊ ဇာဂနာ၊ ငှက်ပျောကြော်၊ ဂေါ်ဇီလာ၊ ကြယ်သီးနှင့် အဆိုတော်ဟဲလေးတို့က လာရောက်ဖျော်ဖြေကြသည်။

အဆိုပါ ဖျော်ဖြေမှုတွင် လာရောက်ကြည့်ရှုအားပေးကြသော ပရိသတ်များအား ဉာဏ်စမ်းမေးခွန်းများမေးမြန်းခြင်း၊ သန်းခေါင်စာရင်းနှင့် ပတ်သက်သောအကြောင်းအရာများအား တစ်မိနစ် ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပခြင်းတို့ ပြုလုပ်ခဲ့သည်။ ထို့နောက်တေးသံရှင်ဟဲလေးက တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။ **(၅၉၈)**

သီချင်းအပုဒ်တိုင်းကို မိမိကလေးကဲ့သို့ ခံစားသူ ရှာကီရာ

ကိုလံဘီယာကြယ်ပွင့် ရှာကီရာက သီဆိုခဲ့သည့်သီချင်းအပုဒ်တိုင်းတွင် စိတ်ပါဝင်စားစွာ နက်နက်ရှိုင်းရှိုင်း ကြိုးစားထားပါကြောင်းနှင့် ၎င်း၏သီချင်းအပုဒ်တိုင်းကို မိမိကလေးကဲ့သို့ ခံစားထားပါကြောင်း ဘီလ်ဘုတ်မဂ္ဂဇင်းသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့အပြင် ရှာကီရာက "တစ်စုံတစ်ယောက်က ထူးထူးခြားခြား ကျွန်မကို ရပ်တန့်စေချင်နေတယ်၊ ဒါကြောင့် ကျွန်မက ထုတ်လုပ်ရေးတွေ၊ သီချင်းရေးစပ်မှုအပိုင်းတွေနဲ့ သီချင်းစီမံခန့်ခွဲမှုပိုင်းတွေမှာ ပိုပြီး တက်တက်ကြွကြွ လုပ်ဆောင်ခဲ့တာပါ"ဟု အင်တာဗျူးတစ်ခုတွင် ဖြေကြားခဲ့သည်။

၎င်းအပြင် ရှာကီရာသည် သူ၏ သီချင်းဟောင်းအချို့ကို စုစည်းကာ iHeartRadio အစီအစဉ်တွင် ဖျော်ဖြေသွားမည်ဖြစ်ပြီး မကြာမီက ထွက်ရှိခဲ့သည့် သူ၏ တစ်ကိုယ်တော်အယ်လ်ဘမ်မှ Empire သီချင်း၏ တေးသီချင်းဗီဒီယိုကိုလည်း ဖြန့်ချိလိုက်ပြီဖြစ်ကာ အွန်လိုင်းတွင် ရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

မျိုးစန္ဒာမောင် – စုစည်းသည်

ဒါရိုက်တာအဖြစ် တတိယမြောက် ဇာတ်ကားရိုက်ကူးမည့် မက်ဒေါနား

ပေါ့ပ်ဘုရင်မဟု တင်စားခေါ်ဝေါ်ကြသည့် ပေါ့ပ်ဂီတကြယ်ပွင့် မက်ဒေါနားက နာမည်ကျော် အမေရိကန်စာရေးဆရာမ ရေဗက္ကာဝေါလ်ကာ၏ လက်ရာ Ade: A Love Story ဝတ္ထု၏ မူပိုင်ခွင့်ကို တရားဝင်ဝယ်ယူခဲ့ပြီး သူ၏ တတိယမြောက် ရုပ်ရှင်ဇာတ်ကားအဖြစ် ပုံဖော်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ယင်းဇာတ်ကားကို စာရေးဆရာမ ရေဗက္ကာကိုယ်တိုင် ပူးတွဲထုတ်လုပ်သူအဖြစ် ထုတ်လုပ်မည်ဖြစ်ပြီး ယင်းဝတ္ထုသည် ဆယ်ကျော်သက် အမေရိကန်ကျောင်းသား ကျောင်းသူများအတွက် အဓိကရည်ရွယ်ထားခြင်းဖြစ်ကြောင်းလည်း သိရသည်။

အသက်(၅၅) နှစ်အရွယ် ပေါ့ပ်ဘုရင်မ မက်ဒေါနားသည် ၂၀၀၅ ခုနှစ်က W.E. ဇာတ်ကား၊ ၂၀၀၈ ခုနှစ်က Filth and Wisdom ဇာတ်ကားတို့ကို ဒါရိုက်တာအဖြစ် ပုံဖော်ခဲ့ပြီး ယခုဇာတ်ကားအတွက် လွန်စွာ စိတ်လှုပ်ရှားလျက်ရှိကြောင်းနှင့် ယခုလက်ရှိတွင် မက်ဒေါနားနှင့် ထုတ်လုပ်သူတို့သည် ယင်းဝတ္ထု၏ ဇာတ်ညွှန်းပိုင်းဆိုင်ရာများအတွက် အလျင်လိုလျက်ရှိကြောင်း သိရသည်။

ယနေ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၈–၃–၂၀၁၄ (သောကြာနေ့)

MRTV

၆:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆:၃၀ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
၆:၃၅ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ၊ အက
၉:၄၅ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၀:၂၅ "အထိန်းအကွပ်"
၁၁:၁၀ ဉာဏ်ရည်ချင်းပြိုင် ဘယ်သူနိုင်
၂:၃၀ ရောင်စုံရေးသီတေးပန်းချီ
၃:၂၀ "ဒန့်သလွန်သီး"
၈:၀၀ ပြည်တွင်းသတင်း
မိုးလေဝသအခြေအနေ
"တို့ကျေးရွာရဲ့ ချစ်မိတ်ဆွေ" (ကျော်ကျော်၊ အံ့သစ်ကျော်၊ ထက်ထက်ဆုလှိုင်၊ သဲချစ်မြင့်မိုရ်) (ဒါရိုက်တာ-ချစ်စံဝင်း၊ အေးအေးဟန်)

MRTV-4

၅:၀၀ ပဋ္ဌာန်းပါဠိတော်-မေတ္တာသုတ်
၅:၄၀ "ရှောင်ရန်ဆောင်ရန်" တရားတော် [အရှင်အာစာရ(ဟိုပင်)]
၆:၄၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရှူး" (အပိုင်း-၄၁)
၉:၂၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသောနှလုံးသား" (ဇာတ်သိမ်းပိုင်း)
၁၀:၀၀ ခေတ်သစ်ပျိုမေ
၁၀:၄၅ အနုပညာမိုးကောင်းကင်
၁၂:၀၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော်ရဲ့ဗီးနပ်စ်" (အပိုင်း-၂၈)
၁၂:၄၅ ခါသကြွန်အဆိုအကများ
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ထာဝရမန္တလေး" (အပိုင်း-၃၄)
၆:၁၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရှူး" (အပိုင်း-၄၂)
၇:၁၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ထာဝရ မန္တလေး" (အပိုင်း-၃၅)
၈:၀၀ **MRTV-4** သတင်း
၈:၃၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "သားတို့အိမ်ကလေး" (အပိုင်း-၁)

MWD

၆:၀၃ တရားတော်
၆:၁၅ မေတ္တာပို့
၆:၂၅ ဓမ္မပူဇာတေး
၆:၅၀ မြန်မာသံစဉ်ချိုနားဝင်
၇:၂၀ မြန်မာပြည်တွင် ထုတ်လုပ်သည်
၇:၄၅ အမျိုးသားရေးတေးကဗျာ
၈:၁၀ စိုက်ပျိုးသုတ
၈:၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၈:၅၀ မြဝတီနေ့စဉ်သတင်း
၉:၂၀ သူနှင့်သူ၏သီချင်းများ
၄:၁၅ မျိုးချစ်တပ်မတော်
၄:၂၅ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅ ဇာတ်လမ်းတို
၄:၄၅ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅:၂၀ လည်မယ်. . . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
၆:၀၀ မြဝတီရုပ်မြင်သံကြားသတင်း -အမျိုးသားရေးတေးကဗျာ -သံစဉ်များနှင့်ကမ္ဘာ

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းကို ဗိသုကာပုံစံနှင့် အညီ ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူပါသည်-

လုပ်ငန်းအမည် — အလျား ၁၀၈ပေ×အနံ ပေ ၅၀ ရှိသော နှစ်ထပ်(+သုံးထပ်) သံကူကွန်ကရစ် အဆောက်အအုံ(၂)လုံး (မြေပြုပြင်ခြင်း၊ အတွင်းအပြင် ရေ/သန့်နှင့် လျှပ်စစ်လုပ်ငန်းများ၊ အဆောက်အအုံပတ်လည် ရေမြောင်းများအပါအဝင်) တည်ဆောက်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ၁-၄-၂၀၁၄ ရက်မှ ၉-၄-၂၀၁၄ ရက်ထိ ရုံးဖွင့်ရက်များအတွင်း နေ့စဉ်နံနက် ၉:၃၀ နာရီမှ ၁၆:၃၀ နာရီအထိ ရုံးအမှတ်(၅၁)၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃၀-၄-၂၀၁၄ ရက် ၁၄:၀၀ နာရီတွင် ဝန်ကြီးဌာန တင်ဒါခေါ်ယူရေးကော်မတီရှေ့မှောက်၌ တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ဖော်ပြထားရှိပေးမည်ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်စုံစမ်းသိရှိလိုပါက ရုံးအမှတ်(၅၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၀၁၉၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာအိုးပင်းတင်းနစ်ပြိုင်ပွဲကျင်းပရေး စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

ရန်ကုန် မတ် ၂၇

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာအိုးပင်းတင်းနစ်ပြိုင်ပွဲ (Myanmar Open Tennis Tournament) ကျင်းပရေးနှင့် စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို မတ် ၂၆ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel ၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်း၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဝင်းဆွေ (ငြိမ်း)နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားသောမူဝါဒနှင့်အညီ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် တင်းနစ်အားကစားနည်းဖြင့် အထောက်အကူဖြစ်စေရန် လည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အားကစားဝါသနာရှင်များ တင်းနစ်အားကစားနည်းကို စိတ်ဝင်စားမှုရှိစေရန်နှင့် ပါဝင်လှုပ်ရှားကစားနိုင်ရန် လည်းကောင်း၊ ထူးချွန်ထက်မြက်သော တင်းနစ်လူငယ်အားကစားသမားများ ပေါ်ပေါက်လာစေရန်လည်းကောင်း၊ လက်ရွေးစင်အဆင့် အားကစားသမားများမှ တစ်ဆင့် ထူးချွန်သောနိုင်ငံကို ကိုယ်စားပြု လက်ရွေးစင်အားကစားသမားများပေါ်ထွက်လာစေရန် လည်းကောင်း၊ International Tennis အားကစားသမားများနှင့် မြန်မာတင်းနစ်အားကစားသမားများ ရင်းနှီးခင်မင်မှုရရှိစေပြီး မြန်မာတင်းနစ်အားကစားကမ္ဘာ့အဆင့်အတန်းမီကာ အဆင့်မြင့်မားလာစေရန် လည်းကောင်း အဓိက ရည်ရွယ်ချက်များဖြင့် ယခု (Myanmar Open Tennis Tournament) ကို ကျင်းပခြင်းဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသွားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးလေးနိုင်က (Myanmar Open Tennis Tournament) ပြိုင်ပွဲနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် Technical Director (Tournament Director) MR. Robert Davis က ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်တွင်း ပြည်ပ တင်းနစ်အားကစားသမားများ၏ အဆင့်အတန်းများနှင့် အရည်အချင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် (Myanmar Open Tennis Tournament) ပြိုင်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ စာနယ်ဇင်းများ၏ မေးမြန်းချက်များကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် အထွေထွေအတွင်းရေးမှူး ဦးလေးနိုင်တို့က ပြန်လည်ရှင်းလင်းပြောကြားသည်။

(Myanmar Open Tennis Tournament) ပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲနှင့် အမျိုးသားအလွတ်တန်းနှစ်ယောက်တွဲ ပြိုင်ပွဲဟူ၍ နှစ်မျိုးကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲစနစ်မှာ Knock Out System ဖြစ်ပြီး အသက် (၁၄) နှစ်အထက် မည်သည့်နိုင်ငံသားမဆို ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားသည်။

ပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲ၌ ပထမဆုကြေး အမေရိကန်ဒေါ်လာ ၅၀၀၀၊ ဗိုလ်လုပွဲတွင် ဆုကြေး အမေရိကန်ဒေါ်လာ ၂၅၀၀၊ ဆီမီးဖိုင်နယ်တွင် ဆုကြေး အမေရိကန်ဒေါ်လာ ၁၂၅၀၊ ကွာတားဖိုင်နယ်တွင် ဆုကြေး အမေရိကန်ဒေါ်လာ ၆၂၅ ချီးမြှင့်မည်ဖြစ်ပြီး အမျိုးသား အလွတ်တန်းနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုကြေး အမေရိကန်ဒေါ်လာ ၂၀၀၀၊ ဗိုလ်လုပွဲတွင် ဆုကြေး အမေရိကန်ဒေါ်လာ ၁၀၀၀၊ ဆီမီးဖိုင်နယ်တွင် ဆုကြေး အမေရိကန်ဒေါ်လာ ၅၀၀ ချီးမြှင့်မည်ဖြစ်ကာ Main Draw တွင် ပါဝင်ကြသော အားကစားသမားများကိုသာ နေထိုင်စားသောက်စရိတ်များကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က တာဝန်ယူစီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

အဆိုပါ တင်းနစ်ပြိုင်ပွဲတွင် မြန်မာလူငယ်တင်းနစ် အားကစားသမားများသည် မတ် ၃၀ ရက်မွန်းတည့် ၁၂ နာရီနောက်ဆုံး ထား၍ လည်းကောင်း မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ကွင်းတာဝန်ခံ ဖုန်း- ၀၉-၂၅၀၁၈၇၀၄၀ သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

စီးရီးအေရင်ခွန်သံ – ၃၁

ရှိုင်းမင်းမင်း

စီးရီးအေပွဲစဉ်ရဲ့ ပွဲစဉ်(၃၁)ကိုမတ်လ ၂၉၊ ၃၀၊ ၃၁ရက်နှင့် ဧပြီ ၁ ရက်တို့မှာ ကျင်းပသွားဖို့ရှိပါတယ်။ ဒီပွဲစဉ်မှာ နာပိုလီနဲ့ ဂျူဗင်တပ် ဆုံတွေ့နေလို့ အကြိတ်အနယ်ရှိမှာပါ။

ဘိုလော့ဂ်နာ - အတ္တလန္တာ ည ၁၁း၃၀ (၂၉-၃-၁၄)

အတ္တလန္တာက ရှုန်းအားမဆိုးဘူး။ ဘိုလော့ဂ်နာက အိမ်ကွင်းမှာ ဆာစူအိုလိုကို သရေသာကစားနိုင်ခဲ့တဲ့ အသင်းဖြစ်ပြီး ခြေစွမ်းကလည်း သာမန်သာရှိတယ်။ အတ္တလန္တာပဲ ကပ်နိုင်သွားမယ်လို့ သုံးသပ်မိတယ်။

အေစီမီလန် - ချီယေဗို နံနက် ၂း၁၅ (၃၀-၃-၁၄)

အေစီမီလန်က တိုက်စစ်ပိုင်း အားနည်းနေကာ ခြေစွမ်းအားနည်းပြီး ပွဲပန်းမှုရှိနေပေမယ့် အိမ်ကွင်းမှာ နိုင်ပွဲပြန်ရဖို့ အားစိုက်လာမှာမို့ အဝေးကွင်းမှာရုန်းကန်နေရတဲ့ချီယေဗိုကိုအခက်တွေ့စေမှာပါ။ အေစီမီလန်က နှစ်ဂိုးအသာနဲ့အနိုင်ရသွားနိုင်တယ်။

ဆာစူအိုလို - ရိုးမား ညနေ ၅း၀၀ (၃၀-၃-၁၄)

ရိုးမားက အဝေးကွင်းမှာရလဒ်ကောင်းရဖို့ ရုန်းကန်နေရပေမယ့် အသင်းလိုက်ကစားပုံ မာကျောမှုကြောင့် ဆာစူအိုလိုကို အခက်တွေ့စေမှာပါ။ ဆာစူအိုလိုက တန်းဆင်းရဖို့ အားစိုက်ကစားနေပေမယ့် ရိုးမားပဲ အနိုင်ရရှိသွားမယ့်ပွဲပါ။

တိုရီနို - ကယ်ဂလီယာရီ ည ၇း၃၀ (၃၀-၃-၁၄)

ကယ်ဂလီယာရီကလည်း အဝေးကွင်းမှာ ကစားအားကျနေတယ်။ ဒါပေမယ့်တိုရီနိုက အိမ်ကွင်းမှာရုန်းအားမဆိုးပေမယ့် ကြားပွဲမှာ ရိုးမားနဲ့ရင်ဆိုင်ခဲ့ရလို့ပွဲပန်းလာနိုင်တယ်။ သရေရလဒ်ထွက်ပေါ်လာနိုင်တယ်။

ဆမ်ဒိုးရီးယား - ဖီအိုရင်တီးနား ည ၇း၃၀ (၃၀-၃-၁၄)

ဖီအိုရင်တီးနားတိုက်စစ်ကလည်း အဝေးကွင်းမှာ ကစားပုံ မတည်ငြိမ်ဘူး။ ဆမ်ဒိုးရီးယားရဲ့ အိမ်ကွင်းရုန်းအားကောင်းမွန်မှုက အေစီမီလန်နဲ့ရင်ဆိုင်ခဲ့ရတဲ့အတွက် ပွဲပန်းလာမယ့် ဖီအိုရင်တီးနားကို အခက်တွေ့စေနိုင်တယ်။ ဆမ်ဒိုးရီးယားကပ်နိုင်သွားနိုင်တယ်။

ဗီရိုနာ - ဂျီနိုအာ ည ၇း၃၀ (၃၀-၃-၁၄)

နှစ်သင်းစလုံး ခြေစွမ်းအကျပိုင်းရောက်နေသလို ပွဲပန်းမှုတွေလည်း ရှိနေမှာမို့ ခြေစွမ်းပိုင်း အကောင်းဆုံးပုံစံရှိနေဖို့ခက်တယ်။ ဒါပေမယ့် တိုက်စစ်ပိုင်း အားနည်းနေတဲ့ ဗီရိုနာရဲ့ ကစားပုံကြောင့် ဂျီနိုအာကို ဖိအားပေးနိုင်ဖို့ခက်တယ်။ ဂျီနိုအာကပ်နိုင်သွားနိုင်တယ်။

လာဇီယို - ပါးမား ည ၇း၃၀ (၃၀-၃-၁၄)

ပါးမားကလည်း ပွဲကျပ်တွေဆက်နေလို့ ခြေချိန်ကစားရမယ့်အနေအထားပါ။ လာဇီယိုကနောက်ပိုင်းအိမ်ကွင်းပွဲတွေမှာ ရလဒ်ကောင်းရဖို့ အားစိုက်နေတယ်။ ပါးမားက ပွဲကိုထိန်းချုပ်နိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် လာဇီယိုပဲ ကပ်နိုင်သွားနိုင်တယ်။

နာပိုလီ - ဂျူဗင်တပ် နံနက် ၁း၁၅ (၃၁-၃-၁၄)

ဂျူဗင်တပ်က အဝေးကွင်းမှာ ရုန်းအားကောင်းမွန်နေပေမယ့် နာပိုလီရဲ့ အိမ်ကွင်းမှာ ရုန်းကန်ရတတ်တယ်။ နာပိုလီက ခြေစွမ်းမဆိုးသလို ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ အထူးအားစိုက်လာမှာပါ။ နာပိုလီရဲ့ ရုန်းအားကြောင့် သရေကျသွားနိုင်တယ်။

အူဒီးနီးစ် - ကာတာနီးယား ည ၁၁း၃၀ (၃၁-၃-၁၄)

ကာတာနီးယားမှာ တန်းမဆင်းရရေး ရုန်းအားရှိတာမှန်ပေမယ့် အူဒီးနီးစ်ရဲ့ လက်ရှိ အသင်းလိုက် ခြေစွမ်းစုစည်းမှုကြောင့် ကာတာနီးယားအတွက်ခက်ခဲတဲ့ပွဲပါ။ အိမ်ရှင်အူဒီးနီးစ်အသင်းကသာ နိုင်ပွဲရရှိသွားမှာပါ။

လီဗော်နို - အင်တာ နံနက် ၁း၃၀ (၁-၄-၁၄)

အင်တာမီလန်က နောက်ပိုင်းပွဲတွေမှာ ရုန်းအားမဆိုးဘူး။ အဝေးကွင်းမှာအင်တာရဲ့တိုက်စစ်အားမတည်ငြိမ်ပေမယ့် လီဗော်နိုက ခြေစွမ်းသာမန်သာရှိတယ်။ အင်တာမီလန်ရဲ့ နိုင်ပွဲပြတ်သားဖို့ ခက်တယ်။

လက်ရှိချန်ပီယံ ဘိုင်ယန်မြူးနစ် ချန်ပီယံလိဂ်ဖလားရရန် ရေပန်းစားနေ

ယခုနှစ်ဘောလုံးရာသီမကုန်မီ ဘွန်ဒက်လီဂါဖလားကို စောစီးစွာသိမ်းပိုက်နိုင်ခဲ့ခြင်းကြောင့် ဘိုင်ယန်အသင်းနည်းပြ ဂွါဒီယိုလာနှင့် ကစားသမားများအား ဘိုင်ယန်မြူးနစ်အသင်းနည်းပြဟောင်း ဟစ်ဇ်ဖဲလ်က ချီးကျူးစကားပြောကြားခဲ့ပြီး လက်ရှိချန်ပီယံလိဂ်ဖလားချန်ပီယံဘွဲ့ကို ဆက်လက်ခံယူနိုင်မည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်းလည်း ဟစ်ဇ်ဖဲလ်က ပြောကြားခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဟာသာဘာလင်ကို အနိုင်ရရှိကာ ဖလားခုနစ်ပွဲကစားရန်ကျန်နေသည့်အချိန်တွင်ပင် ဖလားရယူနိုင်ခဲ့ခြင်းကြောင့် ဖလား စောစီးစွာရရှိခဲ့သည့် ပထမဆုံးအသင်းတစ်သင်း ဖြစ်လာခဲ့သည့်အပြင် ဘောလုံးရာသီတစ်ရာသီတည်းတွင် စောစီးစွာချန်ပီယံဖြစ်သည့်အသင်း တစ်သင်းမျှ မရှိသေးကြောင်းလည်း ဟစ်ဇ်ဖဲလ်က ပြောကြားခဲ့သည်။

ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း ချန်ပီယံလိဂ်ဖလားရရှိရန် ရေပန်းစားနေကြောင်း လက်ရှိဆွစ်ဇာလန်အသင်းနည်းပြ ဟစ်ဇ်ဖဲလ်က ပြောကြားခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် မတ် ၂၉ တွင် ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် ဟော်ဖန်ဟိမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင် နောက်ထပ်စံချိန်သစ်တစ်ရပ်တင်ရန် ဖြစ်လာမည်လည်းဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်အသင်းနည်းပြဟောင်း ဟစ်ဇ်ဖဲလ်က ပြောကြားခဲ့သည်။

(ငွေကြယ်)





အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၃-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၈)ပါ အမှားပြင်ဆင်ချက်ကြော်ငြာ၌ ဦးခင်မောင်ထွေးနှင့်ဒေါ်တင်မာသွင်ဟူသော အမည်စာသားအစား ဦးခင်မောင်ထွေးနှင့် ဒေါ်ဇင်မာသွင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမြန်ငှားမည်

ခမ္မစေတီလမ်းနှင့် ဗားဂရာလမ်းထောင့်တွင် ရှိသော "ပန်းခြံတာဝါ" (ကွန်ဒို) တတိယထပ် (အသင့်ပြင်ဆင်ပြီး) တိုက်ခန်းငှားမည်။

ဖုန်း -၀၉-၅၀၅၅၂၂၂
၀၉-၅၅၅၇၈၅၅
၀၉-၇၃၁၇၅၇၇၃

ကျောင်းကုန်းမြို့နယ် ယင်းတိုက်ငူကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

ကျောင်းကုန်း မတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ရေတာကြီးကျေးရွာအုပ်စု ယင်းတိုက်ငူကျေးရွာ၌ မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မသန်းသန်းမော်၏ နေအိမ်မှစတင်၍ မီးလောင်ကျွမ်းမှုဖြစ်ပွားရာ မွန်းလွဲ ၂ နာရီခွဲတွင် မီးညွှန့်ကျိုးခဲ့သည်။

မီးလောင်မှုကြောင့် အိမ်ထောင်စု ၁၃ စုမှ လူဦးရေ ကျား ၂၁ ဦး၊ မ ၃၉ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့သည်။ မီးလောင်ရာသို့ ကျောင်းကုန်းမှ မီးသတ်ယာဉ် နှစ်စီး၊ ကန်ကြီးထောင့်မှ မီးသတ်ယာဉ် တစ်စီး၊ မီးသတ်အင်အား ၇၀ နှင့်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဦးတင်ဝင်းနှင့် အဖွဲ့တို့က စစ်ဆေးလျက်ရှိရာ လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် အလားတူ ကျောင်းကုန်းမြို့နယ် ရင်ဆိုင်ကျေးရွာအုပ်စုအပိုင် စားကျက်တော၌ ညနေ ၄ နာရီမှစတင်၍ တောမီးလောင်ကျွမ်းခဲ့ရာ ညနေ ၅ နာရီခန့်အထိ လောင်ကျွမ်းလျက်ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

သာစည်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

မိတ္ထီလာ မတ် ၂၇

သာစည်မြို့နယ် ခွေးရုပ်ကျေးရွာအနီးတွင် အမျိုးသားတစ်ဦးအား စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ မတ် ၂၄ ရက် ည ၈နာရီ ၄၅ မိနစ်ခန့်က ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ဆင်တောင်ကျေးရွာအတွင်း ဆိုင်ကယ်တစ်စီးအား သက်ဆိုင်ရာတာဝန်ရှိသူများက စစ်ဆေးရန်ရပ်တန့်ခိုင်းရာ ထွက်ပြေးခဲ့၍ ခွေးရုပ်ကျေးရွာသို့ အကြောင်းကြားပြီး လိုက်လံဖမ်းဆီးရာ ကလောမြို့နယ် ရွှေတောရပ် ရွှေမင်းဘုန်းကျေးရွာသို့ပြန်မည့် ဆန်းကျော်(ခ)ကျော်ကြီး (၄၂) နှစ်သည် ၎င်းလက်ထဲတွင် ကိုင်ထားသည့် အထုပ်တစ်ထုပ်အား ပစ်ချပြီး ခြေဖနောင့်ဖြင့် နင်းထားသဖြင့် စစ်ဆေးကြည့်ရှုရာ အဖြူရောင်ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် အတွင်း၌ ရှမ်းစက္ကူဖြင့်ပတ်ထားသည့် အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅ပြား၊ ဟာဝေးဟန်းဆက်အမျိုးအစား လက်ကိုင်ဖုန်းနှစ်လုံးနှင့် CZT Taryam နီနက်ကျားဆိုင်ကယ်(လိုင်စင်မဲ့)တစ်စီးတို့အားတွေ့ရှိ သိမ်းဆည်းရမိကြောင်း သိရသည်။

၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ ဆန်းကျော်(ခ)ကျော်ကြီးအား သာစည်မြို့နယ် ယင်းမာပင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၇၉)

၁၀ ဘီးယာဉ် ချိတ်ဆွဲမိ၍ ကေဘယ်လ်တိုင်များပြိုလဲ

မိတ္ထီလာ မတ် ၂၇

မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက် ဓမ္မာရုံလမ်းနှင့် မိတ္ထီလာ-မြင်းခြံကားလမ်းမအနီးတွင် မတ် ၂၅ရက် နံနက် ၈ နာရီခန့်က နေပြည်တော်မှ မြင်းခြံသို့ သစ်လုံးမကရိန်းကား (လိုတာ) တင်ဆောင်မောင်းနှင်လာသည့် ၁၀ ဘီးမော်တော်ယာဉ်သည် ကားလမ်းမပေါ်တွင် ဖြတ်သန်းသွယ်တန်းထားသည့် မြို့တွင်းဆက်သွယ်ရေးကေဘယ်လ်ကြိုးများအား ချိတ်ဆွဲမိ၍ ဆယ်သွယ်ရေးကွန်ကရစ်တိုင်များနှင့် ကွမ်းယာဆိုင်တစ်ဆိုင် ပြိုကျမှုဖြစ်ပွားကြောင်း သိရသည်။ ဖြစ်ပွားပုံမှာ မိတ္ထီလာဘက်မှ မြင်းခြံဘက်သို့ ဇော်ဝင်းထွန်း (၂၉) နှစ် ပျဉ်းမနားမြို့ နေထိုင်သူမောင်းနှင်လာသည့် ၁၀ ဘီးယာဉ် ၉ခ/---- သည် အဆိုပါနေရာသို့အရောက်တွင် ယာဉ်ပေါ်၌ တင်ဆောင်လာသည့် သစ်လုံးမကရိန်းကားနှင့် လမ်းမပေါ်ဖြတ်သန်းသွယ်တန်းထားသည့် မြို့တွင်းဆက်သွယ်ရေးကြိုးများ မလွတ်မကင်းဖြစ်နေရာ ယာဉ်နောက်လိုက် နှစ်ဦးက ဝါးလုံးများဖြင့် ကြိုးများကို ထောက်မတင်လိုက်သည်တွင် ကြိုးများမှာ ဝါးလုံးများတွင် ချိတ်ဆွဲပါလာ၍ဆက်သွယ်ရေးကွန်ကရစ်တိုင် လေးတိုင်နှင့် လမ်းထိပ်အနီး၌ ဖွင့်လှစ်ထားသည့် ကွမ်းယာဆိုင်ခေါင်မိုးတို့ပြိုကျမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

(ချမ်းသာ)

သင်္ကြန်ကာလတွင် လမ်းမပေါ်၌ မောင်းနှင်ခွင့်မပြုသည့် ယာဉ်နှင့် ပြုပြင်ဆဲယာဉ်များ အသုံးပြုခွင့် တားမြစ်

ရန်ကုန် မတ် ၂၇

သင်္ကြန်ကာလအတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ လမ်းမပေါ်တွင် မောင်းနှင်ခွင့်မပြုသည့် ယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မောင်းနှင်သည်ကို စစ်ဆေးတွေ့ရှိပါက ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းကြီးကြပ်မှု ဗဟိုကော်မတီက ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

"ယာဉ်မှတ်ပုံတင်မပြုလုပ်ထားတဲ့ ယာဉ်တွေနဲ့ ပြုပြင်ဆဲယာဉ်တွေ မောင်းနှင်ခွင့်ပြုမှာ မဟုတ်ပါဘူး။ သင်္ကြန်ကာလမှာ ယာဉ်စည်းကမ်းအတိုင်းပဲ သွားလာရမှာပါ" ဟု ၎င်းက ပြောသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလတွင် ယာဉ်မောင်းနှင်သူများလိုက်နာရန် စည်းကမ်းချက်များကို နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် သင်္ကြန်ကာလတွင် မော်တော်ယာဉ် မောင်းနှင်သူများအား အရက်သေစာသောက်စားခြင်း ရှိ မရှိကို (alcohol tester) အရက်မူးတိုင်းကိရိယာဖြင့် တိုင်းတာစစ်ဆေးမှုများ ပြုလုပ်ပြီး အချက်အချာကျသော လမ်းဆုံ၊ လမ်းခွများတွင် စောင့်ကြည့် ကင်မရာများတပ်ဆင်၍ ယာဉ်စည်းကမ်းချိုးဖောက်မှုများအား အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။

(ကေသိန်းဆွေ)

ရပ်ထားသောထော်လာဂျီကို ဆိုင်ကယ်ဖြင့်ဝင်တိုက်မိ

မြဝတီ မတ် ၂၇

ကရင်ပြည်နယ် မြဝတီမြို့ အာရှလမ်းမကြီးဘေးရှိ Victory-Store ဖုန်းနှင့် ဖုန်းအပိုပစ္စည်းအရောင်းဆိုင်ရှေ့တွင် မတ် ၂၂ ရက် ည ၁၁ နာရီခန့်က ထော်လာဂျီအပြာရောင်ယာဉ်ကို အနက်ရောင်ဆိုင်ကယ်က တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ကျွန်းတောလမ်းနေ တင်အောင်ကို (၄၀)နှစ် မောင်းနှင်လာသော ၇၄/---- အပြာရောင်ထော်လာဂျီမှာ လမ်းဘေးတွင် ရပ်တန့်ထားစဉ် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ဦးသူတော် ကွက်သစ်နေ အောင်မိုးဇော်(၄၂)နှစ် မောင်းနှင်လာသော အနက်ရောင် Dream ဆိုင်ကယ်က ထော်လာဂျီ၏ နောက်ပိုင်းအား ဝင်ရောက်တိုက်မိရာ ဆိုင်ကယ်လဲကျခဲ့ပြီး ဆိုင်ကယ်မောင်းသူအောင်မိုးဇော်မှာ အခင်းဖြစ်နေရာ၌ပင် သေဆုံးသွားကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

မြန်မာနိုင်ငံ၏ ထာဝစဉ်အားကိုးရသော SME ဘဏ်

Small & Medium Industrial Development Bank Limited

Safety Stability Satisfaction

SMIDB Bank

အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်၏

(၁၂)ခုမြောက် (ပိုလ်ချုပ်ဈေးဘဏ်ခွဲငယ်) ကို (၂၅.၂.၂၀၁၄) ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး

ယခု(၁၃)ခုမြောက် (ပုသိမ်ဘဏ်ခွဲ) အား (၂၈.၃.၂၀၁၄) ရက်နေ့တွင်

ပုသိမ်မြို့ ၌ အောင်မြင်စွာ ဖွင့်လှစ်လိုက်ပြီဖြစ်ပါသည်။

ဘဏ်နှင့်ဆက်သွယ်လိုသော မိဘပြည်သူများ၊ လုပ်ငန်းရှင်များ၊ အစုရှယ်ယာရှင်များ

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား အောက်ပါလိပ်စာများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ

ရထားမတော်တဆတိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရခြင်းနှင့် သေဆုံးခြင်းများ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခြောက်ရက်လျှင်တစ်ကြိမ်နှုန်း ဖြစ်ပွားလျက်ရှိ

ရန်ကုန်၊ မတ် ၂၇

မီးရထားစီးခရီးသည်များနှင့် ရထားလမ်းတစ်လျှောက် ရထားလမ်းအနီးတွင်နေထိုင်ကြသော ရပ်ကွက်နှင့် ကျေးရွာများရှိ အများပြည်သူများ မတော်တဆ ရထားထိခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းများပိုမိုဖြစ်ပွားလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခြောက်ရက်လျှင်တစ်ကြိမ်နှုန်း ဖြစ်ပွားလျက်ရှိနေကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ သိရသည်။

ယင်းကဲ့သို့ မတော်တဆ ထိခိုက်ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်းများသည် မီးရထားစီးခရီးသည်များ၊ ရထားလမ်းတစ်လျှောက်ဖြတ်သန်းသွားလာကြသူများနှင့် ရထားသံလမ်းပေါ်ဈေးရောင်းချသူများကြောင့် ဖြစ်ပွားနေရကြောင်း သိရသည်။

မြန်မာ့မီးရထားလုပ်ငန်း အင်ဂျင်နီယာမှူး (မြို့ပြရုံး)၊ တိုင်း(၇) ရန်ကုန်မှ တိုင်းတာဝန်ခံနှင့် လက်ထောက်အထွေထွေမန်နေဂျာ ဦးကျော်ကျော်မျိုးက "ရထားလမ်းဆိုတာ ကန့်သတ်နယ်မြေဖြစ်ပါတယ်။ ကျူးကျော်ဝင်ရောက်လို့မရပါဘူး။ သတ်မှတ်ထားတဲ့နေရာကနေသာ ဖြတ်ကျော်လို့ရပါတယ်။ အခုကရထားလမ်းဘေးဘယ်ညာတစ်လျှောက်ကို ခြံစည်းရိုးမခတ်နိုင်တဲ့အတွက် အန္တရာယ်ဖြစ်နေတာပါ။ ရထားလမ်းကူးဂိတ် (Level Crossing) တွေမှာအက်ဆီးဒင့် တစ်ခုခုဖြစ်ရင် လူကိုကျွန်တော်တို့က ပြန်တရားစွဲပါတယ်။ တိရစ္ဆာန်ဝင်ရင်လည်း ကျွန်တော်တို့ကသိမ်းပြီးနိုင်ငံတော်ကိုပေးမှာဖြစ်ပါတယ်။ ပြီးတော့ ဒီတိရစ္ဆာန်ပိုင်ရှင်ကိုလည်း အရေးယူဆောင်ရွက်မှာပါ။ ကားလမ်းကူး၊ လူ့ည်းလမ်းကူးတွေမှာလည်း လူ့ည်းတွေဖြတ်သန်းဖို့အတွက် ပြုလုပ်ထားပြီးသားပါ။ တချို့ကျေးရွာတွေမှာဆိုတရားမဝင် ကားလမ်းကူးတွေပြုလုပ်ထားတာရှိနေပါတယ်၊ ဒါကို ကျွန်တော်တို့မီးရထားက စက်ခေါင်းမောင်းသမားတွေကလည်း သိပါတယ်။ အချက်ပြမှတ်တိုင်တွေလည်း ရှိပြီးသားပါ၊ ဒီလိုနေရာတွေမှာ တရားဝင်ခွင့်ပြုထားတဲ့နေရာတွေကလွဲလို့ ဝင်ရောက်ကျူးကျော်လို့ မရပါဘူး။ ကျွန်တော်တို့က ထိရောက်တဲ့ဥပဒေနဲ့အညီ ပြင်းပြင်းထန်ထန်တရားစွဲဆိုသွားမှာပါ" ဟု ပြောကြားသည်။

ထိုကဲ့သို့မဖြစ်ပေါ်စေရေးအတွက် ဘူတာများတွင်ရထားစီးခရီးသည်များ သတိပြုရန်အချက်များကို ကြေညာစာဖြင့်လည်းကောင်း၊ အသံချဲ့စက်ဖြင့်လည်းကောင်း သတိပေးခြင်းများပြုလုပ်နေသကဲ့သို့ လူ၊ တိရစ္ဆာန်၊ နွားလှည်း၊ စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီနှင့် မော်တော်ကားများ ရထားလမ်းကို စနစ်တကျဖြတ်ကူးခြင်းမှအပ ရထားလမ်းပေါ်မတက်ကြစေရန် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ကျောင်းများ၊ ရုံးဌာနတွင်း သတိပေးပန်ကြားချက်များကို အများပြည်သူမြင်နိုင်မည့်နေရာများတွင် ချိတ်ဆွဲအသိပေးခြင်းနှင့် ပညာပေးဆွေးနွေးခြင်းများကို မြန်မာ့မီးရထားလုပ်ငန်းက စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိတ်ကုန်းဘူတာအနီး ရထားသံလမ်းပေါ်တွင် ဈေးရောင်းနေသည်ကိုတွေ့ရစဉ်။

မြန်မာ့မီးရထားလုပ်ငန်းမှ ရထားစီးခရီးသည်များနှင့်တကွ အများပြည်သူသိရှိစေရေးအတွက် အသိပညာပေးစီမံချက်များကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာကတည်းက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ထိခိုက်/သေဆုံးစာရင်းများအရ သံလမ်းပေါ်အိပ်ခြင်း/ထိုင်ခြင်း၊ ရထားပေါ်မှခုန်ချကာ သေကြောင်းကြံခြင်း၊ ရထားသွားလာနေစဉ် ရထားပေါ်မှ ပြုတ်ကျသေဆုံးခြင်း စသည်ဖြင့် စာရင်းဇယားများပြုလုပ်ကာ ခွဲခြားထားရှိသည်။ ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် ထိခိုက်/သေဆုံးမှု စုစုပေါင်းအရေအတွက် ၄၁ ကြိမ်ရှိနေပြီး၊ ၂၀၁၃ ခုနှစ် ထိခိုက်/သေဆုံးမှု စုစုပေါင်းအရေအတွက် ၅၅ ကြိမ် ရှိလာသောကြောင့် ဖြစ်စဉ်အရေအတွက် ၁၄ ကြိမ် ပိုမိုများပြားလာရာ အများပြည်သူရထားစီးခရီးသည်များအနေဖြင့် မိမိတို့၏ အသက်အန္တရာယ်ကို သိရှိနိုင်ကြရန်နှင့် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များရှိ စာသင်ကြားနေကြသော ကျောင်းများတွင် ကလေးများအတွက်လည်း အသိပညာပေးဆောင်ရွက်ချက် အရှိန်ပိုမိုမြှင့်တင်သင့်ပြီဖြစ်ကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ သိရသည်။

(စိုးဝင်း-MLA)

မကွေးမြို့မဈေး မန်ကျည်းဈေးကွက်သို့ မင်းဘူးမှ အများဆုံး တင်ပို့

မကွေး၊ မတ် ၂၇

ယခုနှစ်မန်ကျည်းသစ်ပေါ်ချိန်တွင် မကွေးမြို့မဈေးကြီး၏ မန်ကျည်းဈေးကွက်၌ ဧရာဝတီမြစ်အနောက်ဘက်ကမ်း၊ မင်းဘူးရှိ ဖလန်ရုံ၊ နန်းတော်ကုန်း၊ မန်ကျည်းသုံးပင်၊ ရေငံ၊ ပက်ပယ်နှင့် အခြားကျေးရွာများမှ အများဆုံးတင်ပို့ကြောင်း သိရသည်။

"မကွေးမြို့မဈေးကြီးကို မြစ်အနောက်ဘက်တစ်ကြောကျေးရွာတွေက မန်ကျည်းအသစ်တွေအဝင်များတယ်။ မန်ကျည်းကို ကျေးရွာတွေမှာပဲ အခွံချွတ်၊ အစေ့ထုတ်၊ အကြောစင်ပြီး မန်ကျည်းအချောတွေပဲ လာရောင်းကြတာများတယ်။ ပွဲရုံတွေကလည်း မန်ကျည်းအကြမ်းကို သန့်စင်ဖို့ အလုပ်သမားငှားရရင် ကရိကထများပြီး စရိတ်ထောင်းတာကြောင့် မကိုက်ကြဘူး။ မန်ကျည်းသစ်ပေါ်ချိန်မှာ တချို့က မန်ကျည်းကို အချောသန့်ပြီး အလေးချိန်တိုးအောင် ရေဖျန်း၊ ရေထိုးလုပ်တာမျိုးတွေလည်း ရှိတယ်။ ပွဲရုံတွေကလည်း မန်ကျည်းပျော့ပြီး စိုနေရင် ဈေးကောင်းမပေးဘူး။ သူက လှောင်လို့သိမ်းလို့ မကောင်းဘူး။ ခြောက်သွေ့ပြီး သာမန်အနေအထားရှိမှ ဈေးကောင်းပေးတာ" ဟု မြို့မဈေး မန်ကျည်းပွဲရုံမှ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကျေးလက်ဒေသခံများသည် နွေကုန်မိုးကူးကာလ မန်ကျည်းရှားချိန်များတွင် မန်းကျည်းသိုလှောင်ရန် မန်ကျည်းကုန်သည်များက ရွာအရောက်ဆင်းဝယ်လေ့ရှိသော်လည်း ခရီးစရိတ် ကာမိစေရန် ဈေးနှိမ်လေ့ရှိပြီး တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ ထက် ပိုမရသောကြောင့် လတ်တလော မန်ကျည်းသီးသစ်များကိုသာ ကိုယ်တိုင်တစ်ပိုင်တစ်နိုင် သန့်စင်ပြီး တင်ပို့ရောင်းချလေ့ရှိသည်။

မန်ကျည်းသန့်ပြီး တစ်ပိဿာလျှင် ကျပ်ငွေ ၇၀၀ ရ၍ ပွဲရုံများမှပြန်ရောင်းလျှင် ကျပ်ငွေ ၈၀၀ ဈေးရပြီး မန်ကျည်းဟောင်းမှာ တစ်ပိဿာလျှင် ကျပ်ငွေ ၉၀၀ ဖြင့် ဈေးကောင်းလျက်ရှိသည်။ မန်ကျည်းအချော(အသား)သန့်စင်ရာမှ ဘေးထွက်ပစ္စည်းများဖြစ်သော မန်ကျည်းအကြောများကို ထော်လာဂျီတစ်စီးလျှင် ငွေကျပ် ၇၀၀၀ ခန့်ရပြီး မန်ကျည်းအစေ့ တစ်ပိဿာလျှင် ငွေကျပ် ၇၂၀၀ ဝန်းကျင်ရရှိကြောင်း သိရသည်။

မင်းဘူးမြို့နယ်အတွင်းရှိ ကျေးလက်နေ တောင်သူများ လယ်ယာမြေလုပ်ငန်းခွင် ရပ်နားချိန်တွင် မန်ကျည်းသီးများ ခူးဆွတ်၍ မြို့ပေါ်ပွဲရုံများသို့ တင်ပို့ရောင်းချလေ့ရှိသည်။ **ကျော်စွာ(မကွေး)**

ထင်းလောင်စာသုံးစွဲမှုလျှော့ချရေးနှင့် အစားထိုးလောင်စာသုံးစွဲရေး ပြပွဲအခမ်းအနားကျင်းပ

မကွေး၊ မတ် ၂၇

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ မကွေး-တောင်တွင်းလမ်းမပေါ်ရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနရုံးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပပြုလုပ်သော "ထင်းလောင်စာသုံးစွဲမှုလျှော့ချရေးနှင့် အစားထိုးလောင်စာသုံးစွဲရေး" ပြပွဲအခမ်းအနားကို မတ် ၂၅ ရက်က ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာများမှ လေ့လာရန်အထူးဖိတ်ကြားထားသူများနှင့် သတင်းစာဆရာများ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများအား အေဝမ်းမီးဖို (ထင်းတစ်ချောင်းထိုးမီးဖို) များအား ကံစမ်းမဲဖောက်ပေးခဲ့ကြောင်း သိရသည်။

ကောင်းသုတ(မင်းဘူး)

ခေတ်နှင့်အညီ တီထွင်ဆန်းသစ်ထားသည့် ရွှေကူ သောက်ရေအိုးများ ပိုမိုအရောင်းအဝယ်သွက်နေ

စစ်ကိုင်း၊ မတ် ၂၇

ကချင်ပြည်နယ် ရွှေကူသောက်ရေအိုးများသည် မျက်နှာပြင်ချောမွေ့လှပရုံမျှမက ခေတ်နှင့်အညီ ရေဖွင့်နှုတ်သီးခေါက်တံ (Tap) ကိုပါ တပ်ဆင်ထုတ်လုပ်ထားသဖြင့် ကျန်းမာရေးအသိ ပိုမိုသိရှိကြသည့် လူမှုအသိုင်းအဝိုင်းတွင် သုံးစွဲမှု ပိုမိုများပြားလာကြောင်း သိရသည်။

သို့ဖြစ်၍ ယခင်က နာမည်ကျော်မြေထည်သောက်ရေအိုးများကို သီးသန့်ထုတ်လုပ်ရောင်းချလာခဲ့သည့် စစ်ကိုင်းမြို့၊ အိုးဖိုရပ်ကွက်မှ မြေထည်အိုးအရောင်းဆိုင်များတွင် ရွှေကူသောက်ရေအိုးများကိုပါ မှာယူတင်သွင်းရောင်းချနေကြရပြီး ရေဖွင့်နှုတ်သီးခေါက်တံ တပ်ဆင်ထားသည့် လီတာ ၂၀၊ လီတာ ၃၀ ဝင် သောက်ရေအိုးများကို ထုတ်လုပ်ထားရာ ယင်းသောက်ရေအိုးများကို သောက်ရေသန့်ထည့်ရေအိုးအဖြစ် အသုံးပြုမှုများပြားသဖြင့် ဈေးကွက်တွင် အရောင်းသွက် ဈေးကောင်းရရှိနေကြောင်း သိရသည်။

"အခုဆိုရင် ရွှေကူသောက်ရေအိုးတွေက ခေတ်နဲ့အညီ တီထွင်ထုတ်လုပ်လာတဲ့အတွက် ဈေးကွက်မှာ လူကြိုက်များ၊ လူသုံးများနေပြီ။ ထုတ်လုပ်သမျှ ရောင်းနေရတယ်။ စစ်ကိုင်းကထုတ်လုပ်တဲ့ နာမည်ကျော် ပြာသိုအိုးတွေက သဲအိုးတွေဖြစ်လို့ ရေစိမ့်ပြီး အေးမြတယ်။ ဒါပေမယ့် ခေတ်နဲ့အညီ တီထွင်ထုတ်လုပ်မှု မရှိတဲ့အတွက် ဈေးကွက်အနေအထားက အရင်နဲ့ သိပ်မထူးခြားဘူး။ ရေသန့်ဘူးတွေ၊ သောက်ရေသန့်သောက်သုံးမှုတွေ ကျယ်ပြန့်လာတာနဲ့အမျှ မြေထည်အိုးထုတ်လုပ်တာတွေကို တီထွင်ဆန်းသစ်မှုနဲ့ လိုက်လုပ်ကြဖို့ လိုအပ်တယ်။ ဒီလိုမှ မလုပ်နိုင်ရင် ရိုးရာအိုးလုပ်ငန်းတွေ တိမ်မြုပ်သွားနိုင်တယ်"ဟု မြေထည်အိုးဝယ်ယူသူတစ်ဦးက ပြောသည်။

ယခုအခါ အသုံးများပြားလျက်ရှိနေသည့် ရေဖွင့်နှုတ်သီးခေါက် တပ်ဆင်ထားသည့်အိုးများကိုသာ ထုတ်လုပ်မှုများပြားပြီး ယခင်ထုတ်လုပ်ခဲ့သည့် နှုတ်သီးမပါအိုးများကိုမူ အနည်းအကျဉ်းမျှသာ ထုတ်လုပ်တော့ကြောင်းသိရသည်။

ရွှေကူသောက်ရေအိုးဈေးနှုန်းမှာ ၂၀ လီတာဝင် ရေခေါက်ပါ အိုးတစ်လုံးလျှင် ကျပ် ၈၅၀၀၊ ရေခေါက်နှုတ်သီးမပါအိုး ကျပ် ၈၀၀၀ ဖြစ်ကြောင်း၊ စစ်ကိုင်းမှထုတ်လုပ်သည့် နာမည်ကျော် ပြာသိုအိုးခေါ် သောက်ရေအိုးများမှာ တစ်လုံးလျှင် ကျပ် ၈၀၀ မှ ကျပ် ၁၀၀၀ ဝန်းကျင်သာ ရှိကြောင်း သိရသည်။

နန္ဒာမင်းလွင်

ရေဖွင့်နှုတ်သီးခေါက်တံပါသည့် ရွှေကူသောက်ရေအိုးများကို ဈေးဝယ်သူတစ်ဦး စိတ်ဝင်တစားကြည့်ရှုနေစဉ်။

ကရင်ပြည်နယ်တွင် ရိုးရာအခြေခံ ဂျပ်ခုတ်သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

မြဝတီ၊ မတ် ၂၇

ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ပူးပေါင်းဖွင့်လှစ်သော ရိုးရာအခြေခံ ဂျပ်ခုတ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် မတ် ၂၅ ရက်က ဖွင့်လှစ်ခဲ့သည်။

"တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေ အလုပ်အကိုင်အခွင့်အလမ်းများရအောင် အသေးစိတ်ကနေစပြီး စက်မှုဇုန်ကြီးတွေ၊ စိုက်ပျိုးရေးဇုန်၊ မွေးမြူရေးဇုန်ကြီးတွေ တည်ဆောက်ပေးတဲ့အဆင့်အထိ စဉ်းစားစီမံဆောင် ရွက်ပေးနေပါကြောင်း၊ ယနေ့ဝတ်စားဆင်ယင်မှုနဲ့ ပတ်သက်လို့ ကျန်းမာရေးလိုက်စားမှု အနေအထားအရရော၊ အထူးအဆန်း၊ ဆန်းဆန်းပြားပြား အမှတ်တရအနေနဲ့ရော ပြည်တွင်းပြည်ပက ခရီးသွားတွေဟာ ရိုးရာလက်လုပ်ထည်တွေကို စိတ်ဝင်စားလာကြပါကြောင်း၊ ဒီသင်တန်းက ရသွားတဲ့ အတတ်ပညာတွေနဲ့ မိမိတို့ရဲ့ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတွေကို တင့်တောင့်တင့်တယ် ထူထောင်နိုင်တဲ့အထိ ကြိုးစားသွားကြပါ"ဟု ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက ပြောကြားခဲ့သည်။

ထိန်လင်းအောင်(ပြန်/ဆက်)

ချင်းပြည်နယ်အတွင်းရှိလူမှုဒုက္ခဖြေရှင်းရေးအတွက် ကျပ်သိန်းပေါင်း ၁၇၀၁ ဒသမ ၃၃ ကူညီ

ချင်း၊ မတ် ၂၇

ချင်းပြည်နယ်အတွင်းရှိ လူမှုဒုက္ခများကို ဖြေရှင်းရေးအတွက် ၂၀၁၃-၁၄ ဘဏ္ဍာနှစ် ဘတ်ဂျက်ငွေကျပ်သိန်းပေါင်း ၁၇၀၁ ဒသမ ၃၃ ကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင်က ပေးအပ်ခဲ့သည်။

ထိုသို့ ထောက်ပံ့ခြင်းသည် ချင်းပြည်နယ်အတွင်း အထူးသဖြင့် သဘာဝဘေးဒုက္ခကူညီရေးများ အတွက် ငွေကျပ်သိန်း ၁၀၀၀၊ မိဘမဲ့ကလေးကျောင်းများ၊ အိုမင်းမစွမ်းစောင့်ရှောက်ရေးဂေဟာ၊ တစ်သီးပုဂ္ဂလဘော်ဒါကျောင်းဆောင်နှင့် ကျန်းမာရေး၊ လူမှုရေးစောင့်ရှောက်မှုအသင်းအဖွဲ့ ၂၄ ခုတို့အတွက် ငွေကျပ်သိန်းပေါင်း ၇၀၁ ဒသမ ၃၃ ပေးအပ်ခဲ့သည်။

ဇိုဟေဆာ(ချင်းတောင်ခြေ)

တရားမဝင် ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းနေခြင်းကြောင့် ငါးသယံဇာတ မျိုးသုဉ်းမည့်အရေးနှင့် ကြုံနေရ

ရေစကြို၊ မတ် ၂၇

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ဆုံအောက်ဘက် ငမြောကြီးနယ်၊ ကွေ့ထောင့်နယ်၊ ဆင်မရဲအောက်ဆွဲတစ်ဝိုက်တွင် အခြားမြို့နယ်မှ တရားမဝင်အုပ်စုဖွဲ့၍ နေ့ရောညပါ ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းနေခြင်းကြောင့် ငါးသယံဇာတမျိုးသုဉ်းမည့်အရေးနှင့် ဒေသခံများ လုပ်စားကွင်းပျောက်မည့်အခြေအနေ ကြုံနေရကြောင်း ဒေသခံများထံမှ သိရသည်။

"ကျွန်တော်တို့ ငမြောကြီးကျေးရွာအနီးဝန်းကျင်က တရားဝင်အခွန်ပေးဆောင်ပြီး ရေလုပ်ငန်းလုပ်ကိုင်နေကြတဲ့ ဒေသခံရေလုပ်သားတွေရှိပါတယ်။ သူတို့တွေက ခြောက်ကောင်၊ ခုနစ်ကောင်ခွဲ အင်ဂျင်တပ်လှေကလေးတွေနဲ့ ပိုက်ချ ပိုက်မျှောကြပါတယ်။ တစ်ခါဖော်မှ သောင်းဂဏန်းဖိုးလောက်ပဲ ငါးရတယ်။ ဒါပေမဲ့ အခြားမြို့နယ်က အခွန်လည်းပေးဆောင်ခြင်းမရှိ၊ လူအင်အား၊ ပစ္စည်းအင်အားအသာစီးနဲ့ တရားမဝင်လာရောက်ကြပြီး ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းနေကြတယ်။ အရင်ကတော့ ညဘက်မှာလာဖမ်းကြတာ။ ခုတော့ နေ့ရောညပါ လာဖမ်းနေကြတယ်"ဟု ဒေသခံတစ်ဦးကပြောသည်။

ဘက်ထရီရှော့တိုက် ငါးဖမ်းစက်လှေများသည် ၁၆ ကောင်ကြိုးဆွဲစက်နှင့် ရှပ်ပြေးစက်လှေ လေးငါးခြောက်စင်းဖြင့် အုပ်စုဖွဲ့၍ လှေတစ်စင်းတွင် လူနှစ်ဦးကျ လိုက်ပါကာ ၁၀၀ ဗို့၊ ၂၀၀ ဗို့ ဘက်ထရီအိုးတို့ဖြင့် ရှော့ခ်တိုက်ငါးဖမ်းလေ့ရှိပြီး တစ်ကြိမ်ဖမ်းပါက သုံးလေးသိန်းဖိုးနီးပါး ရလေ့ရှိကြောင်း သိရသည်။

"သူတို့မကောက်လို့ထားခဲ့တဲ့ ငါးသေးလေးတွေကိုကောက်ကြတဲ့သူတွေတောင် သုံးလေးပိဿာလောက်ရကြတယ်။ သူတို့က အုပ်စုလိုက်ငါးဖမ်းနေကြတာကို ဒေသခံရေလုပ်သားတွေက မပြောရဲကြဘူး၊ ပြောရင်လည်း တုတ်ပြ၊ ဓားပြနဲ့ ပြီးတော့ ဒေသခံရေလုပ်သားတွေက ရွာတွေနဲ့ဝေးတဲ့ သဲသောင်ပေါ်မှာ လေးငါးဦးစုပြီးနေကြရတော့ လုံခြုံမှုမရှိဘူး ဒါကြောင့် သူတို့ကို မတားရဲဘူး။ သိသိကြီးနဲ့ ကြည့်နေကြရတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

ယခုကဲ့သို့ အခွန်ပေးဆောင်မှုမရှိဘဲ အခြားမြို့နယ်များမှ လာရောက်ကာ တရားမဝင် ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းနေသည့်အတွက် အခွန်ပေးဆောင်ကာ လုပ်ကိုင်နေကြသည့် ဒေသခံရေလုပ်သားများ နစ်နာလျက်ရှိပြီး အချိန်ကြာလာပါက ငါးမျိုးသုဉ်းကာ ငါးသယံဇာတရှားပါးမည်ကို ဒေသခံများ စိုးရိမ်လျက်ရှိသည်။

ဖေထွဏ်းဇော်(ရေစကြို)

Yellow Earth

OASIS

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား အလုံမြို့နယ်တွင် ကျင်းပ

ယခုနွေရာသီအပူကိုခံနိုင်စေရန် ထန်းရွက်များဖြင့် အမိုးမိုးလေ့ရှိရာ ထန်းရွက်ရောင်းရသည့်ရာသီဖြစ်သော်လည်း ဈေးနှုန်းမှာ ယခင်အတိုင်းတည်ငြိမ်လျက်ရှိကြောင်း သိရသည်။ ယခုနှစ်ထန်းရွက်တစ်ချပ် ကျပ် ၅၀၊ ၆၀ ရှိပြီး အိမ်အရောက် ခေါင်းထစ်ပြီး ထန်းရွက်မှာ ၇၅ ကျပ်၊ ကျပ် ၈၀ ဈေးရှိသည်။ ထန်းရွက်မိုးပြီဆိုလျှင် မိုးခ၊ လုပ်အားခပါလာသည်။ ထန်းရွက်ဈေးမတက်ဘဲ အမိုးအတွက် ထန်းရွက်အဝယ်လိုက်နေကြောင်းသိရသည်။ အညာထန်းရွက်မိုးတဲသည် အညာရောက်ဧည့်သည်များအတွက် အပူခံမို့ အိုအေစစ်ဟုဆိုလျှင် မှားမည်မဟုတ်ဟု ဒေသခံများကပြောသည်။ သတင်းနှင့် ဓာတ်ပုံ- ဌေးမြင့်မောင်

ရန်ကုန်၊ မတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင်က ၂၀၁၄ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်အနောက်ပိုင်းခရိုင်၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နှင်းဆီလမ်းရှိ အလုံမြို့နယ်ခန်းမတွင် မတ် ၂၆ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်အနောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်၊ အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ်ဆရာဝန်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အနောက်ပိုင်းခရိုင်အတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်မှ အဖွင့်အမှာစကားပြောကြား၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ၂၀၁၄ ခုနှစ်၊ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားဖွင့်ပွဲမိန့်ခွန်းအား ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူးကိုယ်စား ဒေါက်တာသန်းသန်းဌေးမှ ဖတ်ကြားကာ၊ တီဘီရောဂါအကြောင်း သိကောင်းစရာနှင့် ရှေ့လုပ်ငန်းစဉ်များကို ခရိုင်တီဘီအဖွဲ့ခေါင်းဆောင် ဒေါက်တာဆွေဆွေသန်းကပြောသည်။

ထို့နောက် တီဘီလုပ်ငန်းတွင် ထူးချွန်စွာပါဝင်ဆောင်ရွက်ခဲ့သော မြို့နယ်များကို ရန်ကုန်အနောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်က ပထမဆုရ လှိုင်မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး၊ ဒုတိယဆုရ ပန်းဘဲတန်းမြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး၊ တတိယဆုရ စမ်းချောင်းမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတို့အား ဂုဏ်ပြုဆုတံဆိပ်များချီးမြှင့်ပြီး ထူးချွန်စွာ ပါဝင်ဆောင်ရွက်ခဲ့သူ လှိုင်မြို့နယ်မှ ဒေါ်သင်းသင်းရီနှင့် စမ်းချောင်းမြို့နယ်မှ ဒေါ်ကေဇင်ထွန်းတို့အား ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးကဆုတံဆိပ်များချီးမြှင့်ခဲ့သည်။ **တင်မောင်ဦး(အလုံ)**

သတင်းတို

နွေအမီ ၁၅၃ ကန် တစ်နိုင်တစ်ပိုင် တူးမည်

န္တာထိုးကြီးမြို့နယ်တွင် ယခုနှစ်နွေအမီ စိုက်ပျိုးရေးအတွက် ၁၅၃ ကန် တူးဖော်ကြရန် ဒေသနယ်မြေခံပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၏ ပံ့ပိုးမှုဖြင့် စီစဉ်နေကြောင်းသိရသည်။ တစ်နိုင်တစ်ပိုင်ရေကန်ငယ်များကို ပြည်ခိုင်ဖြိုးပါတီ၏ ဦးဆောင်မှုဖြင့် ၂၀၁၃ ခုနှစ်အတွင်း ကျေးရွာကိုးရွာ၌ တစ်ဖက်ရပ်ကန် ၂၁၂ ကန်ကို တူးဖော်နိုင်ပြီး၊ ညောင်ပင်ရွာတွင် ၅၃ ကန်၊သပြေသာတွင် ၃၆ ကန်၊ ကြာပင်အိုင်တွင် ၅၂ ကန်၊ ဘုံသာတွင် ၁၀ ကန်၊ အုတ်ကုန်းရွာတွင် ၂၀ ကန်၊ ပြင်စည်တွင် ရှစ်ကန်၊ ရုံးပင်ကန်တွင် ၂၃ ကန်၊ ရေတွင်းကြီးတွင် သုံးကန်၊ ရွာသစ်တွင် ခြောက်ကန်တူးနိုင်၍၊ တစ်ကန်လျှင် ကျပ်တစ်သိန်းခွဲ၊ နှစ်သိန်းခန့် ကုန်ကျခဲ့သည်။ **ဌေးမြင့်မောင်**

မန္တလေးဘူတာကြီးကို အဆင့်မြှင့်တင်မှုများသာ ပြုလုပ်သွားမည်

မန္တလေး၊ မတ် ၂၇

မန္တလေးဘူတာကြီးကို လက်ရှိနေရာမှ ရွှေ့ပြောင်းရန်အစီအစဉ် မရှိဘဲ အဆင့်မြှင့်တင်မှုများ တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မတ် ၂၄ ရက်က ရထားပို့ဆောင်ရေး (သွား/လာ)ဌာနမှ စုံစမ်းသိရှိရသည်။

မန္တလေးဘူတာကြီးသည် မြို့လယ်လမ်းတွင် ပိတ်ဆို့ထားသည့်အတွက် စည်ပင်အကြံပေးအဖွဲ့မှ ဘူတာကြီးကို ရွှေ့ရန်နှင့် မရွှေ့နိုင်ပါက လိုအပ်သည့် နေရာများတွင် ခုံးတံတားများ ထပ်မံတည်ဆောက်ပေးရန် စည်ပင်အကြံပေးအဖွဲ့မှ အကြံပြုစာတင်ထားကြောင်း သိရသည်။

"မန္တလေးဘူတာကြီးကို ပြောင်းရွှေ့ဖို့အစီအစဉ် မရှိပါဘူး။ ရန်ကုန်ဘူတာကြီးလည်း မြို့လယ်ခေါင်မှာ ရှိပြီး၊ ဘူတာ အဆင့်မြှင့်ဖို့ လုပ်နေတယ်။ အလားတူ မန္တလေးဘူတာကြီးလည်း အဆင့်မြှင့်အစီအစဉ်တွေရှိပြီး၊ လုပ်ငန်းအဆင့်အလိုက် လုပ်သွားမယ်" ဟု ရထားပို့ဆောင်ရေး(သွား/လာ)ဌာနမှ အကြီးတန်းတာဝန်ရှိသူက ပြောသည်။

မန္တလေးဘူတာကြီးကို ပြောင်းရွှေ့ပါက လုပ်ငန်းသဘာဝအရ လည်းကောင်း၊ ကုန်ကျစရိတ်အရ လည်းကောင်း၊ အသစ်တည်ဆောက်ရန် မြေနေရာအပါအဝင် တည်ဆောက်ချိန်တို့အရလည်းကောင်း မဖြစ်နိုင်သည့်အပြင် လက်ရှိတွင်လည်း ဘူတာကြီးအပေါ်ထပ်များတွင် တည်းခိုရန်ဟိုတယ်၊ ဈေးဝယ်စင်တာ (Shopping Mall)၊ ကားရပ်နားရန်နေရာ(Car Parking)များနှင့် ဘူတာသန့်ရှင်းလှပ ခေတ်မီရေးတို့ လုပ်ဆောင်ရန် စီစဉ်ထားသည်ဟု ၎င်းက ပြောသည်။

မန္တလေးမြို့လယ်တွင် တည်ရှိသည့် ဘူတာကြီးကို အပေါ်စီးမှ မြင်တွေ့ရစဉ်။

မန္တလေး ဘူတာကြီးသည် မြို့လယ်လမ်းကြော တစ်ခုလုံးကို ပိတ်ဆို့ထားသည့်အတွက် ယာဉ်များမှာ ရထားသွားလာချိန်တွင် ဘူတာများ မြို့လယ်တွင်တည်ရှိနေခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုကို အနှောင့်အယှက်ပေးခြင်း မရှိဘဲ ရထားခရီးသွားများအတွက် မြို့တွင်းခရီးစရိတ် ပိုမိုကုန်ကျရန်မရှိသကဲ့သို့ ညဥ့်နက်သည်အထိ သွားလာရေး အဆင်ပြေနိုင်ကြောင်း၊ အခြား တိုးတက်ခေတ်မီသော နိုင်ငံများမှ မြို့တော်များဖြစ်သည့် ဘေဂျင်း(တရုတ်)၊ ဗန်ကောက်(ထိုင်း)တို့တွင်လည်း ဘူတာရုံများသည် ယင်းတို့၏မြို့လယ်တွင် ယနေ့ထိရှိနေကြောင်း သိရသည်။ **အောင်(မန်း)**







ကင်မွန်းတော်ရွာစာကြည့်တိုက်အတွက် SKY NET လှူဒါန်း

ချောင်းဦး၊ မတ် ၂၇

ချောင်းဦးမြို့နယ်၊ ကင်မွန်းတော်ကျေးရွာ၊ လင်းရောင်ခြည် စာကြည့်တိုက်အတွက် Sky Net ရုပ်သံလွှင့်စက်တစ်လုံးကို မတ် ၂၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးအပ်လှူဒါန်းခဲ့သည်။

ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးရွာ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာစာကြည့်တိုက်များ အတွက် Sky Net ရုပ်သံလွှင့်စက်များ လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်မှ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလမှစ၍ ချောင်းဦးမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များသို့ Sky Net များ တပ်ဆင်ပေးလျက်ရှိရာ တတိယအလုံးမြောက်အဖြစ် ကင်မွန်းတော်ကျေးရွာ လင်းရောင်ခြည် စာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်ယုယုဝင်းက ပြောသည်။

ကင်မွန်းတော်ကျေးရွာသို့ Sky Net ရုပ်သံလွှင့်စက်ကို မတ် ၂၄ ရက်က ထုတ်ပေးခဲ့ရာ မတ် ၂၅ ရက်တွင် မြို့နယ်ပြန်/ဆက်ဝန်ထမ်းများက ကျေးရွာအရောက် သွားရောက်တပ်ဆင်ပေးခဲ့ပြီး ရုပ်သံလိုင်းများဖမ်းယူပေးခဲ့ရာ ယခုပေးအပ်သော Sky Net ရုပ်သံလွှင့်စက်မှာ တစ်နှစ်စာသက်တမ်းနှင့် ရုပ်သံလိုင်း ၈၆ လိုင်းဖမ်းယူကြည့်ရှုနိုင်ကြောင်း သိရသည်။

ယခုလို ကျေးရွာစာကြည့်တိုက်တွင် Sky Net တစ်နှစ်သက်တမ်းရှိ ၈၆ လိုင်းပါတပ်ဆင် ပေးခြင်းဖြင့် မိမိတို့ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ခေတ်နှင့်အညီ ဖြစ်ပေါ်နေသော ဓလေ့ထုံးစံများကို လေ့လာသိရှိရခြင်း၊ ကမ္ဘာတစ်ဝှမ်းမှ သတင်းထူးများကို သိရှိရခြင်း၊ ယဉ်ကျေးလိမ္မာသော မျိုးဆက်သစ်များဖြစ်ပေါ်စေရန် ဗုဒ္ဓလိုင်းများပါရှိခြင်း၊ အားကစားလိုက်စားသော လူငယ်များအတွက် မြန်မာ့အားကစားသာမက ကမ္ဘာ့အားကစားမျိုးစုံကို တိုက်ရိုက်ကြည့်ရှုခွင့်ရမည်ဖြစ်ကြောင်း SKY NET အလှူခံရရှိမှု၊ တပ်ဆင်ကြည့်ရှုမှုနှင့်ပတ်သက်၍ ကင်မွန်းတော်ကျေးရွာ အလယ်တန်းကျောင်း (ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးကျော်အေးက ပြောသည်။

"စာကြည့်တိုက်မှာ Sky Net ပါ တပ်ဆင်ထားပြီး ဖွင့်လှစ်ပြသထားမယ်ဆိုရင် စာကြည့်တိုက်ဟာ ကျေးရွာနေပြည်သူများနှင့် အဝင်အထွက်များပြီး အလွန်ကိုစည်းကားနေတော့မှာ အသေအချာပါပဲ၊ ဒီလို ထောက်ပံ့ပေးတဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလဲ ကျေးဇူးတင်ရှိပါတယ်" ဟု ယင်းကျေးရွာမှ ကျေးရွာသား တစ်ဦးကပြောသည်။ **မြို့နယ်ပြန်/ဆက်**

သတင်းတို

ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ဧပြီ ၅ ရက် မွန်းလွဲ ၂ နာရီတွင်ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်၌ဦးသန်းမောင် (စစ်တွေ) မှကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်းအကြောင်းသိကောင်းစရာများ (Publication of Trademark Notice)ခေါင်းစဉ်ဖြင့်ဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူများတက်ရောက်နိုင်ကြောင်း သိရသည်။

မျိုးမင်းသူရ

ဘားအံမြို့တွင် နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးခွဲ၌ နိုင်ငံကူးလက်မှတ် လာရောက်ပြုလုပ်မှုများပြား

ဘားအံ၊ မတ် ၂၇

ကရင်ပြည်နယ်၊ ဘားအံမြို့တွင် ဖွင့်လှစ်ထားသော မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးခွဲ၌ နိုင်ငံကူးလက်မှတ်လာရောက်ပြုလုပ်သူများဖြင့် စည်ကားလျက်ရှိကြောင်းသိရသည်။

ကရင်ပြည်နယ်၊ ဘားအံမြို့၌ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးခွဲအား ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ရာ ဇန်နဝါရီ ၃၁ ရက်နေ့ထိ တစ်လအတွင်း ကရင်ပြည်နယ်တွင်းရှိ ဒေသခံပြည်သူများ နိုင်ငံကူးလက်မှတ်လာရောက်ပြုလုပ်သူ ၅၂၂ ဦးရှိခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၂၈ ရက်ထိ ၅၆၂ ဦးထိရှိလာကာ လက်ရှိ မတ် ၁၉ ရက်ထိလာရောက်ပြုလုပ်သူ ၅၄၇ ဦးထိရှိပြီး နိုင်ငံကူးလက်မှတ်ပြုလုပ်သူဦးရေ ပိုမိုများပြားစွာ ဆောင်ရွက်လာကြကြောင်း၊ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးခွဲ ဘားအံတာဝန်ခံ၏ပြောကြားချက်အရ သိရသည်။

ဘားအံမြို့ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ခွဲရုံးတွင် နိုင်ငံကူးလက်မှတ် ပြုလုပ်နေသူများအား တွေ့ရစဉ်။

ယင်းသို့ နိုင်ငံကူးလက်မှတ်လာရောက်ပြုလုပ်သူများအနေဖြင့် ပြည်ပသို့ အလည်သွားရောက်မည့်သူများအတွက် မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် လိုအပ်သည့်စာရွက်စာတမ်း (PV)၊ ပြည်ပသို့ ကျောင်းတက်သွားရောက်မည့်သူများအတွက် မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် လိုအပ်သည့်စာရွက်စာတမ်း(PE)၊ ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ရန် မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ရာတွင် လိုအပ်သည့်စာရွက်စာတမ်း (PJ) များကို ဗီနိုင်းများဖြင့် ချိတ်ဆွဲထားသည်။

ထို့ပြင် ပြည်ပသို့သင်္ဘောသားအဖြစ် သွားရောက်မည့်သူများအတွက် မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် လိုအပ်သည့်စာရွက်စာတမ်း (PS)၊ ပြည်ပသို့ဘာသာရေးဖြင့် သွားရောက်မည့်သူများအတွက် မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် လိုအပ်သည့်စာရွက်စာတမ်း (PR)၊ ပြည်ပသို့ မှီခိုသူအဖြစ်သွားရောက်မည့်သူများအတွက် မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် လိုအပ်သည့်စာရွက်စာတမ်း (PT) များကိုလည်း ပွင့်လင်းမြင်သာအောင် ချိတ်ဆွဲထားကြောင်း သိရသည်။

ပြည်ပသို့ သွားရောက်ဆေးကုသသူများအတွက် မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် လိုအပ်သည့်စာရွက်စာတမ်း (PM)၊ ပြည်ပသို့ စီးပွားရေးကိစ္စဖြင့်သွားရောက်မည့်သူများအတွက် လိုအပ်သည့်စာရွက်စာတမ်းများ(PB) ဖောင်များဖြည့်စွက်ရာတွင် လွယ်ကူအဆင်ပြေနိုင်ရေးအတွက် ဗီနိုင်းပိုစတာများဖြင့် ရုံးတွင်ချိတ်ဆွဲထားရှိပြီး နိုင်ငံကူးလက်မှတ်ပြုလုပ်သူများ ကုန်ကျမည့်ငွေစာရင်းကိုလည်းအသေးစိတ်ဖော်ပြထားရှိကာ ထင်သာမြင်သာရုံးရှေ့တွင်ချိတ်ဆွဲ ထားရှိထားကြောင်း အဆိုပါ တာဝန်ရှိသူက ပြောသည်။

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်၊ ကျုံဒိုးမြို့မှ မြန်မာနိုင်ငံကူလက်မှတ်လာရောက်ပြုလုပ်သော စောမျိုးမင်းက "ကျွန်တော်အရင်က နိုင်ငံကူးလက်မှတ်ရဖို့ ရန်ကုန်မှာသွားရောက်လုပ်ခဲ့ဘူးတယ်။လမ်းစရိတ်၊ စားစရိတ်၊တည်ခိုးစရိတ်တွေကုန်ကျမှုတွေအများကြီး ရှိခဲ့တယ်။ ဒါ့အပြင် တစ်နိုင်ငံလုံးအတိုင်းတာကရှိတဲ့ နိုင်ငံခြားထွက်ဖို့လူတွေကို တစ်နေရာတည်းစုစည်းဆောင်ရွက်ပေးတာမို့ အစစအရာရာ အခက်အခဲများကြုံတွေ့ခဲ့ရတယ်၊ ငွေကုန်လူပန်းနဲ့ အစားထိုးမရတဲ့ အချိန်ဆုံးရှုံးမှုက ပိုးဆိုးတာပေါ့။ ခုလို ပြည်နယ်အသီးသီးနဲ့ တိုင်းဒေသကြီးအသီးသီးတွေမှာ မြန်မာနိုင်ငံကူးလက်မှတ်ရုံးခွဲများ ဖွင့်လှစ်ပေးခဲ့တာမို့ ပိုမိုအဆင်ပြေချောမွေ့လွယ်ကူခဲ့ပါတယ်" ဟုဖင်းက ပြောသည်။

"အရင်က ကျွန်တော်တို့ကရင်ပြည်နယ်ဒေသခံများဟာ နိုင်ငံကူးလက်မှတ်ပြုလုပ်ရမှု အခက်အခဲရှိလို့ အောက်လမ်းကပဲအသွားများခဲ့တယ်။ ဒီလိုဖြစ်ခဲ့ရတာတွေဟာ လူကုန်ကူးမှုကိုအားပေးရာရောက်ပြီး ပြည်သူ့ဘဝလုံခြုံမှုမရခဲ့ပါဘူး။ အခုဒီနေ့မတ် ၂၅ ရက် ကျွန်တော်မြန်မာနိုင်ငံကူးလက်မှတ်လာလုပ်တာ အစစအရာရာအဆင်ပြေတယ် နေ့ချင်းပြီးဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံကူးလက်မှတ်ကို ၁၀ ရက်အတွင်းရတော့ ပိုပြီးအဆင်ပြေလာပါတယ်" ဟု ကိုစောမျိုးမင်းက ဆက်လက်ပြောသည်။

ကရင်ပြည်နယ်၊ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲ(ဘားအံ)တွင်သတင်းတပ်ဖွဲ့ဝင်ဝန်ထမ်းခုနစ်ဦးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းနှစ်ဦးတို့ဖြင့် ဆောင်ရွက်ပေးနေကြောင်းသိရသည်။ **ထွန်းထွန်းထွေး**



CONGRATULATIONS!
Morning Star Tennis Club Congratulates Our Member Dr. Maung Htwe (Executive Director, United Amara Bank) On Receving "Doctor of Philosophy" Awarded By New Age International University, USA.
Members Of Customs & Port Tennis Courts
(Nan Thida)

MYANMAR THAMES INTERNATIONAL (MTI)
Diploma In Business (L4DB)
2nd Floor, Myay Ni Gone Plaza. Tel: 525971,708740,501450,09731473??

ခွင့်ပြုရန်ပုံငွေကျပ် ၁၉၂ သိန်းဖြင့် မိတ္ထီလာ လမ်းဆုံလေးနေရာတွင် ဒီဂျစ်တယ်မီးပွိုင့်များတပ်ဆင်

မိတ္ထီလာ၊ မတ် ၂၇

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၉၂ သိန်းဖြင့် မိတ္ထီလာမြို့ ယာဉ်ကြောအများဆုံး ရှုပ်ထွေးရာလမ်းဆုံများတွင် ဒီဂျစ်တယ်မီးပွိုင့်လေးခုကို မတ် ၂၆ ရက်က တပ်ဆင်ပြီးစီးကြောင်း သိရသည်။

အဆိုပါ ကျောက်ပန်းတောင်း-မိတ္ထီလာ ကားလမ်းမပေါ်ရှိ ပေါက်ချောင်းရပ်ကွက် ပညာရေးကောလိပ်လမ်းဆုံ၊ နန်းတော်ကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးလမ်းဆုံ၊ မိတ္ထီလာ-တောင်ကြီး-နေပြည်တော်-ရန်ကုန်မြို့များမှ ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်ရာ ရတနာမာရ်ရပ်ကွက် မြို့နယ်မီးသတ်ဦးစီးဌာန (မီးသတ်ရေစင်ကြီး)လမ်းဆုံတွင်ဒီဂျစ်တယ်မီးပွိုင့်များ တပ်ဆင်ထားကြောင်း သိရသည်။

သီရိမင်္ဂလာရပ်ကွက် မိတ္ထီလာ-မန္တလေးကားလမ်းမ အနီး(ကားဝန်းကြီး) လမ်းဆုံတို့တွင် ဒီဂျစ်တယ် မီးပွိုင့်လေးခုကို မန္တလေးမြို့ ဇာနည်လျှပ်စစ်ကုမ္ပဏီမှ တာဝန်ယူ တပ်ဆင်ခြင်းဖြစ်သည်။

ယာဉ်ကြောရှုပ်ထွေးသည့်နေရာတစ်ခုတွင် ဒီဂျစ်တယ်မီးပွိုင့်တပ်ဆင်ပြီးစီးမှုအား တွေ့ရစဉ်။

မိတ္ထီလာတွင် ရန်မျိုးအောင်ရပ်ကွက် တော်ဝင်နန်းလမ်းဆုံနှင့် မြို့မရပ်ကွက် ရိုးမဘဏ်လမ်းဆုံနေရာ နှစ်ခုတွင် ဒီဂျစ်တယ်မီးပွိုင့်နှစ်ခုကို ယခင်တပ်ဆင်ထားရှိရာ ယခုထပ်မံတပ်ဆင်သည့် ဒီဂျစ်တယ်မီးပွိုင့် လေးခု အပါအဝင် မြို့တွင်းဧရိယာယာဉ်စည်ကားရာလမ်းဆုံများတွင် စုစုပေါင်း ဒီဂျစ်တယ်မီးပွိုင့် ခြောက်ခု တပ်ဆင်ထားရှိခြင်းဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

သတင်းတိုများ

ပစ်ပေါက်လိုက်သော ရေခဲထုပ်များကြောင့် ထိခိုက်ကားမှန်ကွဲစများထိမှန်၍ ဒဏ်ရာရရှိ

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် စက်မှုဇုန် (၁) ထွန်းဘိနပ်စက်ရုံမှ၊ BM အလုပ်သမားကြို/ပို့ ဖယ်ရီကားနှစ်စီးသည် မတ် ၂၅ ရက် ည ၇ နာရီ ၄၀ မိနစ်ခန့်က စည်ရုံအတွင်းမှ ထွက်လာစဉ် BM ယာဉ်ပေါ်ပါ ဝန်ထမ်းအမျိုးသမီးများကို ဒိုင်နာယာဉ်မှ ဝန်ထမ်းတချို့က ရေခဲထုပ်များဖြင့် အပျော်လွှန် နောက်ပြောင်ပစ်ပေါက်လိုက်သဖြင့် BM ယာဉ်မှ မှန်များကွဲကြေလွင့်စင်ကာ ယာဉ်ပေါ်ပါ မောင်ဇော်ထွန်း ၂၈ နှစ်နှင့် မညိုမာလွင် ၂၇ နှစ်တို့မှာ လည်ပင်းနှင့် မျက်နှာတို့တွင် ပြတ်ရှဒဏ်ရာများ ပြင်းထန်စွာရရှိသွားကာ မညိုမာလွင်မှာ သတိလစ်မေ့မြောသွားသဖြင့် လှိုင်သာယာမြို့နယ် ထွန်းဖောင်ဒေးရှင်းဆေးရုံမှတစ်ဆင့် အင်းစိန်ပြည်သူ့ဆေးရုံသို့ လွှဲပြောင်း၍ဆေးကုသမှုခံယူထားကြောင်း သိရသည်။

MHP **(လှိုင်သာယာ)**

International Branded Show 2014 ပြပွဲ တပ်မတော်ခန်းမ၌ သုံးရက်ကြာ ပြသမည်

Creation Strength Co,ltd မှ ကြီးမှူး၍ International Branded Show ၂၀၁၄ ကို ဧပြီ ၃ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နေ့စဉ်နံနက် ၉ နာရီ မှ ညနေ ၅ နာရီအထိ ပြသမည်ဖြစ်သည်။ ပြပွဲတွင် ကားကုမ္ပဏီများ၊ ကားနှင့်ဆက်စပ်ပစ္စည်းများ၊ ဘဏ်လုပ်ငန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း၊ ဖုန်းနှင့်ဆက်စပ်ပစ္စည်းများ၊ အိမ်တွင်း အလှဆင်လုပ်ငန်းများ၊ အဝတ်အထည်နှင့် အလှကုန်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ကျန်းမာရေးနှင့် ဆေးဝါးပစ္စည်းများ၊ မီးဖိုးချောင်သုံးပစ္စည်းများ၊ စားသောက်ကုန်များနှင့် အခြားလုပ်ငန်းများပါဝင်သည့် ကုမ္ပဏီ ၅၀ ကျော်တို့က ပြခန်းပေါင်း ၁၈၀ ကျော်ဖြင့် ပြသသွားမည်ဖြစ်သည်။ ပြပွဲကာလအတွင်း အထူးအစီအစဉ်များ၊ ကံစမ်းမဲများပါဝင်သည်။ ထို့ပြင် Hire Parchase System ဖြင့် ဘဏ်များနှင့် ချိတ်ဆက်၍၊ ကားများဝယ်ယူနိုင်မည်ဖြစ်ပါသည်။

မျိုးမင်းသူရ

နွားထိုးကြီးတွင် ဒေသထွက်အင်ကြင်းကျောက်များကို အင်တာနက်မှတစ်ဆင့်အမှာစာများပေးပို့ဝယ်ယူနိုင်

နွားထိုးကြီး၊ မတ် ၂၇

အင်ကြင်းကျောက်များကို အရှေ့ဥရောပထိ ဈေးကွက်ချဲ့ထွင်ရောင်းချလာသည်ကို တွေ့လာရ၍ အင်ကြင်းကျောက်အချောထည်၊ အရိုင်းတုံးများအား Lot စနစ်နဲ့ရောင်းချနေရကြောင်း၊ အင်တာနက်မှတစ်ဆင့် အမှာစာပေးပို့ဝယ်ယူနိုင်ပြီဖြစ်ကြောင်း အင်ကြင်းကျောက်လောကမှ စုံစမ်းသိရှိရသည်။

မြန်မာနိုင်ငံတွင် သဘာဝရတနာများစွာ ထွက်ရှိနေရာမှ မြန်မာ့အင်ကြင်းကျောက်သည် အာရှမှာ ထင်ရှားကျော်ကြားသည်ဖြစ်ရာ သစ်ပင်ကျောက်ဖြစ်ရုပ်ကြွင်း သုံးမျိုးရှိသည့်အနက်မှ အင်ကြင်းပင်ကျောက်ဖြစ်ရုပ်ကြွင်းမှာ လူသိများထင်ရှားပြီး အင်ကြင်းကျောက်မှာ အရောင်ငါးရောင်ရှိ၍ အစိမ်းရောင်ကို တရုတ်နိုင်ငံမှ နှစ်ခြိုက်၍ ပယင်းရောင်ကို အိန္ဒိယနိုင်ငံမှ နှစ်ခြိုက်ကြောင်း သိရသည်။

အင်ကြင်းကျောက်ကို မြန်မာနိုင်ငံအလယ်ပိုင်းမကွေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီးများတွင် တွေ့ရှိနိုင်ပြီးမန္တလေးတိုင်းဒေသကြီးတွင် အများဆုံးထွက်ရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်တွင် ထန်းခွရွာ၊ ဘုရားကြီးရွာ၊ဒေါင့်မိုး၊တာပါယ်ရွာများမှ အများဆုံးတူးဖော်တွေ့ရှိ၍ ကျယ်ပြန့်စွာ ထုတ်လုပ်ကြောင်း သိရသည်။

နှစ်သန်းပေါင်း ၆၀ ကြာမှ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ရသော အင်ကြင်းကျောက်ကို စိပ်ပုတီး၊ လက်ကောက်၊ ဆွဲသီး၊ ဆွဲကြိုး၊ ကီးချိန်း၊ စားပွဲတင်အိုးများ၊ အိမ်တွင်းမှုအလှဆင်ပစ္စည်းများအဖြစ် အချောထည်ထုတ်လုပ်နေကြပြီး အချောထည်ပစ္စည်းများမှာ ဝယ်လက်နည်း၍ ဈေးကွက်မတွင်ကျယ်သေးသော်လည်း ကျောက်ကြမ်းတုံးများ ပုံမှန်ဝယ်လက်များဖြင့် တရုတ်ပြည်တက်ဈေးကွက်မြဲနေကြောင်း သိရသည်။

တရုတ်ပြည်တွင် မြန်မာ့အင်ကြင်းကျောက်များကို ဂုဏ်သရေတစ်ခုအဖြစ် အမွှန်းတင်ကာ ကျက်သရေဆောင် ပိုင်ဆိုင်မှုတစ်ခုအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ဝယ်ယူနေကြပြီး အိန္ဒိယနိုင်ငံတွင် နေအိမ်တိုက်တာအဆောက်အအုံများ၌ ထည့်သွင်းအလှဆင်ဆောက်လုပ်ကြကြောင်း သိရသည်။

နိုင်ငံထွက် သဘာဝသယံဇာတများထဲတွင် ရတနာတန်းဝင်မဖြစ်ခဲ့သော်လည်း အဖိုးတန်ကျောက်အဖြစ် ဈေးကွက်တစ်ခုနှင့် ခိုင်မာစွာရပ်တည်နေနိုင်သော မြန်မာ့အင်ကြင်းကျောက်များကို တန်ဖိုးရှိစွာ အသုံးချနိုင်ဖို့လိုကြောင်းဖြင့် ‘သရီးဂျိတ်’ အင်ကြင်းကျောက်ကုမ္ပဏီမှ သိရသည်။

ခင်စာမွန်မြင့်(ဥပဒေ)



မြို့မအားကစားကွင်းအတွင်း၌ အာခါတိုင်းရင်းသား ပွဲကျင်းပသည့်နေရာအတွင်း တရားမဝင် လောင်းကစားမှုနှစ်မှု ဖမ်းဆီးရမိခဲ့

မြင်းခြံမြို့နယ်တွင် စိုက်ပျိုးထားသော ဆေးရွက်ကြီးခင်းများတွင် ဆေးရူးလုပ်ငန်းဝင်၍ ဆေးရွက်နေလှမ်းနေကြပြီဖြစ်ပြီး ရိုးရိုးဆေးဖြစ်သော ရင်ခွဲဆေးမျိုး၊ ကျောက်စိမ်းဆေးမျိုး၊ ဗာဂျီးနီးယားဆေးများနှင့် ကာလီစီးကရက်ဆေးဟူ၍ လေးမျိုး စိုက်ပျိုးနေကြသည်။ တစ်ဧက ပိဿာ ၄၀၀၊ ၅၀၀ မှ ၇၀၀ ထိထွက်၍ ဆေးဈေးကောင်းမှသာ ဆေးစိုက်သူတို့ ခံစားကြရသည်ဟု ဆေးစိုက်တောင်သူတစ်ဦးက ဆိုသည်။ သတင်းနှင့်ဓာတ်ပုံ- ခင်ဇာမွန်မြင့်(ဥပဒေ)

ကျိုင်းတုံ၊ မတ် ၂၇

ကျိုင်းတုံ-တောင်ကြီး လမ်းဘေးရှိ မြို့မအားကစားကွင်းအတွင်း၌ အာခါတိုင်းရင်းသားပွဲ ကျင်းပပြုလုပ်နေစဉ် တရားမဝင် လောင်ကစားမှု နှစ်မှု ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၃ ရက် ည ၉ နာရီခန့်က ပွဲတော်ကျင်းပနေသည့် ဘောလုံးကွင်း၏ အရှေ့တောင်ထောင့်၌ အရုပ်စုံ ၁၂ မျိုးလောင်းကစား၊ အဆများစွာရရှိသည့် စာတန်းပါ စက်ပန်းဝိုင်းတစ်ချပ်နှင့် လောင်းကစားပြုသည့် ဗီနိုင်းရုပ်ပုံကားချပ်တစ်ခုနှင့် မီးစက်၊ ထိုင်ခုံ စသော ဆက်စပ်ပစ္စည်းများနှင့် အတူ လောင်းကစားငွေ ၉၅၀၀၀ ကျပ်အား ဒိုင်ပြုလုပ်သူ ဒေါ်မီမီလတ်(ခ)စနေမ (၃၃)နှစ်၊ ကန်သာမြို့သစ်၊ အောင်ပင်လယ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး တွင်နေထိုင်သူအား ဖမ်းမိခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ လောင်းကစားဒိုင်ပြုလုပ်နေသူ ဒေါ်သန်းစိုးရီ(၃၆)နှစ် ရွှေမင်းဝံရပ်ကွက်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် နေသူထံမှ နဂါးနှင့်ဒေါင်းအရုပ်ပါသော ဒိုင်းပြားဝိုင်း တစ်ခု၊ အဖုံးတစ်ခု၊ ရုပ်ပုံဇယားကားချပ် တစ်ချပ်နှင့် လောင်းကစားငွေ ၁၈၅၆၀၀ ကျပ်တို့အား ရပ်ကွက်သက်သေလူကြီးများ ရှေ့တွင် ဖမ်းမိခဲ့သည်။ အမှုအား ကျိုင်းတုံမြို့မရဲစခန်းမှ (ပ)၃၄/၂၀၁၄၊ လောင်းကစားဥပဒေပုဒ်မ ၁၂(က)ဖြင့် ဒေါ်မီမီလတ်(ခ)စနေမနှင့် ဒေါ်သန်းစိုးရီတို့အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ထက်တိုင်းကျော်**

သတင်းတိုများ

သန်လျင်တွင် ကားကြိတ်သေဆုံးမှုဖြစ်

မတ် ၂၄ ရက် ညနေ ၅ နာရီခန့်က သန်လျင်မြို့၊ သန်လျင်-ကျောက်တန်း လမ်းမကြီးအတိုင်း သန်လျင်ဘက်မှ ကျောက်တန်းဘက်သို့ ထွန်းထွန်းနိုင် မောင်းနှင်ပြီး နောက်ဘက်မှ ကရင်(ခ)ကိုကျော်ထွန်း လိုက်ပါစီးနင်းလာသည့် လော်ဂျာဆိုင်ကယ်သည် ပျဉ်ထောင်ကျောင်းသုသာန်ရှေ့အရောက်တွင်တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ ယာဉ်မောင်းကိုအောင်ဇော်ဦး မောင်းနှင်လာသည့် နံသာစိမ်းရောင်ကိုယ်ပိုင်ယာဉ်၏ ရှေ့ဝဲဘက်ဘန်ဘာနှင့် မီးကြီးတို့အား ဝင်ရောက်တိုက်မိခဲ့သည်။ ကရင်(ခ)ကိုကျော်ထွန်းမှာဆိုင်ကယ်ပေါ်မှ ပြုတ်ကျသွားခဲ့ရာကိုယ်ပိုင်ယာဉ်၏ အနောက်ဘက်မှမောင်းနှင်လာသော အပြာရောင်အုတ်သယ်ယာဉ်နောက်ဘီးဖြင့်ကြိတ်မိသဖြင့် ကရင်(ခ)ကိုကျော်ထွန်းမှာ ဦးခေါင်းကွဲ၊ ယာခြေစုတ်ပွဲဒဏ်ရာများဖြင့် အခင်းဖြစ်ရာတွင် သေဆုံးသွားခဲ့သည်။ ယင်းသို့ ယာဉ်တိုက်မှုအတွက် ဆိုင်ကယ်မောင်းနှင်သူ ထွန်းထွန်းနိုင်နှင့် အုတ်သယ်ယာဉ်မောင်း(စုံစမ်းဆဲ)တို့နှစ်ဦးကို သန်လျင်မြို့ရဲစခန်း ယာဉ် (ပ) ၅၀/၁၄၊ ပြစ်မှုပုဒ်မ ၃၀၄-က/၂၀၂ အရ အမှုဖွင့်ထားသည်။ **(၃၁)**

ဒဂုံတောင်ပိုင်း၌ စကားများရန်ဖြစ်ပြီး ရိုက်မှုဖြစ်

မတ် ၂၄ ရက်က ဒဂုံတောင်ပိုင်းမြို့နယ်နေ ငြိမ်းချမ်းအောင်၊ ရန်နိုင်ထွန်း၊ နိုင်မင်းထွန်းတို့သုံးဦးမှာ ‘မိဘဂုဏ်’သစ်စက်ရှေ့၌ဖုန်းပြောနေစဉ် သစ်တင်လာသောကားနှင့် မလွတ်သဖြင့် သစ်ဆိုင်အလုပ်သမားများက ဖယ်ခိုင်းရာ ၎င်းတို့ခြောက်ဦးနှင့် စကားများရန်ဖြစ်ကြပြီး ၎င်းတို့က သစ်သားတုတ်၊ ဓားများဖြင့် ရိုက်နှက်သဖြင့် နိုင်မင်းထွန်း ၂၈ နှစ်မှာ အခင်းဖြစ်နေရာတွင် ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။ ကျန်သူများမှာ ဒဏ်ရာများရရှိ၍ ဒဂုံတောင်ပိုင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ **(၃၁)**

မုန်တိုင်းထောက်လှမ်းရေး ရေဒါအား လာမည့် ၂၀၁၅ ခုနှစ် ဘတ်ဂျက်ကာလတွင် တပ်ဆင်သွားမည်

မန္တလေး၊ မတ် ၂၇

မန္တလေးမြို့ ချမ်းမြသာစည်လေဆိပ်အတွင်းရှိ မိုးလေဝသနှင့်ဇလဗေဒတိုင်းတာရေးစခန်းတွင် လျှပ်တစ်ပြက် ရေကြီးခြင်း၊ မုန်တိုင်းခန့်မှန်းခြင်းနှင့် မိုးရွာသွန်းမည့် မိုးရေချိန်ကြိုတင်ခန့်မှန်းတိုင်းတာ လုပ်ဆောင်နိုင်မည့် မုန်တိုင်းထောက်လှမ်းရေး ရေဒါကို လာမည့် ၂၀၁၅- ၂၀၁၆ ခုနှစ် ဘတ်ဂျက်ကာလတွင် တပ်ဆင်သွားမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

“နာဂစ်ဖြစ်တုန်းက ကျွန်တော်တို့မှာ မုန်တိုင်းကို ကြိုတင်ထောက်လှမ်းနိုင်တဲ့ရေဒါ မရှိသေးဘူး။ နာဂစ်ပြီးသွားတော့ ဂျပန်မစ်ရှင်အဖွဲ့ ရောက်လာပြီး မန္တလေး၊ ကျောက်ဖြူ၊ ရန်ကုန်မြို့တွေမှာ တပ်ဆင်ပေးဖို့ သဘောတူညီမှုရခဲ့တယ်။ ခုဆိုရင် MoU ထိုးပြီးသွားပြီ။ ကျောက်ဖြူမှာ အရင်စလုပ်နေပါတယ်” ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန(နေပြည်တော်) မှ ညွှန်ကြားရေးမှူး ဦးချစ်ကျော်က မန္တလေးမြို့တွင်းပြုလုပ်ခဲ့သည့် ကမ္ဘာ့မိုးလေဝသနေ့အခမ်းအနားပွဲတွင် ပြောကြားခဲ့သည်။

> မုန်တိုင်းဖြစ်ပေါ်ရာနဲ့ ဝေးတယ်ဆိုပေမယ့် မုန်တိုင်းအကြွင်းအကျန်တွေက တစ်ဆင့်ဝင်. . . .

ဂျပန်နိုင်ငံ၏ အကူအညီဖြင့် မြန်မာနိုင်ငံတွင် ရေဒါသုံးခုနှင့်အတူ အလိုအလျောက် မိုးလေဝသတိုင်းတာရေးစက်အစုံ ၃၀ တပ်ဆင်ပေးသွားမည်ဖြစ်ပြီး ဒေါ်လာ ၃၈ ဒသမ ၇ သန်းတန်ဖိုးရှိကြောင်း သိရသည်။

ကျောက်ဖြူဒေသတွင် တပ်ဆင်ရာ မြန်မာအစိုးရဘက်မှ ငွေကျပ်သိန်းနှစ်ထောင် အကုန်အကျခံ၍ မြေနေရာရှင်းလင်းခြင်း၊ လမ်းဖောက်ခြင်း၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းတို့ကို မတ် ၂၅ ရက်အပြီး လုပ်ဆောင်ပေးခဲ့ပြီး မန္တလေးမြို့တွင်လည်း ယခုအခါ အောက်ခြေမြေရှင်းလင်းခြင်းလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း သိရသည်။

“မြန်မာနိုင်ငံအလယ်ပိုင်းမှာ မုန်တိုင်းဖြစ်ပေါ်ရာနဲ့ ဝေးတယ်ဆိုပေမယ့် မုန်တိုင်းအကြွင်းအကျန်တွေက တစ်ဆင့် ဝင်ရောက်လာပြီး မိုးသည်းထန်တာ၊ လျှပ်တစ်ပြက် ရေကြီးတာ၊ မြစ်ရေကြီးတာမျိုးတွေ ကြုံတွေ့ကြရတယ်။ ပခုက္ကူမှာဆိုရင် တံတားတွေကျိုးခဲ့တယ်။ ခုလုပ်တဲ့လုပ်ငန်းစဉ်က ဒါတွေကို ကြိုတင်တိုင်းတာ သိရှိနိုင်မှာဖြစ်ပါတယ်” ဟု ညွှန်ကြားရေးမှူး ဦးချစ်ကျော်က ပြောသည်။

အဆိုပါ တိုင်းတာရေးကိရိယာသည် မန္တလေးမြို့အခြေပြု၍ အထက်ဘက် မြစ်ကြီးနား၊ အောက်ဘက် တောင်ငူဝန်းကျင်ထိ တိုင်းတာသိရှိနိုင်မည်ဖြစ်သည်။ ၎င်းရှိရာ ဗဟိုမှ မိုင် ၂၅၀ ပတ်လည်ထိ တိုင်းတာသိရှိနိုင်ကာ လာမည့် ၂၀၁၇ ခုနှစ်တွင် စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **အောင်(မန်း)**








GL
Apr 12
Apr 12
Apr 12
Apr 12
Apr 12
Apr 12
Apr 13
Apr 13
Apr 13
Apr 13

Ph: 09-73121117
09-420064448

တီဗွီ (1)
ကားမောင်း၊ စက်ပြင်သင်တန်း

ရောင်းမည်
09-5010196

SONG LANGUAGE SCHOOL
EPS – TOPIK

01-401491 09-5010196

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၅၀/ခ၊ မြေကွက်တည်နေရာအမှတ်- (၅၀/ခ)၊ ဗိုလ်ချုပ်လမ်း၊ (၂)ရပ်ကွက်၊ ဒေါ်သက်တင် အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် မွေးစားမိခင် ဒေါ်သက်တင်နှင့် မွေးစားဖခင် ဦးကျော်လှိုင်တို့ ကွယ်လွန်သဖြင့် ဦးသန်းထွန်း [၁၂/ပဇတ (နိုင်) ၀၀၁၀၇၁]က ကိတ္တိမသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ မွေးစားစာချုပ်၊ ၅၉၉၃/၀၅ (၂၈-၇-၀၅) တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရောင်းမည်

၁။ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ရဲစုတောင်ရပ်ကွက်၊ ဦးကျော်မြလမ်း(၁၇ပေ×၆၂ပေ)ခြံကာပြီး ဥယျာဉ်ခြံမြေ သိန်း(၇၀)
၂။ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ရဲစုထောင်ရပ်ကွက်၊ ပေ(၁၀၀×၁၀၀)မြေသီးသန့် သိန်း(၄၀၀၀)
၃။ မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း မြောက်ပိုင်း ပေ(၁၈×၁၈)ပျဉ်ထောင်ရေ+မီး သိန်း(၁၀၀)
၄။ မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း မြောက်ပိုင်း ပေ(၁၇×၂၉)ပျဉ်ထောင်ရေ+မီး သိန်း(၁၃၀)
၅။ မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း မြောက်ပိုင်း (၁၂×½ပေ× ပေ ၆၀)ပျဉ်ထောင် သိန်း(၁၃၀)
၆။ မရမ်းကုန်း (၅)ရပ်ကွက်၊ ကျောက်ရေတွင်း မြောက်ပိုင်း (၁၂×½ပေ×၅၀ပေ)ပျဉ်ထောင်ရေ+မီး သိန်း(၁၃၀)
၇။ မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း မြောက်ပိုင်း (၁၀ပေ×၅၀ပေ)၊ ပျဉ်ထောင်(၂)ထပ်ရေ+မီး သိန်း(၁၂၀)
၈။ မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း မြောက်ပိုင်း ပေ(၂၀×၆၀)၊ ထောင့်ကွက်၊ပျဉ်ထောင်မီးပါ သိန်း(၂၅၀)
၉။ မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း မြောက်ပိုင်း ပေ(၂၀×၆၀)၊ ပျဉ်ထောင် ရေ+မီး သိန်း(၃၀၀)
၁၀။ မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း မြောက်ပိုင်း ပေ(၄၀×၆၀)၊ ရေ+မီး မြေသီးသန့် သိန်း(၄၀၀)
၁၁။ မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း မြောက်ပိုင်း ပေ(၂၇×၅၇)၊ ထောင့်ကွက်၊ ပျဉ်ထောင်ရေ+မီး သိန်း(၇၀၀)
၁၂။ မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း မြောက်ပိုင်း ပေ(၆၀×၆၀)ပျဉ်ထောင်ရေ+မီး သိန်း(၇၀၀)
၁၃။ မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း မြောက်ပိုင်း ပေ(၂၅×၆၀)ပျဉ်ထောင်ရေ+မီးစလစ် သိန်း(၄၂၀)
၁၄။ မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း မြောက်ပိုင်း ပေ(၂၅×၆၀) သိန်း(၃၈၀)
၁၅။ မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း မြောက်ပိုင်း ပေ(၅၀×၅၀)ပျဉ်ထောင်(၂)မီတာ(၂)အိမ်(ဥယျာဉ်ခြံမြေ) သိန်း(၈၀၀)
၁၆။ မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း မြောက်ပိုင်း ပေ(၂၃×၆၀)ပျဉ်ထောင်(၂)မီတာ(၂) သိန်း(၃၆၀)
၁၇။ မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း မြောက်ပိုင်း ပေ(၂၂×၇၅)(မီတာပါ) သိန်း(၅၅၀)
၁၈။ မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း မြောက်ပိုင်း ပေ(၇၀×၈၀)အိမ်(၂)မီတာ(၃)၊ အဝီစိ(၃)၊ ဥယျာဉ်ခြံမြေ သိန်း(၃၅၀၀)
၁၉။ မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း မြောက်ပိုင်း ပေ(၃၀×၉၀)ပျဉ်ထောင်ရေ+မီး သိန်း(၉၀၀)
၂၀။ မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း မြောက်ပိုင်း ပေ(၅၃×၁၀၀)RC(၂)ထပ်တိုက်သစ်၊ အဆင့်မြင့်ပြင်ဆင်ပြီး 5MBR 1BR သိန်း(၆၀၀၀)
၂၁။ မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း မြောက်ပိုင်း ပေ(၄၀×၁၀၀)ပျဉ်ထောင်ရေ+မီး သိန်း(၂၀၀၀)
၂၂။ မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း မြောက်ပိုင်းကတ္တရာလမ်းမပေါ် ပေ(၉၀×၁၉၀)မြေသီးသန့် သိန်း(၁၅၀၀၀)
၂၃။ မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း မြောက်ပိုင်း ပေ(၂၀×၄၀)မြေသီးသန့် သိန်း(၂၀၀)
၂၄။ အင်းစိန်မြို့နယ်၊(၁၀)မိုင်၊ အောင်စေတီလမ်းသွယ်(၂)၊ ပေ(၅၀×၁၂၀)ပျဉ်ထောင်ရေ+မီး(ဂရန်) သိန်း(၃၅၀၀)
၂၅။ အင်းစိန်မြို့နယ်၊(၁၀)မိုင်၊ အောင်စေတီလမ်းသွယ်(၂)၊ ပေ(၄၀×၈၅)မြေသီးသန့် သိန်း(၂၅၀၀)
၂၆။ အင်းစိန်မြို့နယ်၊(၁၀)မိုင်၊ အောင်စေတီလမ်းသွယ်(၂)၊ ပေ(၄၀×၄၅)မြေသီးသန့်ခြံကာပြီး(ဂရန်) သိန်း(၂၂၀၀)
၂၇။ အင်းစိန်မြို့နယ်၊ (၁၀)မိုင်၊ လေဆိပ်လမ်းသွယ်(၁)၊ ပေ(၉၀×၅၈)နေရာကောင်းလမ်းကျယ်(ဂရန်) သိန်း(ညှိနှိုင်း)
၂၈။ အင်းစိန်မြို့နယ်၊ (၁၀)မိုင်၊ လေဆိပ်လမ်းသွယ်(၁)၊ ပေ(၁၀၀×၁၀၀)အဆောက်အအုံ(၁)လုံးပါ ဘိုးဘွားပိုင် သိန်း(၁၀၀၀၀)
၂၉။ အင်းစိန်မြို့နယ်၊ (၁၀)မိုင်၊ လေဆိပ်လမ်းမပေါ်၊ ပေ(၅၀×၁၀၀)၊ ရေ+မီးမြေသီးသန့် 3/B သိန်း(၁၀၀၀၀)
၃၀။ အင်းစိန်မြို့နယ်၊ (၁၀)မိုင်၊ လေဆိပ်လမ်းသွယ်၊ ပေ(၅၀×၆၀)RC (၂)ထပ်၊ ရေကူးကန်ပါ သိန်း(၁၅၀၀၀)
၃၁။ အင်းစိန်မြို့နယ်၊ (၁၀)မိုင်၊ လေဆိပ်လမ်းသွယ်၊ ပေ(၉၀×၉၀)IRC (ဘိုးဘွား) သိန်း(၈၀၀၀)
၃၂။ အင်းစိန်မြို့နယ်၊ (၁၀)မိုင်၊ လေဆိပ်ရိပ်သာလမ်း၊ (၇၀၀၀sqft)၊ IRC(ဂရန်) သိန်း(၇၅၀၀)
၃၃။ အင်းစိန်မြို့နယ်၊ (၁၀)မိုင်၊ လေဆိပ်ရိပ်သာလမ်း၊ ပေ(၁၂၀×၅၀)RC(၂)ထပ်(ဂရန်) သိန်း(၁၂၀၀၀)
၃၄။ အင်းစိန်မြို့နယ်၊ (၁၀)မိုင်၊ လေဆိပ်ရိပ်သာလမ်းသွယ်၊ ပေ(၅၀×၅၀)ပျဉ်ထောင်ရေ+မီး 3/Bမြေ သိန်း(၃၂၀၀)
၃၅။ မြောက်ဒဂုံ၊ ၃၄ရပ်ကွက်၊ ပင်လုံလမ်းမပေါ်၊ ထောင့်ကွက်၊ ပေ(၈၀×၆၀)ဂရန် သိန်း(၈၀၀၀)
၃၆။ အင်းစိန်မြို့နယ်၊ (၁၀)မိုင်၊ ဗိုလ်တေဇလမ်း၊ လမ်းကျယ်၊ လမ်းသန့် ပေ(၆၉×၁၃၅)RC (၂×½)ပါဝါမီတာ+ Air Con+Ph(ဂရန်) သိန်း(၁၀၀၀၀)
၃၇။ အင်းစိန်မြို့နယ်၊ ဂျပန်လမ်း၊ မြို့တော်ဂေါက်ကွင်းအနီး(30900sqft)Banglo(၃)လုံး Ph ပါ A/C ပါ မျက်ခင်းပြင်ပန်းဥယျာဉ် အလှမွေးငါးကန်(ဂရန်) သိန်း(၂၀၀၀၀)
၃၈။ အင်းစိန်မြို့နယ်၊ (၁၀)မိုင်၊ အန္တသူရိယလမ်း၊ ပေ(၆၅×၈၅)BN (၁)လုံးရေ+မီး သိန်း(၃၀၀၀)
၃၉။ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစု၊ ဂုတ်ခြံ၊ ပေ(၁၂၀×၅၀)၂ထပ် RC-ရေ+မီး၊ 3/B နေရာကောင်း သိန်း(၄၅၀၀)
၄၀။ မရမ်းကုန်းမြို့နယ်၊ စမိုင်လမ်းဆုံအနီး၊ ကမ္ဘာအေးစေတီလမ်း၊ ပေ(၁၁၆×၁၅၆)၊ အိမ်၂လုံး Ph ၂လုံး၊မီတာ ၆လုံး၊ ပါဝါ၂လုံး1sqft (၆)သိန်း
၄၁။ အင်းစိန်မြို့နယ်၊ လမ်းသစ်လမ်း၊ အာလင်ငါးဆင့်ဘုရားအနီး၊ ကတ္တရာလမ်းမပေါ် ပေ(၁၀၀×၁၀၀)၂ထပ်၊ RCနေရာကောင်း (ဂရန်) သိန်း(၂၂၀၀၀)
၄၂။ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစု၊ ပေ(၁၄၈×၁၃၈)ကတ္တရာလမ်းအနီး၊ (ဂရန်) သိန်း(၁၈၀၀၀)
၄၃။ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစု၊ ပေ(၂၀၀×၁၈၅)ရေကူးကန်ပါ၊ ဖုန်းပါ၊ မီတာ(၂)လုံး သိန်း(၅၅၀၀)
၄၄။ လေဆိပ်ရိပ်သာလမ်း ပေ(၄၀×၁၀၀)1RC(ဂရန်) သိန်း(၅၅၀၀)
၄၅။ လေဆိပ်ရိပ်သာလမ်းသွယ်(၃)၊ ပေ(၅၅×၅၀)1RC သိန်း(၄၀၀၀)
၄၆။ အင်းစိန်မြို့နယ်၊ (၁၀)မိုင်၊ ရန်ကြီးအောင်လမ်း၊ လမ်းကျယ်၊ မြေသီးသန့်၊ ပေ(၄၀×၆၀) သိန်း(၁၀၀၀)
၄၇။ အင်းစိန်မြို့နယ်၊ (၁၀)မိုင်၊ ရန်ကြီးအောင်လမ်း၊ ပေ(၃၁×၆၀)ပျဉ်ထောင် ရေ+မီး သိန်း(၇၅၀)

ဆက်သွယ်ရန်
ကိုမင်းအောင်
အိမ်ခြံမြေအကျိုးဆောင်
B.A(Geography)Certificate in Business Law
မဏ္ဍိုင်ဥပဒေအကယ်ဒမီလက်မှတ်ရ မြန်မာနိုင်ငံအိမ်ခြံမြေအဖွဲ့ဝင်
နေအိမ်နှင့်ရုံးအမှတ်-၄၅၊ ၅၅ D၊ လေဆိပ်လမ်းသွယ်(၁)
(၁၀)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၀၁၄၃၆၃၊ ၀၉-၃၁၈၁၂၃၁၇၊ ၀၁-၆၅၅၈၉၈၊ ၀၁-၆၅၅၈၀၉

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး ဒေါ်မြစိန်(သထုံ) အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ဗိုလ်တထောင်မြို့နယ်

လင်းစဒေါင်း(၃)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ်(၇)၊ခြောက်လွှာနေ(ဦးထွန်းခင်)၏ဇနီး၊ ဦးဝင်းရှိန်-ဒေါ်စန်းတင့်(သထုံ ဒေါ်စန်းထမင်းဆိုင်၊ထားဝယ်မြို့)၊(ဦးအုန်းကျော်)-ဒေါ်ခင်မေစန်း(ဒု-ညွှန်မှူး-ငြိမ်း၊ ပင်စင်ဦးစီးဌာန)၊ ဒေါ်ဝင်းဌေး(အထက-၂ ဒလ)၊ဒေါ်သိန်းသိန်းစု၊ ဒေါ်ခင်စီမာ၊(ဦးသန့်ဇင်)-ဒေါ်နွဲ့နွဲ့ရီ၊ဒေါ်ခင်ပြုံးဇင်တို့၏မွေးသမိခင်၊မြေး၁၂ယောက်၊မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၂၆-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၈-၃-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်လှမြင့်(ခ)ဒေါ်ဘုတ်ဆုံ(၈၃)နှစ်

ပခုက္ကူမြို့

မြိုင်မြို့နယ်၊ စီလောင်ကျေးရွာနေ (ဦးပွင့်-ဒေါ်လုံး)တို့၏သမီးကြီး၊အမှတ်(၅၈)၊ ကျောက်မြောင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ ဦးစံလူ၏ချစ်လှစွာသောဇနီး၊ ဦးကျော်ငြိမ်း၊ ဒေါ်သောင်းသောင်းအေးတို့၏ မွေးသမိခင်၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်လှမြင့်သည် ၂၅-၃-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင်ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃း၁၅ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအား ရည်စူး၍ ၃၁-၃-၂၀၁၄ရက်တွင် ရက်လည်ဆွမ်းကျွေးတရားနာမည် ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးဘိုဝင်း (၆၆)နှစ်

B.E(Mechanical),C.D.C(4406)

အင်ဂျင်နီယာမှူးကြီး

ရွှေဘိုမြို့၊ကန့်ဘလူမြို့နယ်၊ဇီးကုန်း၊ ထန်းတပင်နေ ကျောင်းအုပ်ဆရာကြီး ဦးဘကဲ-ဒေါ်အေးကျင်တို့၏ တစ်ဦးတည်းသောသား၊ ဒေါ်ဝင်းကြည်၊ ဒေါ်ဝင်းညို၊ ဦးခင်မောင်သန်း၊ ဒေါ်ဝင်းရီ၊ ဦးမောင်မောင်-ဒေါ်မြဝင်း၊ ဒေါ်မေမေ ဝင်း၊ဦးကျော်ရွှေ၊ ဒေါ်စိန်စိန်ဝင်း၊ ဒေါ်ခင်မာဝင်း၊ ဒေါ်ခင်မူဝင်း၊ ဒေါ်ခင်ကြည် တို့၏ အစ်ကို/မောင် ဦးဘိုဝင်းသည် ၂၅-၃-၂၀၁၄ ရက် ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၄ ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး ဒေါ်မြမြသန်း (၇၈)နှစ်

@ Patricia B.A Ed,B.Ed

အထက်တန်းပြ(ငြိမ်း)အထက(၁) အလုံမြို့နယ်

အမ္ဗာရာမဆရာတော်ဦးနန္ဒ၏ရဟန်းမယ်တော် ဥက္ကဋ္ဌ၊ အမ္ဗာရာမယောဂီအဖွဲ့

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၆၁)နေ (ဦးစံပေါ်-ဒေါ်စံဝင်း)တို့၏သမီး၊ (ဦးအောင်မြင့်)-ဒေါ်တင်ရီ၊ (ဦးကျော်ထွန်း)-ဒေါ်သန်းရီ၊ ဦးကံအေး-ဒေါ်ခင်ခင်၊ (Dr. မြင့်သိန်း-ဒေါ်ခင်ခင်ဦး)၊ ဦးကျော်ထင်-ဒေါ်သန်းသန်းနုတို့၏ညီမ၊ Dr.ဦးစံသာဟန်-ဒေါ်အေးအေးမြင့်တို့၏အစ်မ၊ တူ/တူမ ၂၇ ယောက်တို့၏ချစ်လှစွာသောအဒေါ်၊ မြေး၃၅ ယောက်တို့၏အဘွားသည် ၂၆-၃-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁း၂၅နာရီ တွင်ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၄ ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁-၄-၂၀၁၄(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး ဦးအောင်ဝင်း အသက်(၆၀)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ် ကွက်၊ ရတနာလမ်း၊ အမှတ်-၆(A)နေ (ဦးလှရွှေ-ဒေါ်သောင်းကြည်)တို့၏သား၊ ဒေါ်သန်းလှ၏ချစ်လှစွာသော ခင်ပွန်း၊ ဦးစိုင်းနော်စိုင်း-ဒေါ်ရွှေရည်လဲ့ဝင်း၊ ဦးပြည့်ဖြိုးအောင်-ဒေါ်နွယ်နီလှိုင်၊ ဦးအောင်ကျော်စိုး-ဒေါ်ချိုသဲအောင်၊ ကိုကောင်းခန့်ဝင်းတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၄-၃-၂၀၁၄ (တနင်္လာနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၄ ရက် ညနေ ၅ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း

၁၇-၃-၂၀၁၄(တနင်္လာနေ့)တွင် ဘဝတစ်ပါးသို့ပြောင်းရွှေ့ကွယ်လွန်သွားသော ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်တင်(ခ)ဒေါ်မတင် အသက်(၈၉)နှစ် (ယဉ်မွန်ရတနာ၊ ဗိုလ်ချုပ်ဈေး)၏ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လိုက်ပါပို့ဆောင်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ဝမ်းနည်းကြောင်းကိုလူကိုယ်တိုင်သော်လည်းကောင်း၊ သတင်းစာ၊ အီးမေးလ်၊ တယ်လီဖုန်းများဖြင့် အားပေးနှစ်သိမ့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများနှင့် သက်နံအစရှိသောလှူဖွယ်ပစ္စည်းအမျိုးမျိုးတို့ဖြင့် ကူညီပေးကြသောဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

[illegible]

B.E (Mech) (1984-1993) [illegible]

1984-1993 [illegible]

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာညွှန့်ညွှန့်အေး(ခ)နိုးနိုး အသက်(၄၄)နှစ်

(စလင်း၊ မကွေး)

ကထိကဌာနမှူး၊ ဥပဒေပညာဌာန၊ ပင်လုံတက္ကသိုလ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ်(၇၂)၆လွှာ(A)နေ ဦးသန်းရှိန်(ပညာရေးမှူး-ငြိမ်း)-ဒေါ်ခင်နုနုဝေတို့၏သမီး ဒေါက်တာကိုကိုဦး(UN)-ဒေါ်နန်းဆိုင်ဟွမ်(AZG)၊ ဒေါ်ချိုချိုဖူး(ရိုးမဘဏ်လမ်းမတော်ဘဏ်ခွဲ)၊ ဦးညီညီဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ ဟိုတယ်-ခရီး)-ဒေါ်ချစ်ချစ်သက်၊ ဒေါ်လွင်လွင်ဌေး (မြို့နယ်တရားသူကြီး-ဟိုပုံး)၊ ဦးနိုင်ဝင်းကို(Multigate Co.,Ltd)-ဒေါ်သက်သက်အေး(အထက-၃၊ စမ်းချောင်း)၊ ဒေါ်ခင်သီတာရှိန်(စာရင်းစစ်မှူး၊ ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး)တို့၏ညီမ၊ ဦးနောင်ဆန်းလင်း(Kansai Electric Power Co,.ltd)-ဒေါ်ခိုင်မြတ်သူ၊ ဒေါ်ဖြူဖြူရှိန်(မပို့) (REM Co.,Ltd)တို့၏အစ်မ၊ တူ၊ တူမခြောက်ယောက်တို့၏အဒေါ်သည် ၁၉-၃-၂၀၁၄ (ဗုဒ္ဓဟူးနေ့)ည ၉း၂၀နာရီတွင် လှိုင်လင်ပြည်သူ့ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ညီမလေး ကောင်းမွန်ရာ ဘုံဘဝသို့ရောက်ရှိပါစေ။

ကိုကျော်ကျော်ဦး-သန္တာမြင့်(မန္တလေး)
ကိုဌေးဦး-နိုင်နိုင်မော်(မန္တလေး)
ကိုမြတ်သူ-ဝင်းဝင်းအေး(တောင်ကြီး)
ကိုသုတ-သီတာလွင်(မော်လမြိုင်)

ဝမ်းနည်းကြေကွဲခြင်း

ဦးသန်းဖေ(မာန်အောင်)

B.E (Mechanical) (65-71 Intake R.I.T)

အသက်(၇၁)နှစ်

သူငယ်ချင်းဦးသန်းဖေသည် ၂၁-၃-၂၀၁၄(သောကြာနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၆၄နှင့်၁၉၆၅)
ပထမနှစ်ကျောင်းသား၊ ကျောင်းသူဟောင်းသူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးထွန်းဦး အသက်(၅၅)နှစ်

ညီညီဦးစားတော်ဆက်မိသားစု၊ ကျိုက်ထီးရိုး
ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်လုပ်ငန်းကော်မတီဝင်

မိသားစုနှင့် ညီအစ်ကိုမောင်နှမများအပေါ် တာဝန်ကျေပွန်စွာ လိုအပ်သမျှဖြည့်ဆည်းပေးခဲ့သည့် အစ်ကိုကြီး ဦးထွန်းဦး ၂၁-၃-၂၀၁၄ရက်တွင် ရုတ်တရက် မိသားစုနှင့်ခွဲခွာသွားသည့်အတွက် မိသားစုမှ ရင်နှင့်အမျှခံစားနေရပါတယ်၊ မိသားစုပြုပြုသမျှ အလှူဒါနကုသိုလ်များကို ရရှိစေဖို့ အမျှပေးဝေပါတယ်၊ အစ်ကိုကြီး ဦးထွန်းဦး ရောက်ရာဘုံဘဝမှ သာဓုခေါ်စေသောဝ်။

ညီမ ဦးမြင့်ဆွေ-ဒေါ်သန်းသန်းဝေမိသားစု
ထီဆိုင်လုပ်ငန်း၊ ကျိုက်ထီးရိုးရင်ပြင်

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးထွန်းဦး (၅၅)နှစ်

ညီညီဦးစားတော်ဆက်မိသားစု၊ ကျိုက်ထီးရိုး
ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်လုပ်ငန်းကော်မတီဝင်

မိသားစုနှင့် ညီအစ်ကိုမောင်နှမများအပေါ် တာဝန်ကျေပွန်စွာ လိုအပ်သမျှဖြည့်ဆည်းပေးခဲ့သည့် အစ်ကိုကြီး ဦးထွန်းဦး ၂၁-၃-၂၀၁၄ရက်တွင် ရုတ်တရက် မိသားစုနှင့်ခွဲခွာသွားသည့်အတွက် မိသားစုမှ ရင်နှင့်အမျှခံစားနေရပါတယ်၊ မိသားစုပြုပြုသမျှ အလှူဒါနကုသိုလ်များကို ရရှိစေဖို့ အမျှပေးဝေပါတယ်၊ အစ်ကိုကြီး ဦးထွန်းဦး ရောက်ရာဘုံဘဝမှ သာဓုခေါ်စေသောဝ်။

ညီ ဦးညီညီဦး-ဒေါ်တင်တင်လှ မိသားစု
ညီညီဦးဓာတ်ပုံလုပ်ငန်း၊ ကျိုက်ထီးရိုးရင်ပြင်

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးထွန်းဦး (၅၅)နှစ်

ညီညီဦးစားတော်ဆက်မိသားစု၊ ကျိုက်ထီးရိုး
ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်လုပ်ငန်းကော်မတီဝင်

မိသားစုနှင့် ညီအစ်ကိုမောင်နှမများအပေါ် တာဝန်ကျေပွန်စွာ လိုအပ်သမျှဖြည့်ဆည်းပေးခဲ့သည့် အစ်ကိုကြီး ဦးထွန်းဦး ၂၁-၃-၂၀၁၄ရက်တွင် ရုတ်တရက် မိသားစုနှင့်ခွဲခွာသွားသည့်အတွက် မိသားစုမှ ရင်နှင့်အမျှခံစားနေရပါတယ်၊ မိသားစုပြုပြုသမျှ အလှူဒါနကုသိုလ်များကို ရရှိစေဖို့ အမျှပေးဝေပါတယ်၊ အစ်ကိုကြီး ဦးထွန်းဦး ရောက်ရာဘုံဘဝမှ သာဓုခေါ်စေသောဝ်။

ညီမ ဦးတိုးမောင်-ဒေါ်တင်တင်ခိုင် မိသားစု
တောင်ပိုင်းရပ်၊ ကျိုက်ထိုမြို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးထွန်းဦး (၅၅)နှစ်

ညီညီဦးစားတော်ဆက်မိသားစု၊ ကျိုက်ထီးရိုး
ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်လုပ်ငန်းကော်မတီဝင်

မိသားစုနှင့် ညီအစ်ကိုမောင်နှမများအပေါ် တာဝန်ကျေပွန်စွာ လိုအပ်သမျှဖြည့်ဆည်းပေးခဲ့သည့် အစ်ကိုကြီး ဦးထွန်းဦး ၂၁-၃-၂၀၁၄ရက်တွင် ရုတ်တရက် မိသားစုနှင့်ခွဲခွာသွားသည့်အတွက် မိသားစုမှ ရင်နှင့်အမျှခံစားနေရပါတယ်၊ မိသားစုပြုပြုသမျှ အလှူဒါနကုသိုလ်များကို ရရှိစေဖို့ အမျှပေးဝေပါတယ်၊ အစ်ကိုကြီး ဦးထွန်းဦး ရောက်ရာဘုံဘဝမှ သာဓုခေါ်စေသောဝ်။

ညီလေး ဦးဝင်းနိုင်ဦး-ဒေါ်မြမြစိုး မိသားစု
မြတ်စတိုး၊ တောင်ပိုင်းရပ်ကွက်
ကျိုက်ထို

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးထွန်းဦး အသက်(၅၅)နှစ်

ညီညီဦးစားတော်ဆက်မိသားစု၊ ကျိုက်ထီးရိုး
ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်လုပ်ငန်းကော်မတီဝင်

မိသားစုနှင့် ညီအစ်ကိုမောင်နှမများအပေါ် တာဝန်ကျေပွန်စွာ လိုအပ်သမျှဖြည့်ဆည်းပေးခဲ့သည့် အစ်ကိုကြီး ဦးထွန်းဦး ၂၁-၃-၂၀၁၄ရက်တွင် ရုတ်တရက် မိသားစုနှင့်ခွဲခွာသွားသည့်အတွက် မိသားစုမှ ရင်နှင့်အမျှခံစားနေရပါတယ်၊ မိသားစုပြုပြုသမျှ အလှူဒါနကုသိုလ်များကို ရရှိစေဖို့ အမျှပေးဝေပါတယ်၊ အစ်ကိုကြီး ဦးထွန်းဦး ရောက်ရာဘုံဘဝမှ သာဓုခေါ်စေသောဝ်။

ညီမ ဦးစိုးနိုင်-ဒေါ်တင့်တင့်ဝေ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးထွန်းဦး အသက်(၅၅)နှစ်

ညီညီဦးစားတော်ဆက်မိသားစု၊ ကျိုက်ထီးရိုး
ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်လုပ်ငန်းကော်မတီဝင်

မိသားစုနှင့် ညီအစ်ကိုမောင်နှမများအပေါ် တာဝန်ကျေပွန်စွာ လိုအပ်သမျှဖြည့်ဆည်းပေးခဲ့သည့် အစ်ကိုကြီး ဦးထွန်းဦး ၂၁-၃-၂၀၁၄ရက်တွင် ရုတ်တရက် မိသားစုနှင့်ခွဲခွာသွားသည့်အတွက် မိသားစုမှ ရင်နှင့်အမျှခံစားနေရပါတယ်၊ မိသားစုပြုပြုသမျှ အလှူဒါနကုသိုလ်များကို ရရှိစေဖို့ အမျှပေးဝေပါတယ်၊ အစ်ကိုကြီး ဦးထွန်းဦး ရောက်ရာဘုံဘဝမှ သာဓုခေါ်စေသောဝ်။

အစ်မ (ဦးအောင်စိုး)-ဒေါ်လှလှဝေ မိသားစု
ကော့ခံနိုင်ရပ်ကွက်၊ ကျိုက်ထို

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်မိုရင်း(ခ)ဒေါ်ခင်သန္တာ အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ အေးရိပ်ငြိမ်လမ်း၊ အမှတ်(၄၈၂)နေ (ဦးဂျော်ဂျီဒရိုက်ကင်း)-ဒေါ်မော်လီတို့၏သမီး၊ (ဦးကျော်မြ-ဒေါ်ခင်ရီ)တို့၏သမီးချွေးမ၊ ဦးကိုကိုလေး(အထွေထွေမန်နေဂျာ၊ ဒိုင်းမွန်းမာကျူရီကုမ္ပဏီလီမိတက်)၏ဇနီး၊ (ဦးပက်ထရစ်)၊ ဒေါ်တင်ရွှေ၊ ဦးသက်နိုင်-ဒေါ်မြမြဝင်း (Vallery)၊ (ဦးဇော်လင်း)-ဒေါ်ခင်ဌေးတို့၏ညီမ၊ ကိုညီညီလွင်-မကြည်ပြာခင်လေး (မြန်မာနိုင်ငံသားများဘဏ်)၊ ကိုစောဂျူဒ်(ကမ္ဘောဇဘဏ်)-မသီပြာခင်လေး(ဒိုင်းမွန်းမာကျူရီကုမ္ပဏီလီမိတက်)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင်၊ မောင်ညဏ်ထက်လင်း၏အဘွား ဒေါ်မိုရင်း(ခ)ဒေါ်ခင်သန္တာ အသက်(၆၁)နှစ် သည် ၂၆-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၅း၅၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၈-၃-၂၀၁၄(သောကြာနေ့) နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးဥယျာဉ်တော်တွင် ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအုံ့ကြည်(ဟသ်ာတ) အသက်(၈၀)

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)ရွှေ့နေချုပ်ရုံး

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၁၄အေ၊ ရွှေပင်လုံအိမ်ရာနေ (ဦးကြီးရား-ဒေါ်ငြိမ်းရင်)တို့၏သား၊ ဆရာကြီး) ဦးခို-ဒေါ်ငွေစိန်)တို့၏သားသမက်၊ ဒေါ်တင်တင်ဝင်း(မန်နေဂျာ-ငြိမ်း၊ စား/ဖျော်)၏ခင်ပွန်း၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ပရိယတ္တိသာသနပါလအသင်း၏ဒုတိယဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သော ဦးအုံ့ကြည်သည် ၂၀-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။ **ပရိယတ္တိသာသနပါလအသင်း**

ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

ဦးစီ(တောင်ငူ) အသက်(၉၄)နှစ်

တောင်ငူမြို့၊ (၁၆/၂၁၁)၊ (၁)လမ်းနေ ဒေါ်မြအေး၏ခင်ပွန်း၊ ဒေါ်ခင်လှ-(ဦးတင်မြင့်)၊ ဒေါက်တာဒေါ်လှဝင်း-ဒေါက်တာဦးအောင်လင်းဦး၊ ဒေါက်တာဦးထွန်းဦး-ဒေါက်တာဒေါ်နုနုအောင်၊ ဒေါ်ခင်မြင့်-Charles Calhour (USA)၊ ဒေါ်လှလှ(USA)၊ ဦးစိန်ဝင်း-ဒေါ်မိုးမိုးမြင့်၊ ဒေါ်သန်းသန်းခိုင်၊ ဦးကျော်သန်း-ဒေါ်မော်မော်လွင်၊ ဦးမင်းသူတို့၏ဖခင်၊ မြေး(၁၁)ယောက်တို့၏အဘိုး၊ ဦးစီသည် ၂၁-၃-၂၀၁၄(သောကြာနေ့) နံနက် ၁း၃၇နာရီတွင် တောင်ငူကေတုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

MEGA LIFESCIENCES I

(၃)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ရဲမှူးကြီးတင်မောင်ဌေး(ငြိမ်း)

D.S.A-17

၂၈-၃-၂၀၁၁-၂၈-၃-၂၀၁၄

မောင်

ချစ်ဇနီးနဲ့ချစ်သမီးကို မမျှော်လင့်ဘဲ ခွဲခွာသွားခဲ့တာ (၃)နှစ်ပြည့်ခဲ့ပြီ။ သင်္ခါရသဘောအရ ခွဲခွာခဲ့ရပေမယ့်လည်း တစ်နေ့မှ မမေ့နိုင်ဘဲ အချိန်တိုင်းသတိရနေဆဲပါ။ လတိုင်းနှစ်တိုင်း မောင့်အတွက် ကောင်းမှုကုသိုလ်အလှူဒါန ပြုလုပ်ပေးခဲ့ပါတယ်။ မောင်ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ-

မောင်ရေ အမျှ အမျှ အမျှ

ဖေဖေရေ အမျှ အမျှ အမျှ

ချစ်ဇနီး-ဒေါ်တင်ရွှေ
ချစ်သမီး-ခိုင်တင်ဇာဌေး

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးထွန်းဦး (၅၅)နှစ်

ညီညီဦးစားတော်ဆက်မိသားစု၊ ကျိုက်ထီးရိုး
ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်လုပ်ငန်းကော်မတီဝင်

မိသားစုနှင့် ညီအစ်ကိုမောင်နှမများအပေါ် တာဝန်ကျေပွန်စွာ လိုအပ်သမျှဖြည့်ဆည်းပေးခဲ့သည့် အစ်ကိုကြီး ဦးထွန်းဦး ၂၁-၃-၂၀၁၄ရက်တွင် ရုတ်တရက် မိသားစုနှင့်ခွဲခွာသွားသည့်အတွက် မိသားစုမှ ရင်နှင့်အမျှခံစားနေရပါတယ်၊ မိသားစုပြုပြုသမျှ အလှူဒါနကုသိုလ်များကို ရရှိစေဖို့ အမျှပေးဝေပါတယ်၊ အစ်ကိုကြီး ဦးထွန်းဦး ရောက်ရာဘုံဘဝမှ သာဓုခေါ်စေသောဝ်။

မိခင်ကြီး ဒေါ်တင်ကြည်
ညီမ ဒေါ်အေးအေးခိုင်
ညီညီဦးစားတော်ဆက်မိသားစု

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးလင်းထွန်း [၁၂/ကတန(နိုင်) ၀၈၉၉၉၀] ၏ pass port (ဗီဇာ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၉၂၇၄၇၂၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၄၉)၊ မြေကွက်အမှတ်(၅၈၄)၊ မြေကွက်တည်နေရာအမှတ်(၅၈၄)၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ဦးကြည်အေး(NPW-၀၆၁၈၇၄)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကြည်အေး ကွယ်လွန်သဖြင့် ဒေါ်ကျင်မြိုင်(NPW-၀၆၁၈၇၀)က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၁၆၁၄/၁၃(၁-၁၁-၂၀၁၃)ဖြင့် ကိုယ်စားလှယ်ရရှိသူ ဦးကျော်ဆန်းဦး[၁၂/အစန(နိုင်)၀၇၆၆၂၅]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် အရောင်းအဝယ်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

